# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

**၁၃၈၇ ခုနှစ် ၊ ဝါဆိုလပြည့်ကျော် (၃)ရက် ၊ စနေနေ့ ၊ (12-7-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၇၃)**


**ဒို့တာဝန်အရေးသုံးပါး**

- ❖ **ပြည်ထောင်စုမပြိုကွဲရေး။**
- ❖ **တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။**
- ❖ **အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**အပူပိုင်းဒေသ ၁၃ ခရိုင်အတွင်း ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်များ ကျင်းပပြုလုပ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ တမာပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့်ပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇူလိုင် ၁၁**

မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ၊ မိုးခေါင်ရေရှားမှုနှင့် ပြင်းထန်သည့် အပူချိန်မြင့်တက်မှုများကို အဓိကရင်ဆိုင်ကြုံတွေ့နေရသည့် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသများဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့သည် မိုးနည်းသည့်ဒေသများဖြစ်ပြီး အပူဒဏ်ကို အများဆုံးထိတွေ့ခံစားရသည့်ဒေသများဖြစ်သည်။ သို့ဖြစ်ပါ၍ ရာသီဥတုပြောင်းလဲမှုနှင့် မိုးခေါင်ရေရှားမှုတို့ကို သဘာဝအခြေပြုဖြေရှင်းနည်းဖြစ်သည့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သဘာဝတောများထိန်းသိမ်းခြင်း၊ လေကာတန်းများစိုက်ပျိုးခြင်း၊ ရေရှည်တည်တံ့သော စိုက်ပျိုးနည်းစနစ်များကျင့်သုံးခြင်း၊ ရေအရင်းအမြစ်များစနစ်တကျစီမံခြင်း စသည့် နည်းလမ်းများဖြင့်

**စာမျက်နှာ ၁၆ ကော်လံ ၁** ⚐

ရတနာပုံ
၂၀၂၅ ခုနှစ် ဇူလိုင် ၁၂ ရက်

**အယ်ဒီတာ့အာဘော်**

# စိမ်းလန်းသောကမ္ဘာကြီးကို မျိုးဆက်သစ်များဆီသို့ လက်ဆင့်ကမ်းနိုင်စေရေး

ကမ္ဘာမြေပေါ်တွင် သစ်တောသစ်ပင်များ ပြုန်းတီးလာခြင်းသည် ရာသီဥတုဖောက်ပြန်မှုကို ဖြစ်စေသောအဓိက အကြောင်းရင်းတစ်ရပ်ပင်ဖြစ်သည်။ ဥတုရာသီ တောကိုမှီ၏ ဆိုသည့်အတိုင်း ရာသီဥတု ဖောက်ပြန်မှုကို ဟန့်တားရာတွင် သစ်တောသစ်ပင်များသည် အဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိပေသည်။

သစ်ပင်သစ်တောများသည် ကမ္ဘာမြေပေါ်ရှိ သက်ရှိများရှင်သန်ရပ်တည်ရေးအတွက် အလွန်အရေးပါလှပြီး သစ်ပင်သစ်တောများသည် လူသားများအပါအဝင် သက်ရှိများအသက်ရှင်သန်ရေးအတွက် အဓိကလိုအပ်သည့် အောက်ဆီဂျင်ကို ထုတ်လွှတ်ပေးရုံမျှမက ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို လေထုအတွင်းမှ စုပ်ယူဖယ်ရှားပေးနိုင်သည်။ ထို့ကြောင့် သစ်ပင်သစ်တောများသည် ရာသီဥတုမျှတရေး၊ သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေး၊ ရေနှင့်မြေဆီလွှာ ထိန်းသိမ်းရေး စသည့်ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ညီညွတ်မျှတရေးကို စဉ်ဆက်မပြတ် ပံ့ပိုးပေးနေသော အဖိုးတန်ရတနာများပင် ဖြစ်ပေသည်။

ယနေ့ခေတ်တွင် စက်မှုကဏ္ဍ တိုးတက်ထွန်းကားမှုနှင့်အတူ တိုးပွားလာသော လူဦးရေကြောင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများတိုးတက်လာခဲ့ရသည်။ ထိုအခါ တိုးပွားလာသော လူဦးရေအတွက် လိုအပ်ချက်များဖြစ်သော အစားအစာ၊ သောက်သုံးရေနှင့် နေထိုင်မှုလိုအင်များကို ဖြည့်ဆည်းနိုင်ရေးအတွက် မြေလွတ်မြေရိုင်းများကို ဖော်ထုတ်ကြရသည်။ ထိုသို့ ဖော်ထုတ်ရာတွင် ဂေဟစနစ်ဟန်ချက်ညီအောင် ထိန်းညှိပေးနေသော သစ်ပင်၊ သစ်တောများကို ပြန်လည်စိုက်ပျိုးထူထောင်မှုမရှိဘဲ အလွန်အမင်းခုတ်ထွင်ခြင်း၊ သစ်တောမြေများကို လွဲမှားစွာ အသုံးချခဲ့မှုများကြောင့် သစ်တောပြုန်းတီးမှုများ ဖြစ်လာရသည်။ သစ်ပင်များ စည်းကမ်းမဲ့ အလွန်အကျွံခုတ်လှဲမှုများကြောင့် ကမ္ဘာကြီးပူနွေးလာမှု၊ မိုးခေါင်ရေရှားမှု၊ အစာရေစာငတ်မွတ်ခေါင်းပါးမှုစသည်တို့နှင့် ရင်ဆိုင်လာကြရသည်။

ထို့ကြောင့် လူသားတိုင်းက မိမိတို့နေထိုင်ရာ ကမ္ဘာကြီး၏ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှအထောက်အကူဖြစ်စေရန်၊ လူသားများနှင့်အတူ မျှဝေနေထိုင်သော သတ္တဝါများ၏ ဂေဟစနစ်မှန်ကန်စေရန်အတွက် သဘာဝသစ်တော၊ သစ်ပင်များကို ထိန်းသိမ်းသွားကြရမည်ဖြစ်ပါသည်။

သစ်တောများသည် ဂေဟစနစ်များကို ထိန်းညှိဆောင်ရွက်ပေးလျက်ရှိသည့်အပြင် နိုင်ငံစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော သစ်ပင်သစ်တောများသည် သစ်၊ ထင်း၊ ဝါး၊ ကြိမ်၊ အစားအစာ၊ ဆေးဝါးစသည့် သစ်တောထွက်ပစ္စည်းအမျိုးမျိုးနှင့် အစားအစာကဲ့သို့ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိပါသောကြောင့် သစ်ပင်သစ်တောများကို စိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် ရေ၊ မြေ၊ ရာသီဥတုကောင်းမွန်မျှတသာယာပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍအသီးသီးအတွက် ကုန်ကြမ်းပစ္စည်းများ၊ သွင်းအားစုများနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုအကျိုးကျေးဇူးများစွာရရှိနိုင်မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ လူသားအားလုံးသည် သစ်ပင်သစ်တောများ၏ စစ်မှန်သည့် တန်ဖိုးကိုသိရှိနားလည်ပြီး မိမိနေထိုင်ရာဝန်းကျင်၊ ရပ်ရွာ၊ ဒေသများ၏ သစ်ပင်စိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်လာခြင်းဖြင့် စိမ်းစိုလန်းဆန်းသာယာသောကမ္ဘာမြေကြီးကို အနာဂတ်မျိုးဆက်သစ်လူငယ်လူရွယ်များဆီသို့ လက်ဆင့်ကမ်းအမွေကောင်းပေးနိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနှမ်း ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ချောင်းဦး ဇူလိုင် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနှမ်း ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၁၆၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောနှမ်းစိုက်ခင်းများကို ယခုနှစ် မေလ ပထမပတ်ကစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၈၉ တင်း ထွက်ရှိကြောင်း သိရသည်။

" ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ နှမ်း ၂၁၆၅ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နှမ်းခင်းတွေ အခုလက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ နှမ်းဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ယခုနှစ် ချောင်းဦးမြို့နယ်တွင် နှမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို တင်ပို့ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။ (၂၀၆)

# မအူပင်မြို့နယ်တွင် ခရမ်းသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**မအူပင် ဇူလိုင် ၁၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ဒေသထွက်ခရမ်းသီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မအူပင်မြို့နယ်မှ ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြင့်က ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်၌ ယခုကာလတွင် ဒေသထွက်ခရမ်းသီးများ လှိုင်လှိုင်ထွက်ရှိနေပြီး ယခုနှစ် ဇူလိုင်လ ပထမပတ်မှစတင်၍ ယနေ့ထိ ခရမ်းသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသထွက်ခရမ်းသီးများ တစ်ရက်လျှင် အလုံးရေ ၄၀၀၀၀ မှ ၅၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"မအူပင်မြို့နယ်ကနေ ထွက်ရှိတဲ့ ခရမ်းသီးတွေကို အခြားဒေသကုန်စိမ်းဈေးကွက်က ဝယ်လက်တွေကပါ အဝယ်လိုက်နေပါတယ်။ မအူပင်မြို့နယ်ကနေ အခြားဒေသတွေကို ခရမ်းသီးအလုံးရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနေရပါတယ်။ ဒေသထွက် ခရမ်းသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းသလို အထွက်နှုန်းလဲကောင်းနေပါတယ်။ လက်ရှိ ခရမ်းအဝိုင်းသီးကော၊ အရှည်သီးကော အမျိုးအစား နှစ်မျိုးစလုံး အရောင်းအဝယ် ကောင်းမွန်နေပါတယ် "ဟု မအူပင်မြို့နယ်မှ ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြင့်က ပြောပြသည်။

မအူပင်မြို့နယ်မှ ထွက်ရှိသည့် ခရမ်းသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၃၀၀၀ ထိဈေးပေါက်နေကြောင်း၊ အဆိုပါဒေသထွက် ခရမ်းသီးများ အပါအဝင် အခြား ကုန်စိမ်းသီးနှံများကို ကျောင်းကုန်းဈေးကွက်အပြင် အခြားဒေသများသို့လည်း တင်ပို့ ရောင်းချလျက်ရှိကြောင်း ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြင့်ထံမှ သိရသည်။

**ကျော်ကျော်လင်း**



# ညောင်ရွှေမြို့နယ် နန်းသဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ညောင်ရွှေ ဇူလိုင် ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နန်းသဲကျေးရွာအုပ်စု နန်းသဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက နန်းသဲကျေးရွာတွင် မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၄ ဒသမ ၃၅ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးခဲ့ပြီး ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နန်းသဲကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူရှစ်ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၉ ဦးနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူ ၁၁၇ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၅ ဦးကို မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၄ ဒသမ ၃၅ သန်း ထုတ်ချေးပေးထားကြောင်း ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂။
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မင်းဘူးမြို့နယ် တောင်မန်းကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မင်းဘူး ဇူလိုင် ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်မန်းကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက တောင်မန်းကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ဖြင့် ဆောင်ရွက်ထားသော အစုအဖွဲ့ နွားမွေးမြူရေးလုပ်ငန်း၊ ဆိတ်မွေးမြူရေးလုပ်ငန်းနှင့် ငွေစာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက လုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တောင်မန်းကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ကို အစုအဖွဲ့ဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆောင်ရွက်သည့် နွားမွေးမြူသည့် ရောင်နီဦး၊ အလင်းရောင်၊ ခရေ၊ စန်းသော်တာ အဖွဲ့လေးဖွဲ့နှင့် ဆိတ်မွေးမြူသည့် မိဘမေတ္တာအဖွဲ့ စုစုပေါင်း အစုအဖွဲ့ငါးဖွဲ့မှ စီမံကိန်းပံ့ပိုး ရန်ပုံငွေကျပ် သိန်း ၃၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၁၀၀ စုစုပေါင်း ငွေကျပ်သိန်း ၄၀၀ ကို တစ်ဖွဲ့လျှင် ငွေကျပ်သိန်း ၈၀ စီဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက ပြောပြ၍ သိရသည်။

**ဇင်မာ**

# ဝါးခယ်မမြို့နယ် ကျုံတုံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝါးခယ်မ ဇူလိုင် ၁၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျုံတုံးကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောင်းမြခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်သူကိုကို၊ ဝါးခယ်မမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဇော်ထက်နှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျုံတုံးကျေးရွာ မြစိမ်းရောင် စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ စီမံကိန်းဆိုင်ရာငွေစာရင်းပုံစံများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၄၉၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

**အိပိုးပိုး**

# အရာတော်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် နှမ်းကေအားလုံး ရိတ်သိမ်းပြီးစီး



**မုံရွာ ဇူလိုင် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် နွေနှမ်း ၂၀၇၈ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၀၇၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် မေလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ နှမ်း ၂၀၇၈ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နွေနှမ်းခင်းတွေ အခုလက်ရှိ ဧကအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်နဲ့စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများစိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။

GAPနည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်တောင်သူများအနေဖြင့်လည်း အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏ လူမှုစီးပွားဘဝများကိုပါ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုပါ ပြည်ပသို့ ပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် နှမ်းကို ဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

**(၂၀၆)**

# အုတ်ဖိုမြို့နယ် ကျက်ဆူတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်ဖို ဇူလိုင် ၁၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျက်ဆူတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို ရှင်းလင်း ပြောကြားပြီးနောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျက်ဆူတောကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၃၄ ဦးကို ရန်ပုံငွေကျပ် ၆၅ ဒသမ ၂၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဖီးကြမ်းငှက်ပျော အဖီးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် ဇူလိုင် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဖီးကြမ်းငှက်ပျောအဖီးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ငှက်ပျောရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ဖီးကြမ်းငှက်ပျော အဖီးရေ ၄၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇွန်လအတွင်း ဖီးကြမ်းငှက်ပျော အဖီးရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်

"ပြီးခဲ့တဲ့ဇွန်လအတွင်း ဖီးကြမ်းငှက်ပျောတွေ ရန်ကုန်ဘက် တင်ပို့အားကောင်းခဲ့ပါတယ်။ ဒေသထွက်သီးနှံတွေကို ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချခဲ့တာပါ။ လက်ရှိ ငှက်ပျောတွေ အရည်အသွေးကောင်းကာ လတ်ဆတ်တဲ့အတွက် ပြည်တွင်းမှာကို ဝယ်လိုအားများနေပါတယ်။ ပန်းတနော်မြို့နယ်က ထွက်ရှိတဲ့ ဒေသထွက်ဖီးကြမ်းငှက်ပျောတွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကိုပါ တင်ပို့ရောင်းချနေပါတယ်"ဟု ပန်းတနော်မြို့နယ် ငှက်ပျောရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ဖီးကြမ်းငှက်ပျော အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၄၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

အဆိုပါပန်းတနော်မြို့နယ်မှ ထွက်ရှိသည့် ဒေသထွက်ဖီးကြမ်းငှက်ပျောများ အရောင်းအဝယ် ကောင်းမွန်လာသည့်အတွက် ငှက်ပျောရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ငှက်ပျောစိုက်တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ အလုပ်အကိုင် အခွင့်အလမ်းများရရှိလျက်ရှိကြောင်း ပန်းတနော်မြို့နယ် ငှက်ပျောရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ဆေးဖက်ဝင်နာနတ်သီးအကြောင်း သိကောင်းစရာများ

ဒေါက်တာလပြည့်ခင်



**❖နာနတ်သီးတွင် ဗီတာမင်နှင့် သတ္တုဓာတ်များအပြင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပါဝင်သဖြင့် အဆိုပါဓာတ်ပစ္စည်းများသည် ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ဖိစီးမှု၊ ကျန်းမာရေးနှင့်မညီညွတ်သော စားသောက်မှုပုံစံတို့ကြောင့် ဖြစ်ပေါ်လာသည့် Free Radical ဟုခေါ်သည့် ဓာတ်ပစ္စည်းများကို ဓာတ်ပြယ်အောင် စွမ်းဆောင်ပေးသည့်အပြင် ဘရိုမီလိန်းဓာတ်အများအပြားပါဝင်မှုကြောင့် နာတာရှည်ရောဂါပေါင်းစုံ၏ လက်သည်တစ်မျိုးဖြစ်သည့် ရောင်ရမ်းမှုကိုကျစေခြင်း၊ အစာခြေဖျက်မှုကောင်းစေခြင်း၊ ကိုယ်ခံစွမ်းအားမြှင့်စေခြင်း စသည့်ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးများ ရရှိစေပါသည်။ ❖**

နာနတ်သီး (Pineapple)သည် အာဟာရဓာတ်များစွာပါဝင်ပြီး အရသာကောင်းမွန်သည့်အပြင် အလှပရေးရာအတွက်လည်း အကျိုးကျေးဇူးများစွာရှိသော အသီးတစ်မျိုးဖြစ်သည်။ နာနတ်သီး၏ အချဉ်ဓာတ်အရသာကြောင့် ခံတွင်းပျက်နေသူများကို အစာစားချင်စိတ်ဖြစ်စေပြီး ခံတွင်းရှင်းစေသည့်အပြင် အစားအစာတွင် ထည့်ချက်လျှင်လည်း မွှေးရနံ့သင်းပျံ့စေသည်။ နာနတ်သီးတွင် ဗီတာမင်နှင့် သတ္တုဓာတ်အများအပြားပါဝင်ပြီး နွေရာသီတွင် စားသုံးလျှင် ရင်အေး၍ ကျန်းမာစေနိုင်သည်။

နာနတ်သီး၏ အင်္ဂလိပ်အမည်မှာ Pineapple ဖြစ်ပြီး မျိုးရင်း Bromeliaceae နှင့် ရုက္ခဗေဒအမည်မှာ Ananas comosus ဖြစ်သည်။

**နာနတ်သီးစားသုံးမှုပုံစံများ**

နာနတ်သီးကိုများသောအားဖြင့် အစိတ်ကလေးများလှီး၍ စားလေ့ရှိပြီး ဖျော်ရည်၊ ယို၊ ကျောက်ကျော၊ ဂျယ်လီ၊ သကြားလုံး၊ ပီကေ စသည်တို့အပြင် ကြာရှည်အထားခံရန် အရည်ညှစ်၍ သစ်သီးခြောက်ပြုလုပ်၍လည်းကောင်း၊ စည်သွတ်ဘူးဖြင့်လည်းကောင်း ရေခဲသေတ္တာတွင် ထိန်းသိမ်းသိုလှောင်စားသုံးကြသည်။ ထို့ပြင် ထမင်းကြော်၊ အသုပ်တို့တွင် နာနတ်သီးဆော့အဖြစ်သာမက ဟင်းလျာများ၊ အထူးသဖြင့် အနောက်တိုင်းဟင်းလျာများတွင်လည်း အရသာထူးကဲစေရန်အတွက် နာနတ်သီးကို အမျိုးမျိုးအဖုံဖုံ ထည့်သွင်းချက်ပြုတ်လေ့ရှိသည်။

**နာနတ်သီးတစ်လုံးတွင်ပါဝင်သော ဆေးဖက်ဝင်အာဟာရဓာတ်များ**

နာနတ်သီးသည် ကိုလက်စထရောပါဝင်မှု နည်းပါးပြီး လူသားတို့ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်သော ဗီတာမင်နှင့် သတ္တုဓာတ်တို့စုဝေးရာအရင်းအမြစ်လည်းဖြစ်သည်။ ၁၀၀ ဂရမ်အလေးချိန်ရှိ လတ်ဆတ်သောနာနတ်သီးတစ်လုံးတွင် စားသုံးနိုင်သော Eatable Portion ပမာဏမှာ ၆၀ ရာခိုင်နှုန်းမျှ ပါဝင်ပြီး ရေဓာတ် ၈၅ ရာခိုင်နှုန်း၊ ပရိုတင်းဓာတ်သုည ဒသမ ၄၀ ရာခိုင်နှုန်း၊ သကြားဓာတ် ၁၄ ရာခိုင်နှုန်း၊ အဆီဓာတ် သုည ဒသမ ၁ ရာခိုင်နှုန်း၊ အမျှင်ဓာတ် သုည ဒသမ ၅ ရာခိုင်နှုန်းအပြင် ကယ်လိုရီ ၅၀ မီလီဂရမ်၊ ကယ်လ်ဆီယမ် ၁၃ မီလီဂရမ်၊ ပိုတက်ဆီယမ် ၁၁၀ မီလီဂရမ်၊ သံဓာတ် သုည ဒသမ ၂၉ မီလီဂရမ်၊ ဖော့စဖရတ် ၁၀ မီလီဂရမ်၊ ဇင့် သုည ဒသမ ၂၂ မီလီ ဂရမ်၊ ကစီဓာတ် ၁၃ ဒသမ ၂ ဂရမ်၊ ပရိုတင်း သုည ဒသမ ၅၄ ဂရမ်၊ အဆီ သုည ဒသမ ၁၂ ဂရမ်၊ ဗီတာ မင်စီ ၃၇ ဒသမ ၂၀ မီလီဂရမ်၊ ဗီတာမင် ဘီ-၁ သုည ဒသမ ၀၇၉ မီလီဂရမ်၊ ဗီတာမင် ဘီ-၂ သုည ဒသမ ၀၇၉ မီလီဂရမ်၊ ဗီတာမင် ဘီ-၃ သုည ဒသမ ၄၈၅ မီလီဂရမ်၊ ဗီတာမင် ဘီ-၅ သုည ဒသမ ၂၀၅ မီလီဂရမ်၊ ဗီတာမင်ဘီ-၆ သုည ဒသမ ၁၁၁ မီလီဂရမ်၊ ဗီတာမင်အီး သုည ဒသမ ၆၂ မီလီဂရမ်၊ သကြား ၉ ဒသမ ၅ ဂရမ်နှင့် ခြေဖျက်လွယ်သော အမျှင်ဓာတ် ၁ ဒသမ ၄ ဂရမ် အသီးသီးပါဝင်သည်။

နာနတ်သီးသည် ဘရိုမီလိန်း အင်ဇိုင်းပါဝင်သည့် တစ်မျိုးတည်းသောအသီးဖြစ်ပြီး ဘရိုမီလိန်း အင်ဇိုင်းများကြောင့်လည်း အစာခြေချက်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်ခြင်းဖြစ်သည်။ ၎င်းအင်ဇိုင်းသည် ပရိုတင်းဖွဲ့စည်းမှုကို ခြေဖျက်နိုင်စွမ်းရှိသည့်အတွက် ကြီးမားခိုင်မာသည့် ပရိုတင်းအစိုင်အခဲများကိုပြိုကွဲစေပြီး Peptides နှင့်အမိုင်နိုအက်စစ်များအဖြစ်သို့ ပြောင်းသွားစေသည်။

နာနတ်သီးမှရရှိသော ဘရိုမီလိန်းပရိုတင်းကို ကျန်းမာရေးဓာတ်စာအဖြစ်လည်း အသုံးပြုလျက်ရှိရာ ၎င်းသည် ကင်ဆာဆဲလ်ကြီးထွားခြင်းကို နှောင့်ယှက်တားဆီးပြီး သွေးခဲခြင်းကိုတားဆီးကာ ရောင်ရမ်းခြင်းကိုလျော့ကျစေ၍ အနာမှပျက်စီးသောတစ်ရှူးများကို ဖယ်ရှားရန်လည်း ကူညီပေးသည်။ နာနတ်သီးသည် အရေပြားကင်ဆာရောဂါအတွက် ဖြေဆေးတစ်ခွက်ဖြစ်သည်ဟု အမေရိကန်ဆေးပညာဂျာနယ်ပါဆောင်းပါးများထဲတွင် ဖော်ပြကြသည်။ နာနတ်သီးသည် လိမ္မော်သီးကဲ့သို့ပင် ဗီတာမင်စီပါဝင်မှုမြင့်မားသဖြင့် အအေးမိ၊ နှာစေးနှင့် ချောင်းဆိုးခြင်းတို့ကိုကုသပေးနိုင်ပြီး နာနတ်သီးထဲတွင် ဘရိုမီလိန်းဓာတ်ပါရှိနေသည့်အတွက် လိမ္မော်သီးထက် ပိုမိုအစွမ်းထက်မြက်စေသကဲ့သို့ ပန်းနာရင်ကျပ်နှင့်အဆစ်အမျက်ကိုက်ခဲမှုကို သက်သာစေခြင်းနှင့် အနာကျက်မြန်စေသော သတ္တိလည်းရှိသည်။

**ရောင်ရမ်းမှုကိုကျစေခြင်း**

နာနတ်သီးတွင် ဗီတာမင်နှင့် သတ္တုဓာတ်များအပြင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပါဝင်သဖြင့် အဆိုပါဓာတ်ပစ္စည်းများသည် ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ဖိစီးမှု၊ ကျန်းမာရေးနှင့်မညီညွတ်သောစားသောက်မှုပုံစံတို့ကြောင့် ဖြစ်ပေါ်လာသည့် Free Radical ဟုခေါ်သည့် ဓာတ်ပစ္စည်းများကို ဓာတ်ပြယ်အောင် စွမ်းဆောင်ပေးသည့်အပြင် ဘရိုမီလိန်းဓာတ်အများအပြားပါဝင်မှုကြောင့် နာတာရှည်ရောဂါပေါင်းစုံ၏ လက်သည်တစ်မျိုးဖြစ်သည့် ရောင်ရမ်းမှုကိုကျစေခြင်း၊ အစာခြေဖျက်မှု ကောင်းစေခြင်း၊ ကိုယ်ခံစွမ်းအားမြှင့်စေခြင်း စသည့်ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးများရရှိစေပါသည်။ သုတေသနအချို့အရ ဘရိုမီလိန်းဓာတ်သည် စတီးရွိုက်မဟုတ်သော အရောင်ကျဆေးများကဲ့သို့ ထိရောက်မှုရှိသည်ဟု ဆိုသည်။ ဘရိုမီလိန်းဓာတ်သည် ထိခိုက်မိခြင်း၊ ခွဲစိတ်ကုသခြင်းတို့ကြောင့် ရရှိလာသော ရောင်ရမ်းမှုကိုကျစေခြင်း၊ အနာများ၊ မီးလောင်ဒဏ်ရာများကို ကျက်စေခြင်း စသည့်ဂုဏ်သတ္တိများရှိကြောင်း သိရသည်။ အားကစားပြုလုပ်ရာမှ ထိခိုက်ဒဏ်ရာရခြင်း၊ လေးဖက်နာ အဆစ်ရောင်ခြင်းနှင့် အရိုးအဆစ်ရောင်ခြင်းတို့အတွက်လည်း အကျိုးရှိအသုံးဝင်သည်။

**ကိုယ်ခံစွမ်းအားမြှင့်စေခြင်း**

နာနတ်သီးတွင်ပါဝင်သည့် ဘရိုမီလိန်းဓာတ်သည် ကိုယ်ခံစွမ်းအားကိုမြှင့်တင်ပေးပြီး အဆုတ်ရောင်ခြင်း၊ ထိပ်ကပ်နာ၊ အဆုတ်လေပြွန်ရောင်ခြင်းတို့ကို လျင်မြန်စွာ သက်သာစေပါသည်။ ပဋိဇီဝဆေးများနှင့် တွဲဖက်သုံးစွဲချိန်တွင် ပိုမိုသိသာသော်လည်း ပိုမိုခိုင်မာစေရန်အတွက် သုတေသနများစွာ ထပ်မံပြုလုပ်ရန်လိုအပ်သေးကြောင်း သိရသည်။ နာနတ်သီးက အချိန်တိုအတွင်း၌ပင် ကိုယ်အလေးချိန်ကျစေသည့်အတွက် နာနတ်သီးကို စားသုံးပေးခြင်းဖြင့် ကိုယ်အလေးချိန်မတက်အောင် ထိန်းသိမ်းပေးနိုင်သကဲ့သို့ မှတ်ဉာဏ်စွမ်းအား တိုးတက်မြင့်မားစေသည်။

**အရိုးများကိုကျန်းမာစေခြင်း**

နာနတ်သီးတွင် မဂ္ဂနီးစ်သတ္တုဓာတ် ကြွယ်ဝစွာပါရှိခြင်းကြောင့် အရိုးများကိုကျန်းမာ ကြံ့ခိုင်စေပြီး အရိုးနှင့်ဆက်စပ်သော တစ်ရှူး၊ အရွတ်၊ အကြောတို့ကိုပါ သန်စွမ်းအားကောင်းစေသည်။ ထို့ကြောင့် လူငယ်ပိုင်းနှင့် လူလတ်ပိုင်းများအတွက် အရိုးသန်စွမ်းကြီးထွားမှုမြန်ဆန်စေပြီး လူကြီးပိုင်းများအတွက် အရိုးခိုင်မာစေသည့်အတွက် အရွယ်သုံးပါးမရွေး နာနတ်သီးစားသုံးပေးခြင်း၊ နာနတ်သီးဖျော်ရည်တစ်ခွက် နေ့စဉ်သောက်သုံးပေးခြင်းဖြင့် လူတစ်ယောက်အတွက် တစ်နေ့တာလိုအပ်နေသော မဂ္ဂနီးစ်သတ္တုဓာတ် ၇၃ ရာခိုင်နှုန်းထိ ရရှိစေနိုင်သည်။

**သဘာဝဆီးရွှင်ဆေးနာနတ်သီး**

သဘာဝဆီးရွှင်ဆေးအဖြစ်လည်း နာနတ်သီးကို အသုံးပြုနိုင်သည်။ ထို့ပြင် ဆီးလမ်းကြောင်း ပိုးဝင်ပါက ပဋိဇီဝပိုးသတ်ဆေးကို ဆေးပတ်လည်အောင်သောက်ကာ နာနတ်သီးကိုပါ တွဲဖက်စားသုံးပေးခြင်းဖြင့် ကူးစက်ရောဂါပိုးဝင်ခြင်းများမှ အချိန်တိုအတွင်း သက်သာစေနိုင်ကြောင်း သိရသည်။

**အစာခြေရာတွင် ကူညီပေးခြင်း**

နာနတ်သီးဖျော်ရည်တွင် Bromelain ခေါ် ပရိုတီယေ့စ်ဟုခေါ်သည့် အင်ဇိုင်းများပါဝင်သောကြောင့် ပရိုတင်းကို ပိုမိုသေးငယ်သည့် အမိုင်နိုအက်စစ်များဖြစ်အောင် ဖြိုခွဲပေးသည်။ အဆိုပါနည်းဖြင့် အူလမ်းကြောင်းမှ အလွယ်တကူစုပ်ယူနိုင်စေသည့်အပြင် ပန်ကရိယမကောင်းသဖြင့် အစာခြေဖျက်သည့် အင်ဇိုင်းကောင်းစွာ မထုတ်နိုင်သူများကို ဘရိုမီလိန်းအင်ဇိုင်းများက အစာခြေဖျက်ရာတွင် အထောက်အကူပြုသည်။ ထို့ပြင် အူတွင်အနာဖြစ်ပြီး ရောင်ရမ်းမှုများကို လျော့ကျစေနိုင်သည်။

**အစာအိမ်ပြဿနာများကို သက်သာစေခြင်း**

နာနတ်သီးကို ကပ်ပါးပိုးနှင့် သန်ကောင်များနှိမ်နင်းရန်အတွက် အသုံးပြုကြပြီး အစာအိမ်ပြဿနာများကိုသက်သာစေနိုင်သည်။ နာနတ်သီးသည် အစာအိမ်မှထွက်ရှိသောအရည်နှင့် လွန်စွာဆင်တူသည့်အတွက် အစာခြေစနစ်ကို တိုးတက်ကောင်းမွန်စေပြီး ဝမ်းဖော ဝမ်းရောင်ခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ အစာအိမ်နာနှင့် လေပူထိုးခြင်းတို့ကို သက်သာစေနိုင်သည်။ ဝမ်းချုပ်ခြင်းမှလည်း ကာကွယ်ပေးပြီး ပန်းနာရင်ကျပ်ကို သက်သာပြေလျော့စေကာ ချွဲသလိပ်ကြေစေသည်။ နေ့လယ်စာစားသောက်ပြီးချိန်တွင် သုံးဆောင်ပါက အစာကြေညက်မှုကို အထောက်အကူပြုပြီး အခြားအစားအသောက်များနှင့် ယှဉ်တွဲစားသောက်လျှင် အစာခြေဖျက်မှုကိုကူညီပေးသည်။

**နှလုံးကျန်းမာရေးကို ကောင်းစေခြင်း**

နာနတ်သီးဖျော်ရည်တွင်တွေ့ရသည့် ဘရိုမီလိန်းဓာတ်သည် နှလုံးကျန်းမာရေးအတွက်လည်း အထောက်အကူပြုပြီး သွေးပေါင်ချိန်ကိုကျစေပြီး သွေးခဲခြင်းကို ကာကွယ်ပေးနိုင်သည်ဟု သုတေသနအချို့တွင်ဆိုထားပါသည်။ နှလုံးကြွက်သားမှ သွေးလုံလောက်စွာ မရသောကြောင့် ရင်ဘတ်အောင့်ခြင်းဖြစ်နိုင်ခြေကို လျော့ကျစေနိုင်သည်။

**အမြင်အာရုံကောင်းစေခြင်း**

နာနတ်သီးထဲတွင် ဘီတာကယ်ရိုတင်း အမြောက်အမြားပါရှိသည့်အတွက် အမြင်အာရုံကိုကောင်းမွန်စေနိုင်သည်။ နေ့စဉ်နာနတ်သီး စားသုံးပေးခြင်းဖြင့် သက်လတ်ပိုင်းနှင့် သက်ကြီးပိုင်းရောက်သောအချိန်တွင် အမြင်လွှာယိုယွင်းမှုဖြစ်နိုင်ခြေကို ၃၆ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်သည်။ အမြင်အာရုံကောင်းမွန်စေရန်နှင့် အရိုးများခိုင်မာသန်စွမ်းရန်အတွက် နာနတ်သီးဖျော်ရည် တစ်ခွက်ခန့် နေ့စဉ်သောက်သုံးပေးသင့်သည်။ နာနတ်သီးကို အခြားအစားအသောက်များနှင့် ရောထွေးစားသောက်ခြင်း၊ ယှဉ်တွဲစားသောက်ခြင်းထက် နာနတ်သီးတစ်ခုတည်း သီးသန့်သုံးဆောင်ပေးခြင်းက အကျိုးကျေးဇူးပိုမိုထိရောက်စေသည်။ နာနတ်သီးသည် အမြင်အာရုံကြည်လင်စေရန်အတွက်လည်း အထောက်အကူပြုနိုင်သည့်အပြင် အသက်အရွယ်ဇရာကြောင့် ဖြစ်သော မျက်လုံးမှုန်မှိုင်းရီဝေခြင်းများကိုလည်း ကာကွယ်ပေးနိုင်သည်။

**အရေပြားတွန့်ခြင်းကို ကာကွယ်ပေးခြင်း**

နာနတ်သီးနှင့်သံလွင်ဆီတို့ကို ရောလိမ်းပေးခြင်းသည် အထူးသဖြင့် လည်ပင်းအရေပြားတွန့်ခြင်းအတွက် ကောင်းစွာထိရောက်သည်။ မျက်နှာကိုသန့်စင်အောင် ဆေးကြောပြီးနောက် သံလွင်ဆီ စားပွဲတင်ဇွန်းနှစ်ဇွန်းကို လက်ဖဝါးနှင့် အပေါ်ကိုပွတ်တင်၍ လည်ပင်းနှင့်မျက်နှာကို စက်ဝိုင်းပုံစံ

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အခမ့ဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၄၈၀၁၄ ဧက စိုက်ပျိုးမည်




**ပုသိမ် ဇူလိုင် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၄၈၀၁၄ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ဟိုင်းကြီးကျွန်းမြို့တွင် သီးနှံစုံ ၄၈၀၁၄ ဧကကို ယခုနှစ်ဇူလိုင်လတတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မိုသီးနှံစုံ ၄၈၀၁၄ ဧကတွင် ပိန်းဥ ၆၈ ဧက၊ဟင်းသီးဟင်းရွက် ၄၆၃ ဧက၊ ပန်းအမျိုးမျိုး ၂၅ ဧက၊ ပီလောပီနံ ၅၃ ဧက၊ ကွမ်းရွက် ၁၆ ဧက၊ ငရုတ် ကိုးဧက၊ ပဲစင်းငုံ ၂၆ ဧက၊ ကြံ သုံးဧက၊ ဖူးစားပြောင်း ၁၈၂ ဧက ၊ နှမ်းဧက ၃၀၊ မြေပဲ ၅၃ ဧက၊ စပါး ၄၇၀၇၆ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဟိုင်းကြီးကျွန်းမြို့အတွင်းမှာ မိုးသီးနှံတွေကို လျာထားချက် ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့လုပ်နေပါတယ်။ မိုးသီးနှံတွေ အထွက်နှုန်းကောင်းစေဖို့နဲ့ ပိုးမွှားအန္တရာယ် ကျရောက်ဖျက်ဆီးမှုမရှိစေဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ တောင်သူတွေ ပူးပေါင်းပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ယခုနှစ် မိုးသီးနှံများ အခက်အခဲမရှိစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနများက ဆည်မြောင်းများ ပြုပြင်ခြင်း၊ တာတမံများ ကျိုးပေါက်ခြင်းမရှိစေရန် တာပေါင်မြှင့်တင်ခြင်း၊ ရေသွယ် ဆည်မြောင်းများကို မြေသားနှိုက်ခြင်း၊ ရေစိမ့်ပေါက် ရေထွက်ပေါက်များ ရှာဖွေခြင်းစသည့်လုပ်ငန်းများကို သီးနှံများ မစိုက်ပျိုးမီ ကြိုတင်စီမံဆောင်ရွက်ထားကြောင်း သိရသည်။

မိုးသီးနှံများကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ မိုးသီးနှံစုံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

➤ စာမျက်နှာ ၄ မှအဆက်

နှိပ်နယ်ပေးခြင်းဖြင့် အရေပြားမှအဆီကိုစုပ်ယူစေနိုင်ပြီး လတ်ဆတ်သောနာနတ်ရည်တစ်ခွက်နှင့် နှင်းဆီရည် လက်ဖက်ရည်ဇွန်း တစ်ဇွန်းအရောကိုထပ်မံ၍ မိနစ် ၂၀ ခန့်လိမ်းကျံပေးပြီး မျက်နှာကို ရေသန့်ဖြင့် ဆေးကြောပေးခြင်းကို တစ်ပတ်တစ်ကြိမ် လုပ်ဆောင်ခြင်းဖြင့် အသားအရေတွန့်ခြင်းကို ကာကွယ်ပေးနိုင်သည်။

နာနတ်သီးတွင်ပါဝင်သော အင်ဇိုင်းဓာတ်ကြောင့် နာနတ်သီးအရည် စားပွဲတင်ဇွန်း တစ်ဇွန်းခန့်ဖြင့် မျက်နှာကိုလိမ်းကျံခြင်း သို့မဟုတ် နာနတ်သီးမှည့်တစ်စိတ်ကို မျက်နှာပေါ်ပွတ်သပ်လိမ်းကျံပြီး ၁၀ မိနစ်ခန့်အကြာတွင် ရေဖြင့်သေချာဆေးကြောပေးခြင်းကို တစ်ပတ်တစ်ကြိမ်ပြုလုပ်ပေးလျှင် အသားအရေကိုဝင်းစေကာ အရေပြားတွန့်ခြင်းကို အထူးကာကွယ်ပေးပြီး ပျက်စီးနေသည့်ဆဲလ်များကိုလည်း အမြန်ဆုံးပြန်လည်ဖြည့်တင်းပေးနိုင်သည်။ ထို့ပြင် မျက်နှာသာမက လည်ပင်း၊ ခန္ဓာကိုယ်နေရာ အစိတ်အပိုင်းတို့ကိုလည်း လိမ်းကျံပေးနိုင်ပြီး ခန္ဓာကိုယ်ရှိ အခြားအစိတ်အပိုင်းနေရာများကို လိမ်းကျံပါက နွားနို့ဖန်ခွက်ထက်ဝက်ခန့်၊ သံပရာရည်၊ ကြက်ဥတစ်လုံး၊ နနွင်းမှုန့် အနည်းငယ်နှင့် ဂျုံမှုန့်အနည်းငယ်တို့ ရောစပ်လိမ်းကျံပြီးပါက ရေနွေးနွေးနှင့် ပြန်လည်ဆေးကြောပေးရန်နှင့် နာနတ်သီးအစား သင်္ဘောသီးကိုလည်း အစားထိုးအသုံးပြုနိုင်ကြောင်း သိရသည်။

### နာနတ်သီး၏ဘေးထွက်ဆိုးကျိုးများ

နာနတ်သီးစားခြင်းဖြင့် အလွန်အမင်းအန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်း၊ ရာသီသွေးဆင်းများခြင်း၊ ပျို့ခြင်း၊ အရေပြားအနီကွက်ထခြင်း၊ အန်ခြင်း၊ အလွန်အကျွံစားသုံးပါက ပါးစပ်နှင့်ပါးများ ရောင်ရမ်းခြင်းတို့ဖြစ်နိုင်ပြီး ဘေးထွက်ဆိုးကျိုးများကို ခံစားရပုံမှာ တစ်ဦးနှင့်တစ်ဦး ကွဲပြားခြားနားမှု ရှိနိုင်သည်။ အဆိုပါဘေးထွက်ဆိုးကျိုးများတွင် မပါဝင်သည့် ဘေးထွက်ဆိုးကျိုးများလည်းရှိနိုင်သည်။

### ကြိုတင်သတိပြုရန်များ

ကိုယ်ဝန်ရှိနေလျှင် သို့မဟုတ် နို့တိုက်မိခင်ဖြစ်နေလျှင် နာနတ်သီးပါဝင်ပစ္စည်းများနှင့် ဓာတ်မတည့်လျှင် သို့မဟုတ် အခြားဆေးဝါးများ၊ သဘာဝဆေးဖက်ဝင်အပင်များနှင့်ဓာတ်မတည့်လျှင် (ဥပမာ- ပျားရည်၊ သံလွင်အပင်မှ ဝတ်မှုန်၊ တရုတ်နံနံကြီး၊ ကျောက်ပန်းပင်ဝတ်မှုန်၊ သင်္ဘောသီးတွင်ပါသော papain အင်ဇိုင်း ၊ bromelain ) နာနတ်သီးကို မစားသုံးသင့်ပေ။ ကိုယ်ဝန်ဆောင်ကာလတွင် နာနတ်သီးစားသုံးခြင်းသည် ကလေးပျက်မကျနိုင်သော်လည်း များများစားသုံးမိပါက ဘေးထွက်ဆိုးကျိုးအချို့ရှိပါသည်။ အရသာကောင်းမွန်ပြီး ခံတွင်းရှင်းစေသည့် နာနတ်သီးက အစာအိမ်အတွင်း အချဉ်ဓာတ်များရာမှ ပြန်လျှံတက်ပြီး ရင်ပူခြင်းဖြစ်နိုင်သောကြောင့် တန်ဆေးလွန်ဘေးဆိုသကဲ့သို့ သင့်တင့်မျှတစွာ ချင့်ချိန်စားသုံးသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။

## စိတ်ကောင်းမွေးမြူပါ

- ကိုယ်ချင်းစာ နှလုံးသားနဲ့
အပြုံးများ ရင်ဝယ်ဆောင်၊
လူတိုင်းပေါ် ပေးကမ်းကျွေး
ဖေးမ လူ့ဘောင်၊
အမုန်းတရား ကင်းဝေးအောင်
အတ္တရှောင် မေတ္တာထား၊
အများအကျိုးကို ရှေးရှုပြု
ထုဆစ်လှုပ်ရှား။

- ကိုယ့်ထက်သာ မုဒိတာပွား
မစ္ဆရိယမထား ကောင်းစိတ်ဝင်၊
အားနည်းသူ ဖေးကူမ
ယုယချစ်ခင်၊
နှလုံးသား အလှဆင်
မေတ္တာပင် စိုက်ပျိုးလျက်၊
ဒေါသမာန် လောဘကင်း
အမှောင်ခွင်း ရှေ့ဆက်။

- စိတ်လှကို ရင်မှာဖက်
အကြင်နာယှက် မွေးမြူပါ၊
ဘဝဝယ် လူ့ကောင်းကျိုး
သယ်ပိုးအစဉ်သာ၊
တိုတောင်းလှ ဘဝမှာ
အနှစ်ရှာ စိတ်မြတ်မွေး၊
လောကဝယ် လူအချင်းချင်း
ရိုင်းပင်းစို့လေး။ ။

**ချစ်သက်(မြန်မာစာ)**

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# နိုင်ငံတကာ သတင်းများ

## တောင်ကိုရီးယား၊ ဂျပန်နှင့် အမေရိကန် စစ်ဦးစီးချုပ်များ တွေ့ဆုံဆွေးနွေး

**ဆိုးလ် ဇူလိုင် ၁၁**

တောင်ကိုရီးယား၊ ဂျပန်နှင့် အမေရိကန်နိုင်ငံတို့မှ စစ်ဦးစီးချုပ်များသည် ယနေ့တွင် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ နှစ်စဉ်ဆွေးနွေးပွဲတစ်ပွဲကျင်းပခဲ့သည်။

တစ်ချိန်တည်းမှာပင် အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယား စစ်လေယာဉ်များကလည်း ယနေ့တွင် ကိုရီးယားကျွန်းဆွယ်ဒေသ၌ ပူးတွဲလေကြောင်းစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြသည်။

ကိုရီးယား ကျွန်းဆွယ်ဒေသ နိုင်ငံတကာဝေဟင်အတွင်း ပြုလုပ်ခဲ့သော အဆိုပါလေကြောင်းပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် အမေရိကန်လေတပ်မှ ဘီ-၅၂ ဗုံးကြဲလေယာဉ်တစ်စင်းနှင့် ဂျပန်လေတပ်၊ တောင်ကိုရီးယားလေတပ်တို့မှ တိုက်လေယာဉ်များ ပါဝင်ခဲ့ကြကြောင်း တောင်ကိုရီးယားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

မြောက်ကိုရီးယား နိုင်ငံ၏ လုံခြုံရေး ခြိမ်းခြောက်မှုများကို ရင်ဆိုင်ရာတွင် သုံးနိုင်ငံပူးပေါင်းဆောင်ရွက်ရန် အထူးအရေးကြီးကြောင်း ယနေ့ဆွေးနွေးပွဲတွင် အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယားစစ်ဦးစီးချုပ်များက သဘောတူခဲ့ကြသည်။

ယနေ့ ပူးတွဲလေကြောင်း စစ်ရေးလေ့ကျင့်မှုသည် အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယားတို့က ယခုနှစ်အတွင်းပြုလုပ်ခဲ့သော ပထမဆုံးပူးတွဲလေကြောင်း စစ်ရေးလေ့ကျင့်မှုဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံ၏ နျူကလီးယား လက်နက်နှင့် ဒုံးကျည်အစီအစဉ်များမှာ ကိုရီးယားကျွန်းဆွယ်ဒေသ တည်ငြိမ်မှုကို ခြိမ်းခြောက်နေကြောင်း တောင်ကိုရီးယား၊ ဂျပန်နှင့် အမေရိကန်စစ်ဦးစီးချုပ်များက ပြောကြားခဲ့သည်။

Ref : Xinhua
Trs : KKO




## အမေရိကန်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးများ ကွာလာလမ်ပူမြို့၌ တွေ့ဆုံဆွေးနွေး




**ကွာလာလမ်ပူ ဇူလိုင် ၁၁**

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုသည် ယနေ့တွင် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုသည် အရှေ့အာရှထိပ်သီးညီလာခံနှင့်အာဆီယံဒေသတွင်းညီလာခံများ တက်ရောက်ရန် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ရောက်ရှိနေစဉ် တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။

အမေရိကန်အစိုးရ၏ကုန်သွယ်ရေးမူဝါဒများကြောင့် တရုတ်နှင့် အမေရိကန်နိုင်ငံတို့ကြား ဆက်ဆံရေးတင်းမာမှုများ ရှိနေချိန်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးတို့ ကွာလာလမ်ပူမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။

တရုတ် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် ကွာလာလမ်ပူဆွေးနွေးပွဲများတွင် အမေရိကန်အစိုးရ၏ ကုန်သွယ်ရေးမူဝါဒများကို ပြင်းပြင်းထန်ထန်ဝေဖန်ထားသည်။

ကမ္ဘာ့နိုင်ငံများ၏ ထုတ်ကုန်များအပေါ် အမေရိကန်အစိုးရက သွင်းကုန်ခွန် စည်းကြပ်မှုများ မြှင့်တင်ထားခြင်းသည် ကမ္ဘာ့နိုင်ငံတိုင်း လက်မခံသင့်သည့်တစ်ဖက်သတ်လုပ်ရပ်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ပြောကြားထားသည်။

ယနေ့ဆွေးနွေးပွဲသည် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးတို့၏ ပထမဆုံးလူချင်းတွေ့ဆုံဆွေးနွေးပွဲဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## နယ်စပ်အငြင်းပွားမှုပြဿနာများကို ငြိမ်းချမ်းစွာဖြေရှင်းရန် ထိုင်းနှင့်ကမ္ဘောဒီးယားတို့ကို တရုတ်နိုင်ငံခြားရေးဝန်ကြီးတိုက်တွန်း

**ကွာလာလမ်ပူ ဇူလိုင် ၁၁**

ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့အနေဖြင့် လက်ရှိပေါ်ပေါက်နေသည့် နယ်စပ်ပြဿနာများကို ဖြေရှင်းရာတွင် ချစ်ကြည်ရင်းနှီးစွာ ညှိနှိုင်းဆွေးနွေးခြင်းဖြင့် ဖြေရှင်းကြရန် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ဇူလိုင် ၁၀ ရက်တွင် တိုက်တွန်းခဲ့သည်။

ယင်းအပြင် ကမ္ဘောဒီးယားနှင့် ထိုင်းတို့၏ နှစ်နိုင်ငံနယ်စပ်ပြဿနာများကို ဖြေရှင်းရာတွင် တရုတ်နိုင်ငံအနေဖြင့် သမာသမတ်ကျသောရပ်တည်ချက်ဖြင့် အပြုသဘောဆောင်သည့်အခန်းကဏ္ဍမှ ပါဝင်ပေးနိုင်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးက ကမ်းလှမ်းခဲ့သည်။

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ထိုင်းနိုင်ငံခြားရေးဝန်ကြီး မာရစ်နှင့် တွေ့ဆုံဆွေးနွေးစဉ် နယ်စပ်ပြဿနာများကို ငြိမ်းချမ်းစွာဆွေးနွေးဖြေရှင်းရန် တရုတ်နိုင်ငံခြားရေးဝန်ကြီးက တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သဟဇာတရှိစွာဖြင့် ယှဉ်တွဲရပ်တည်ရေးအတွက် တရုတ်နိုင်ငံအနေဖြင့် သမာသမတ်ကျသည့် အပြုသဘောဆောင်သည့်အခန်းကဏ္ဍ၌ ပါဝင်ပေးရန်ဆန္ဒရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့သည် ယခုနှစ်မေလအတွင်း ဖြစ်ပွားခဲ့သည့် နယ်စပ်ပစ်ခတ်တိုက်ခိုက်မှုများကိုအကြောင်းပြု၍ ဆက်ဆံရေးတင်းမာလျက်ရှိသည်။

ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့သည် နယ်စပ်ချင်းအရှည် ကီလိုမီတာ ၈၂၀ ထိ ထိစပ်နေသော အိမ်နီးချင်းနိုင်ငံများဖြစ်ကြကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## လက်နက်များလွှဲပြောင်းအပ်နှံမှုအခမ်းအနား ပီကေကေတပ်ဖွဲ့ဝင်များ အီရတ်၌ကျင်းပ

**ဘဂ္ဂဒက် ဇူလိုင် ၁၁**

ကာဒစ္စတန်အလုပ်သမားပါတီ (ပီကေကေ)၏ တပ်ဖွဲ့ဝင်များသည် လက်နက်များ လွှဲပြောင်းအပ်နှံမှု အခမ်းအနားတစ်ခုကို အီရတ်နိုင်ငံမြောက်ပိုင်း၌ ယနေ့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ပီကေကေလက်နက်ကိုင်တပ်ဖွဲ့ဝင်များ၏ အဆိုပါလက်နက်များ လွှဲပြောင်းအပ်နှံပွဲသည် တူရကီယဲနိုင်ငံနှင့် ပီကေကေတို့ကြား နှစ်ပေါင်းများစွာဖြစ်ပွားနေသည့် ပဋိပက္ခ ချုပ်ငြိမ်းရေးအတွက် အဓိကခြေလှမ်းတစ်ရပ်ဖြစ်သည်။

ပီကေကေအဖွဲ့လက်နက်ကိုင်များသည် လက်နက်များလွှဲပြောင်းအပ်နှံမှုအခမ်းအနားကို အီရတ်နိုင်ငံမြောက်ပိုင်း ကျောက်ဂူတစ်ဂူတစ်ခု၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

ပီကေကေအဖွဲ့သည် ၁၉၈၄ ခုနှစ်မှစ၍ တူရကီယဲအစိုးရနှင့် ပဋိပက္ခဖြစ်ပွားနေသည့် လက်နက်ကိုင်အုပ်စုဖြစ်သည်။

သို့သော် ယခုနှစ်မေလတွင် ပီကေကေသည် လက်နက်ကိုင်တပ်များကိုဖျက်သိမ်း၍ ခွဲထွက်ရေးလှုပ်ရှားမှုကို အဆုံးသတ်ရန် ဆုံးဖြတ်ခဲ့သည်။

ယနေ့တွင် ကျင်းပခဲ့သော လက်နက်များ လွှဲပြောင်းအပ်နှံပွဲတွင် ပီကေကေတပ်ဖွဲ့ဝင် ဦးရေ ၄၀ နှင့် တပ်မှူးတစ်ဦးတို့က ၎င်းတို့၏ လက်နက်များကို တူရကီယဲနှင့် အီရတ် ထောက်လှမ်းရေးတာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

## ဥရောပသမဂ္ဂ၏ ၂၀၂၄ ခုနှစ်လူဦးရေ စံချိန်တင်မြင့်တက်လာ

**ပဲရစ် ဇူလိုင် ၁၁**

ပြည်ပမှ ရွှေ့ပြောင်းဝင်ရောက်မှုများကြောင့် ဥရောပသမဂ္ဂ၏ စုစုပေါင်းလူဦးရေသည် ၂၀၂၄ ခုနှစ်တွင် ၄၅၀ ဒသမ ၄ သန်းထိ စံချိန်တင်မြင့်တက်လာခဲ့ကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။



၂၀၁၂ ခုနှစ်မှစ၍ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၌ ကလေးမွေးဖွားမှုနှုန်းထက် သေဆုံးမှုနှုန်းပို၍ မြင့်မားခဲ့ရာ ပြည်ပမှရွှေ့ပြောင်းဝင်ရောက်လာသူများသည် ဥရောပသမဂ္ဂလူဦးရေ မြင့်တက်လာမှု၏ တစ်ခုတည်းသောအကြောင်းရင်းဖြစ်ခဲ့သည်။

ဥရောပသမဂ္ဂအနေဖြင့် ၂၀၂၄ ခုနှစ်တွင် သေဆုံးသူ ၄ ဒသမ၈၂ သန်းထိရှိခဲ့ပြီး မွေးဖွားလာသည့် ကလေးအရေအတွက်မှာ ၃ ဒသမ ၅၆ သန်းသာရှိခဲ့ရာ ဥရောပသမဂ္ဂ၏ သဘာဝလူဦးရေကျဆင်းမှုနှုန်းမှာ ၁ ဒသမ ၃ သန်းထိရှိခဲ့ကြောင်း သိရသည်။

သို့ရာတွင် ၂၀၂၄ ခုနှစ်တွင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ ရွှေ့ပြောင်းဝင်ရောက်သူ ၂ ဒသမ ၃ သန်းဝင်ရောက်ခဲ့ရာ ဥရောပသမဂ္ဂလူဦးရေစာရင်းတွင် ၁ ဒသမ ၀၇ သန်း ထပ်တိုးလာခဲ့ရကြောင်း ဥရောပသမဂ္ဂက ထုတ်ပြန်ထားသည့်အစီရင်ခံစာ၌ ဖော်ပြထားသည်။


ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအနက် ဂျာမနီ၊ ပြင်သစ်နှင့် အီတလီတို့မှာ လူဦးရေအများဆုံး ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများအဖြစ် ရပ်တည်နေဆဲဖြစ်သည်။

၂၀၂၄ ခုနှစ်တွင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနက် ၁၉ နိုင်ငံတို့တွင် လူဦးရေတိုးလာခဲ့ပြီး ရှစ်နိုင်ငံတွင် လူဦးရေကျဆင်းခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## နှစ်ပေါင်းခုနစ်ဘီလီယံကြာမျှ အပြောင်းအလဲမရှိတည်မြဲနေသော ရှားပါးထူးဆန်းသည့်ကြယ်စုတစ်ခုကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား



ရောမ ဇူလိုင် ၁၁

နှစ်ပေါင်း ခုနစ်ဘီလီယံကြာမျှ အပြောင်းအလဲမရှိ တည်မြဲနေသော ရှားပါးထူးဆန်းသည့်ကြယ်စု တစ်ခုကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ယနေ့ သတင်းများအရ သိရသည်။

Kids J 0842+0059 အမည်ရှိ အဆိုပါကြယ်စုသည် ကမ္ဘာမြေပြင်နှင့် အလင်းနှစ် သုံးဘီလီယံအကွာတွင် တည်ရှိကြောင်း အီတလီသိပ္ပံပညာရှင်များက ပြောကြားသည်။

အခြား သာမန်ကြယ်စုများသည် အရွယ်အစားကြီးမားကျယ်ပြန့်လာပြီး တစ်ခုနှင့်တစ်ခု ပေါင်းစည်းသွားတတ်သော်လည်း Kids J 0842+0059ကြယ်စုမှာ နှစ်ပေါင်းခုနစ်ဘီလီယံကြာမျှ အပြောင်းအလဲမရှိ ငြိမ်သက်နေခဲ့ကြောင်း သိရသည်။

Kids J 0842+0059 ကြယ်စုကဲ့သို့ အချိန်ကာလကြာမြင့်စွာ အပြောင်းအလဲမရှိ တည်မြဲနေတတ်သော ကြယ်စုကြီးများကို သိပ္ပံပညာရှင်များက ရုပ်ကြွင်းကြယ်စု(Rossil Galaxies) များဟူ၍ သတ်မှတ်ထားကြောင်း သိရသည်။

ရုပ်ကြွင်းကြယ်စုများသည် နဂါးငွေ့တန်းကြယ်စုကဲ့သို့ သာမန်ကြယ်စုများထက် သက်တမ်းပိုရှေးကျ၍ ပို၍သိပ်သည်းဆကြီးမားကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အီတလီ သိပ္ပံပညာရှင်များသည် Kids J 0842+0059 ကြယ်စုကို အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်အခြေစိုက် အယ်လ်ဘီတီရေဒီယိုတယ်လီစကုပ်အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## Colossal Bioscience ဇီဝနည်းပညာကုမ္ပဏီက မိုဝါ ခေါ် ရောမငှက်ကြီးများကို ပြန်လည်ဖန်တီးရန် စီစဉ်ထား

ဝါရှင်တန် ဇူလိုင် ၁၁

ရေခဲခေတ် အမွေးထူဆင်ကြီးများကို ပြန်လည်အသက်သွင်းရန် ကြိုးပမ်းနေသော အမေရိကန်နိုင်ငံအခြေစိုက် Colossal Bioscience ကုမ္ပဏီသည် မိုဝါ ခေါ် ရောမငှက်ကြီးများကိုလည်း ပြန်လည်ဖန်တီးရန် စီစဉ်ထားကြောင်း ဇူလိုင် ၁၀ ရက် သတင်းများအရ သိရသည်။

မိုဝါငှက်ကြီးများသည် တစ်ချိန်က နယူးဇီလန်နိုင်ငံ၌ ရှင်သန်ကျက်စားခဲ့ကြသော်လည်း ယခုအခါ မျိုးသုဉ်းပျောက်ကွယ်သွားပြီဖြစ်သည့် ငှက်ကြီးများဖြစ်ကြောင်း သိရသည်။

မိုဝါငှက်ကြီးများသည် မျိုးစိတ်ကိုးခုထိ ရှိခဲ့ပြီး အကြီးဆုံးမျိုးစိတ်ဖြစ်သည့် ဆောက်အိုင်းလန်း မိုဝါငှက်ကြီးများမှာ အရပ်အမြင့် ၁၁ ဒသမ ၈ ပေ၊ ကိုယ်အလေးချိန်ကီလိုဂရမ် ၂၃၀ ထိ ရှိသည်။



အဆိုပါ မိုဝါငှက်ကြီးများကို ဇီဝအင်ဂျင်နီယာနည်းပညာဖြင့် ပြန်လည်ဖန်တီးရန် စီစဉ်ထားကြောင်း Colossal Bioscience ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

Colossal Bioscience ကုမ္ပဏီသည် မိုဝါငှက်ကြီးများ၏ အရိုးများမှထုတ်ယူထားသော မျိုးဗီဇများကို အသုံးပြု၍ မိုဝါငှက်များကို ပြန်လည်ဖန်တီးရန် စီစဉ်ထားသည်။

Colossal Bioscience ကုမ္ပဏီသည် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀၀ က မျိုးသုဉ်းပျောက်ကွယ်သွားသည့် အမွေးထူဆင်ကြီးများကို ပြန်လည်ဖန်တီးရေးအတွက်လည်း ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## နာဆာနှင့် Space-X ကုမ္ပဏီတို့က Crew Dragon အာကာသလူသယ်ယာဉ်ကို နိုင်ငံတကာအာကာသစခန်းသို့ ဇူလိုင် ၃၁ ရက်တွင် လွှတ်တင်ရန်စီစဉ်ထား

ဝါရှင်တန် ဇူလိုင် ၁၁

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) နှင့် Space–X ကုမ္ပဏီတို့သည် Crew–11 မစ်ရှင်ဖြင့် Crew Dragon အာကာသလူသယ်ယာဉ်ကို နိုင်ငံတကာအာကာသစခန်းသို့ ဇူလိုင် ၃၁ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း ဇူလိုင် ၁၀ ရက် သတင်းများအရ သိရသည်။

Crew–11 မစ်ရှင်အရ နာဆာ အာကာသယာဉ်မှူးနှစ်ဦး၊ ဂျပန်အာကာသယာဉ်မှူး တစ်ဦးနှင့် ရုရှားအာကာသယာဉ်မှူး တစ်ဦးတို့သည် အထက်ပါ Crew Dragon အာကာသလူသယ်ယာဉ်နှင့်အတူ နိုင်ငံတကာ အာကာသစခန်းသို့ လိုက်ပါမည်ဖြစ်သည်။

Crew–11 မစ်ရှင်အရ Crew Dragon အာကာသလူသယ်ယာဉ်ကို ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှ တစ်ဆင့် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

နာဆာနှင့် Space–X ကုမ္ပဏီတို့သည် Crew–11 မစ်ရှင်ကို ဇူလိုင်လကုန်ပိုင်း သို့မဟုတ် ဩဂုတ်လဆန်းပိုင်းတွင် လွှတ်တင်ရန် မူလက စီစဉ်ခဲ့ကြကြောင်း သိရသည်။

ယခုနှစ်အတွင်း နှော့သ်ရော့ဂရူးမင်းကုမ္ပဏီကလည်း နိုင်ငံတကာ အာကာသစခန်းသို့ ဆိုက်ဂနက်စ် အာကာသကုန်တင်ယာဉ်ကို လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

အလားတူ ရုရှားအာကာသအေဂျင်စီကလည်း ဆိုယုဇ်-၂၈ အာကာသလူသယ်ယာဉ်ကို နိုင်ငံတကာအာကာသစခန်းသို့ လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## အသုံးများသည့် ချောင်းဆိုးပျောက်ဆေးတစ်မျိုးက PDD ရောဂါလူနာများ၏ တွေးတောဆင်ခြင်နိုင်မှု စွမ်းရည်ကို မြှင့်တင်ပေးနိုင်ဖွယ်ရှိ

လန်ဒန် ဇူလိုင် ၁၁

အသုံးများသည့် ချောင်းဆိုးပျောက်ဆေးတစ်မျိုးသည် Parkinson's disease dementia(PDD) ရောဂါလူနာများ၏ တွေးတောဆင်ခြင်နိုင်မှုစွမ်းရည်ကို မြှင့်တင်ပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇူလိုင်၁၀ရက် သတင်းများအရ သိရသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ ၁၂ လကြာ ပြုလုပ်ခဲ့သည့် လေ့လာချက်မှပေါ်ထွက်လာသည့် ရလဒ်များအရ Ambroxol ခေါ် ချောင်းဆိုးပျောက်ဆေးသည် PDD လူနာများ၌ တွေးတောဆင်ခြင်နိုင်မှုစွမ်းရည်ကို မြှင့်တင်ပေးနိုင်ပြီး စိတ်ကျန်းမာရေးဆိုင်ရာ ရောဂါလက္ခဏာများကိုပါ ထိန်းထားနိုင်ကြောင်း သိရသည်။

PDD ရောဂါဖြစ်ပွားခဲ့ပါက မှတ်ဉာဏ်ကျဆင်းလာခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ စိတ်ကစဉ့်ကလျားဖြစ်ခြင်း စသည့်ရောဂါလက္ခဏာများ ပေါ်ထွက်လာတတ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် PDD ရောဂါအတွက် ကုထုံးမရှိသေးဘဲ ရောဂါလက္ခဏာများကို ထိန်းချုပ်ပေးသည့် Cholinesterase Inhibitors ကဲ့သို့သော ဆေးဝါးများသာရှိသေးကြောင်း သိရသည်။

သို့ရာတွင် မိမိတို့၏ လေ့လာတွေ့ရှိချက်အရ Ambroxolချောင်းဆိုးပျောက်ဆေးသည်လည်း PDD ရောဂါလက္ခဏာများကို ထိန်းပေးထားနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## ဇီဝအကျိုးပြုဆေးတစ်မျိုးက ကလေးများ၏ အော်တစ်ဇင်နှင့် ADHD ရောဂါလက္ခဏာများ လျှော့ချရာတွင် အထောက်အကူပြုနိုင်

မက်ဒရစ် ဇူလိုင် ၁၁

ဗက်တီးရီးယားတစ်မျိုးထည့်သွင်းထားသည့် ဇီဝအကျိုးပြုဆေးဝါးတစ်မျိုးသည် ကလေးများ၏ အော်တစ်ဇင်ရောဂါလက္ခဏာများနှင့် စိတ်အားတက်ကြွလွန်ကဲမှုရောဂါ(ADHD) လက္ခဏာများကို လျှော့ချရာတွင် အထောက်အကူပြုနိုင်ကြောင်း ဇူလိုင် ၁၀ ရက် သတင်းများအရ သိရသည်။

စပိန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Lactiplantibacillus plantarum နှင့် Levilactobacillus brevis ဗက်တီးရီးယားများ ထည့်သွင်းထားသည့် ဇီဝအကျိုးပြုဆေးများသည် ကလေးများ၏အော်တစ်ဇင်ရောဂါလက္ခဏာများနှင့် ADHD ရောဂါလက္ခဏာများကို သီတင်း ၁၂ ပတ်အတွင်း လျှော့ချပေးနိုင်ကြောင်း သိရသည်။

အထက်ပါ ဗက်တီးရီးယားနှစ်မျိုးတို့သည် ဒိန်ချဉ်၊ ကင်မ်ချီကဲ့သို့အချဉ်ဖောက်ထားသောအစားအစာများထဲတွင် ရှိနေတတ်သော ဗက်တီးရီးယားများ ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဗက်တီးယားနှစ်မျိုးစလုံးသည် လှုပ်ရှားမှုနှင့် အာရုံစူးစိုက်မှုတို့ကို ထိန်းညှိပေးသည့် Dopamin နှင့် GABA ခေါ် ဓာတုပစ္စည်းနှစ်မျိုး ဦးနှောက်အတွင်း ပေါ်ထွက်မှုကို မြှင့်တင်ပေးနိုင်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# နော်တင်ဟမ်အသင်းမှ ဂစ်ဗ်ိုက်ကို စပါးအသင်းက စာချုပ်ဖျက်သိမ်းကြေးဖြင့် ကမ်းလှမ်း

လန်ဒန် ဇူလိုင် ၁၁

စပါးအသင်းသည် ကွင်းလယ်တိုက်စစ်ကစားသမား ကူဒက်ကို ခေါ်ယူနိုင်ပြီးနောက် ကစားသမားဖြည့်တင်းမှု ထပ်မံပြုလုပ်လိုသောကြောင့် နော်တင်ဟမ်အသင်းတွင် ခြေစွမ်းပြကစားနေသည့် ဂစ်ဗ်ိုက်ကို စာချုပ်ဖျက်သိမ်းကြေး စတာလင်ပေါင် သန်း ၆၀ ဖြင့် ကမ်းလှမ်းခဲ့ရာ သဘောတူညီမှုရရှိရန် နီးစပ်နေကြောင်းသိရသည်။

စပါးအသင်းသည် နည်းပြသစ်ဖရန့်ရောက်ရှိလာချိန်တွင် ပရီးမီးယားလိဂ်မှ တိုက်စစ်ကစားသမားများကိုခေါ်ယူရန် ပစ်မှတ်ထားခဲ့ရာ ဝက်စ်ဟမ်းအသင်း ကွင်းလယ်တိုက်စစ် ကစားသမား ကူဒက်ကို ခေါ်ယူနိုင်ခဲ့ပြီး နော်တင်ဟမ်အသင်းမှ ဂစ်ဗ်ိုက်ကို စာချုပ်ဖျက်သိမ်းကြေး စတာလင်ပေါင် သန်း ၆၀ ဖြင့် ကမ်းလှမ်းခဲ့သည်။

ဂစ်ဗ်ိုက်သည် ယခုအပြောင်းအရွှေ့ကာလအတွင်း မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာအနေဖြင့် ရိုင်ယန်ချာကီကို မခေါ်ယူမီက အပိုဆုကြေးအပါအဝင် စတာလင်ပေါင် ၆၅ သန်းဖြင့် ခေါ်ယူရန် ကြိုးပမ်းခဲ့သည့် ကစားသမားတစ်ဦးဖြစ်သကဲ့သို့ စပါးအသင်းကလည်း ကာလရှည်စိတ်ဝင်စားခဲ့သည့်အတွက် ဂစ်ဗ်ိုက်ကိုခေါ်ယူရန် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းကတည်းက ဆွေးနွေးမှုများ ပြုလုပ်နေခြင်းဖြစ်သည်။

စပါးအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက အမှတ်ပေးပြိုင်ပွဲ၌ အဆင့်(၁၇)နေရာတွင်သာ ရပ်တည်နိုင်ခဲ့သော်လည်း ယူရိုပါလိဂ်ဆုဖလား ရခဲ့သောကြောင့် လာမည့်နှစ်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲ ကစားရမည်ဖြစ်၍ တိုက်စစ်ပိုင်းလိုအပ်ချက်များ ဖြည့်တင်းလျက်ရှိရာ ဝက်စ်ဟမ်းအသင်းမှ ကူဒက်ကို ခေါ်ယူနိုင်ခဲ့ပြီးနောက် တောင်ပံကစားသမား ဂစ်ဗ်ိုက်ကို စာချုပ်ဖျက်သိမ်းကြေးဖြင့် ထပ်မံခေါ်ယူနိုင်ရန် သဘောတူညီမှုရခဲ့သောကြောင့် ကစားသမားအနေဖြင့် ဆေးစစ်မှုခံယူရန် ပြုလုပ်နေကြောင်း သိရသည်။

Ref : Daily mail

Trs : ML



# ၂၀၂၅ အမျိုးသမီး ယူရိုပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ဆွစ်ဇာလန်အသင်း ပထမဆုံးအကြိမ်တက်ရောက်



ဇူးရစ် ဇူလိုင် ၁၁

၂၀၂၅ အမျိုးသမီးယူရိုပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်တွင် အိမ်ရှင်ဆွစ်ဇာလန်အသင်းနှင့် ဖင်လန်အသင်းတို့ကစားခဲ့ရာ ဆွစ်ဇာလန်အသင်းက နောက်ကျသွင်းဂိုးဖြင့် သရေရလဒ် ကစားနိုင်ခဲ့သောကြောင့် အုပ်စုဒုတိယနေရာဖြင့် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ပြီး ယူရိုပြိုင်ပွဲသမိုင်းတွင် ပထမဆုံးအကြိမ် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဆွစ်ဇာလန် အမျိုးသမီးအသင်းနှင့် ဖင်လန်အမျိုးသမီးအသင်းတို့သည် အုပ်စုအဆင့်တွင် တစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် ရမှတ်တူနေသဖြင့် လက်ရှိပွဲစဉ်သည် ကွာတားဖိုင်နယ်တက်ရောက်ရေးအတွက် အဆုံးအဖြတ် ဖြစ်နေသောကြောင့် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်နှင့်တစ်ဖက် ဂိုးပေါက်ခြိမ်းခြောက်မှုများသာ ပြုလုပ်နိုင်ခဲ့ပြီး ပထမပိုင်းတွင် ဂိုးရရှိရန် ခက်ခဲခဲ့သည်။

ဒုတိယပိုင်း ပွဲကစားချိန်တွင် နှစ်သင်းစလုံး လူစားလဲမှုများ ပြုလုပ်၍ ဦးဆောင်ဂိုးရရှိရေး တိုက်စစ်မြှင့်တင်ခဲ့ရာ ပွဲကစားချိန် ၇၉ မိနစ်တွင် ဖင်လန်အမျိုးသမီးအသင်းက ပင်နယ်တီမှ ဦးဆောင်ဂိုးရယူနိုင်ခဲ့ပြီးနောက် ပြိုင်ဘက်ကို ထိန်းချုပ်ရန် ကြိုးပမ်းလာသော်လည်း ဆွစ်ဇာလန်အမျိုးသမီးအသင်းက ချေပဂိုးရရှိရေး အစွမ်းကုန်ကြိုးပမ်းလာခဲ့ရာ ပွဲကစားချိန် မိနစ် ၉၀ ကျော်တွင် နောက်ကျသွင်းဂိုးရယူ၍ သရေရလဒ်ကစားနိုင်ခဲ့သဖြင့် ဂိုးကွာခြားချက်ဖြင့် အုပ်စုဒုတိယနေရာမှ ကွာတားဖိုင်နယ်အဆင့်သို့ ရောက်ရှိခဲ့ပြီး ကွာတားဖိုင်နယ်ပွဲစဉ်တွင် အုပ်စု (B) ပထမနေရာမှအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

Ref : Espn

Trs : ML

# ဇူလိုင်လအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် မြန်မာ့လက်ရွေးစင်အသင်း ကမ္ဘာ့အဆင့် (၁၆၀)၌ ရပ်တည်

ရန်ကုန် ဇူလိုင် ၁၁

ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ် (ဖီဖာ)၏ ဇူလိုင်လအတွက် ကမ္ဘာ့အဆင့် သတ်မှတ်ချက်များအရ မြန်မာ့လက်ရွေးစင် အသင်းသည် ကမ္ဘာ့အဆင့် နှစ်ဆင့်မြင့်တက်လာခဲ့ပြီး ကမ္ဘာ့အဆင့်(၁၆၀) နေရာ၌ ရပ်တည်လျက်ရှိနေကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် အသင်းသည် ပြီးခဲ့သည့် ဇွန်လအတွင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် အသိအမှတ်ပြု ပြိုင်ပွဲအဖြစ်ကစားခဲ့သည့် အာရှဖလားခြေစစ်ပွဲတွင် ပါကစ္စတန်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ဇူလိုင်လအတွက် ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင် ရမှတ် ၈ ဒသမ ၈၅ မှတ် တိုးမြင့်လာခဲ့ပြီး စုစုပေါင်း ရမှတ် ၁၀၀၄ မှတ်ဖြင့် နှစ်ဆင့်မြင့်တက်လာခဲ့ကာ ကမ္ဘာ့အဆင့်(၁၆၀)၌ ရပ်တည်နေခြင်းဖြစ်သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)၏ ဇူလိုင်လအတွက် ကမ္ဘာ့အဆင့် သတ်မှတ်ချက်များအရ အာဆီယံဒေသတွင်းဇုန်တွင် ထိုင်းအသင်းက ကမ္ဘာ့အဆင့်(၁၀၂)ဖြင့် အာဆီယံအဆင့်(၁)၊ ဗီယက်နမ်အသင်းက ကမ္ဘာ့အဆင့် (၁၁၃)ဖြင့် အာဆီယံအဆင့် (၂)၊ အင်ဒိုနီးရှားအသင်းက ကမ္ဘာ့အဆင့်(၁၁၈)ဖြင့် အာဆီယံအဆင့်(၃)၊ မလေးရှားအသင်းက ကမ္ဘာ့အဆင့်(၁၂၅)ဖြင့် အာဆီယံအဆင့်(၄)၊ ဖိလစ်ပိုင်အသင်းက ကမ္ဘာ့အဆင့် (၁၄၅)ဖြင့် အာဆီယံအဆင့် (၅)၊ စင်ကာပူအသင်းက ကမ္ဘာ့အဆင့်(၁၅၉)ဖြင့် အာဆီယံအဆင့်(၆)၊ မြန်မာအသင်းက ကမ္ဘာ့အဆင့်(၁၆၀)ဖြင့် အာဆီယံအဆင့်(၇)၊ ကမ္ဘောဒီးယားအသင်းက ကမ္ဘာ့အဆင့်(၁၈၀)ဖြင့် အာဆီယံအဆင့် (၈)၊ ဘရူနိုင်းအသင်းက ကမ္ဘာ့အဆင့်(၁၈၃) ဖြင့် အာဆီယံအဆင့်(၉) လာအိုအသင်းက ကမ္ဘာ့အဆင့်(၁၈၅) ဖြင့် အာဆီယံအဆင့်(၁၀)နှင့် တီမောလက်စ်တေ အသင်းက ကမ္ဘာ့အဆင့်(၁၉၅)ဖြင့် အာဆီယံအဆင့်(၁၁) နေရာတို့တွင် ရပ်တည်လျက်ရှိနေကြောင်း သိရသည်။

STA

# ကာလရှည်ဒဏ်ရာရနေသည့် တောင်ပံကစားသမား မူစီအာလာနေရာတွင် ဆိုင်မွန်နှင့်အစားထိုးရန် ဘိုင်ယန်မြူးနစ်ကြိုးပမ်း

မြူးနစ် ဇူလိုင် ၁၁

ဘိုင်ယန်မြူးနစ်အသင်းသည် အသင်းတိုက်စစ်ပိုင်း အတွက် ကာလရှည် ဒဏ်ရာရနေသည့် တောင်ပံကစားသမား မူစီအာလာနေရာတွင် အစားထိုးနိုင်ရန်အတွက် လိုက်ပ်ဇစ်အသင်းတွင် ခြေစွမ်းပြသနေသည့် တောင်ပံကစားသမား ဆိုင်မွန်နှင့် အစားထိုးရန် ကြိုးပမ်းလျက်ရှိသည်။



ဘိုင်ယန်မြူးနစ် အသင်းသည် လက်ရှိ အပြောင်းအရွှေ့ကာလအတွင်း တိုက်စစ်ပိုင်းဖြည့်တင်းရန်အတွက် လေဗာကူဆင်အသင်းမှ တောင်ပံကစားသမား ဖလိုရီယန်ဝစ်ကိုခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း ကစားသမားအနေဖြင့် လီဗာပူးအသင်းသို့ စတာလင်ပေါင် ၁၆၆ သန်းဖြင့် ပြောင်းရွှေ့ခဲ့သကဲ့သို့ ဘီလ်ဘာအိုအသင်းမှ တောင်ပံကစားသမား နစ်ကိုးဝီလျံကို ထပ်မံခေါ်ယူရန် စီစဉ်ခဲ့သော်လည်း ဘီလ်ဘာအိုအသင်းက ကစားသမားကို ကာလရှည် သက်တမ်းတိုးခဲ့သဖြင့် လက်လျှော့ခဲ့ရသည်။

ယခုအခါ ဘိုင်ယန်မြူးနစ်အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက ခေါ်ယူရန်ကြိုးပမ်းခဲ့သည့် လိုက်ပ်ဇစ်အသင်းမှ ဆိုင်မွန်ကို ထပ်မံခေါ်ယူရန် ဆုံးဖြတ်ခဲ့ပြီး အသင်းတွင် ကာလရှည် ဒဏ်ရာကြောင့် အနားယူရမည့် မူစီအာလာနေရာတွင် အစားထိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆိုင်မွန်သည် ပြီးခဲ့သည့် ဘောလုံးရာသီက လိုက်ပ်ဇစ်အသင်းအတွက် ပြိုင်ပွဲစုံ ၃၃ ပွဲတွင် သွင်းဂိုး ၁၁ ဂိုးနှင့် ဂိုးဖန်တီးမှု ရှစ်ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သော်လည်း ဘောလုံးရာသီ ကုန်ဆုံးချိန်တွင် အသင်းအနေဖြင့် အမှတ်ပေးဇယား အဆင့်(၇)နေရာတွင်သာ ရပ်တည်နိုင်ခဲ့သဖြင့် လာမည့်နှစ် ချန်ပီယံလိဂ်ပြိုင်ပွဲ ကစားခွင့် ဆုံးရှုံးခဲ့သောကြောင့် အသင်းမှထွက်ခွာရန် ဆန္ဒရှိနေပြီး ဘိုင်ယန်မြူးနစ်အသင်းက လိုက်ပ်ဇစ်အသင်းနှင့် ဆွေးနွေးမှုများ ပြုလုပ်နေသောကြောင့် ခေါ်ယူနိုင်ရန် သေချာလျက်ရှိကြောင်း သိရသည်။

Ref : 90min

Trs : ML

## အားကစားသတင်းအတိုအထွာများ

- ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူရန်ကြိုးပမ်းနေသည့် တောင်ပံကစားသမား လူးဝစ်ဒီယက်ဇ်ကို ပြောင်းရွှေ့ကြေး ယူရို သန်း ၈၀ ဖြင့်ရောင်းချမည်ဖြစ်ကြောင်း လီဗာပူးအသင်းက ထုတ်ပြန်ခဲ့သည်။
- လူငယ်တိုက်စစ်မှူး အန်းဒရစ်သည် တံကောက်ကြော ကြွက်သားဒဏ်ရာမှ ပြန်လည်သက်သာလာသော်လည်း ကြံ့ခိုင်မှုပြည့်ဝရန်အတွက် ရက်သတ္တ သုံးပတ်ခန့် ထပ်မံအနားယူရမည်ဖြစ်ကြောင်း ရီးရဲလ်မက်ဒရစ်အသင်းက ပြောကြားခဲ့သည်။
- ချဲလ်ဆီးအသင်းသည် စိန့်အီတိန်းအသင်းမှ ခေါ်ယူထားသည့် အသက် ၁၉ နှစ်ရှိ ကွင်းလယ်ကစားသမား မာသစ်အာမိုဂူကို ငါးလအကြာတွင် အကျိုးတူပူးပေါင်းထားသည့် စထရာဘော့အသင်းသို့ အပြီးသတ်ဝယ်ယူခွင့်ပါရှိသည့် အငှားစာချုပ်ဖြင့် စေလွှတ်ခဲ့ကြောင်း သိရသည်။

ML

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် (၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကျင်းပ



နေပြည်တော် ဇူလိုင် ၁၁

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနကကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့နှင့်မြန်မာနိုင်ငံဘောလုံးအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ယနေ့တွင် ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဇုန်လေးဇုန်ခွဲ၍ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဖွင့်ပွဲများသို့ သက်ဆိုင်ရာဇုန်များအလိုက် အားကစားကွင်းအသီးသီးတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အားကစားဝါသနာရှင်ပရိသတ်အင်အား ၉၀၀၀ ကျော်ခန့် တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ယနေ့ ဘောလုံးပြိုင်ပွဲ ပွဲစဉ်များအဖြစ် ညနေ ၃ နာရီမှစတင်၍ ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်းတွင် ကရင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကရင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်းတွင် ကချင်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ကွင်းတွင် ပဲခူးတိုင်းဒေသကြီး အသင်းနှင့် ချင်းပြည်နယ်အသင်းတို့ ကစားခဲ့ရာ နှစ်ဖက်စလုံး ဂိုးမရှိသရေရလဒ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းတွင် ဧရာဝတီတိုင်းဒေသကြီး အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို ကိုးဂိုး ဂိုးမရှိဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြောင်း သိရသည်။ STA

# ISCO Championship ဂေါက်သီးရိုက် ပြိုင်ပွဲ အမှတ်ပေးဇယားကို ချန်ကင်မ်ဦးဆောင်

ကန်တပ်ကီ ဇူလိုင် ၁၁

အမေရိကန်နိုင်ငံ ကန်တပ်ကီပြည်နယ်တွင် ကျင်းပနေသည့် ISCO Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမားချန်ကင်မ်က သတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား မယ်နာတီ၊ ဂျာမနီဂေါက်သီးရိုက်ကစားသမား ရှိဆန်မူလာနှင့် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား ရှင်ခွန်တို့က သတ်မှတ်ရိုက်ချက်ထက် ငါးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိကြောင်း သိရသည်။

ချန်ကင်မ်သည် Japan Golf Tour ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုဖလား ရှစ်ကြိမ်ထိ ရရှိခဲ့ဖူးသော်လည်း PGA Tour ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုအားဆွတ်ခူးနိုင်သေးခြင်းမရှိဘဲ ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

ချန်ကင်မ်က "ပထမနေ့မှာ ကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်ပိုင်းနဲ့ပတ်သက်ပြီး ဝမ်းသာဂုဏ်ယူပါတယ်။ PGA Tour ဟာ ပိုပြီးတော့ခက်ခဲတဲ့ ပြိုင်ပွဲဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ရလဒ်တွေ သိပ်မကောင်းခဲ့ဘူး။ နောက်ဆုံးယှဉ်ပြိုင်ခဲ့တဲ့ ပြိုင်ပွဲခုနစ်ရပ်မှာ ပြိုင်ပွဲခြောက်ရပ်လောက်ထိ Cut စာရင်းပါသွားခဲ့တယ်။ အခုဒီပြိုင်ပွဲမှာတော့ ဒီလိုအခြေအနေမျိုးနဲ့ မကြုံနိုင်တော့ဘူး။ ဒါပေမဲ့လဲ နောက်ဆုံးနေ့အထိ အခုလိုပုံစံကောင်းမျိုး ကစားနိုင်ဖို့တော့ လိုအပ်လိမ့်မယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL



# အေစီမီလန်အသင်းနှင့် ကိုမိုအသင်းတို့ကစားမည့် အီတလီစီးရီးအေပွဲစဉ်ကို ဩစတြေးလျနိုင်ငံတွင်ကျင်းပရန် အီတလီဘောလုံးအဖွဲ့ချုပ် ခွင့်ပြုပေး

ရောမ ဇူလိုင် ၁၁

လာမည့် ဘောလုံးရာသီ အီတလီစီးရီးအေပြိုင်ပွဲတွင် အေစီမီလန်အသင်းနှင့် ကိုမိုအသင်းတို့ ကစားမည့်ပွဲစဉ်ကို ဩစတြေးလျနိုင်ငံတွင် ကျင်းပရန်အတွက် အီတလီစီးရီးအေအဖွဲ့ချုပ်က ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

ဩစတြေးလျနိုင်ငံ အစိုးရက လာမည့်ဘောလုံးရာသီ အီတလီစီးရီးအေပြိုင်ပွဲတွင် အီတလီစီးရီးအေပွဲစဉ်တစ်ပွဲကို ၎င်းတို့၏ ဩစတြေးလျနိုင်ငံတွင် ကျင်းပခွင့်ပေးရန်အတွက် အီတလီနိုင်ငံဘောလုံးအဖွဲ့ချုပ်ထံ တောင်းဆိုခဲ့ပြီးနောက် အီတလီနိုင်ငံဘောလုံးအဖွဲ့ချုပ်လည်း အေစီမီလန်အသင်းနှင့် ကိုမိုအသင်းတို့ ကစားမည့်ပွဲစဉ်ကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

အီတလီနိုင်ငံဘောလုံးအဖွဲ့ချုပ်က လာမည့်ဘောလုံးရာသီ အီတလီစီးရီးအေ ပြိုင်ပွဲအဖြစ် အေစီမီလန်အသင်းနှင့် ကိုမိုအသင်းတို့ကစားမည့်ပွဲစဉ်ကို လာမည့် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၆ ရက် သို့မဟုတ် ၇ ရက်တွင် ဩစတြေးလျနိုင်ငံ၌ ကျင်းပရန်ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

အီတလီနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ပြည်တွင်း ဖလားပွဲစဉ်များကို အီတလီ ပြည်တွင်းမဟုတ်သည့် ပြည်ပနိုင်ငံတွင် ကျင်းပလျက်ရှိသော်လည်း အီတလီစီးရီးအေ ပြိုင်ပွဲကို အီတလီနိုင်ငံမဟုတ်သည့်ပြည်တွင် ကျင်းပလေ့မရှိခဲ့ဘဲ ယခုအခါ ပထမဆုံးအကြိမ်အဖြစ် ကျင်းပခွင့်ပေးခဲ့ခြင်းဖြစ်သည်။

အီတလီဘောလုံး အဖွဲ့ချုပ်က အေစီမီလန်အသင်းနှင့် ကိုမိုအသင်းတို့ကစားမည့် စီးရီးအေပွဲစဉ်ကို ဩစတြေးလျနိုင်ငံတွင် ကျင်းပရန် ခွင့်ပြုပေးခဲ့သော်လည်း ဩစတြေးလျနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ ဥရောပဘောလုံးအဖွဲ့ချုပ်၊ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့် အာရှဘောလုံးအဖွဲ့ချုပ်၏ ခွင့်ပြုချက်များကို ဆက်လက်တောင်းဆိုသွားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Goal.com

Trs : STA

# နေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၁၃)၌ Falcon နှင့် ရှမ်းယူနိုက်တက်အသင်းတို့ နိုင်ပွဲရရှိ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ သရေရလဒ်ထွက်ပေါ်



ရန်ကုန် ဇူလိုင် ၁၁

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၁၃) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ Falcon အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ နိုင်ပွဲရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၁၃)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ရှိ လေ့ကျင့်ရေးကွင်း-၁ တွင် ISPE အသင်းနှင့် Falcon အသင်းတို့ ကစားခဲ့ရာ Falcon အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး Falcon အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၅၆ မိနစ်တွင် ညီညီသန့်က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ပဒုမ္မာအားကစားကွင်းတွင် Junior Lions အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရှမ်းယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၄ မိနစ်တွင် ကောင်းမြင့်ထွဋ်နှင့် ပွဲချိန် ၂၇ မိနစ်တွင် ကောင်းခန့်ဟိန်းတို့က သွင်းယူပေးနိုင်ခဲ့ကာ Junior Lions အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၃၁ မိနစ်တွင် သူရမင်းသန့်က သွင်းယူပေးနိုင်ခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီက ရန်ကုန်မြို့ရှိ YUSC အားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ သုံးဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။ STA

# ဝင်ဘယ်ဒန် ဆီမီးဖိုင်နယ်အဆင့်တွင် ဆာဘာလင်ကာက အန်နီစီမိုဗာကို ရှုံးနိမ့်

လန်ဒန် ဇူလိုင် ၁၁

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပနေသည့် ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် ဘယ်လာရုစ်တင်းနစ်မယ် ဆာဘာလင်ကာနှင့် အမေရိကန်တင်းနစ်မယ် အန်နီစီမိုဗာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အန်နီစီမိုဗာ(၆-၄၊ ၄-၆၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဆာဘာလင်ကာသည် ဗိုလ်စွဲရန် ထိပ်ဆုံးမှ ရေပန်းစားနေသလိုနိုင်ခြေအဆင့်(၁) အဖြစ်လည်း သတ်မှတ်ခံထားရသူ ဖြစ်သော်လည်း ထင်မှတ်မထားသည့် အမှားတချို့ကြောင့် ရှုံးနိမ့်သွားခဲ့ရပြီး ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲတွင် မှတ်တမ်းကောင်းရရှိရန် ရုန်းကန်နေရဆဲဖြစ်ကြောင်းလည်း ဝန်ခံပြောကြားခဲ့သည်။

ဆာဘာလင်ကာက "ဝင်ဘယ်ဒန်ပြိုင်ပွဲနဲ့ ကျွန်မနဲ့ သိပ်ပြီးတော့ မကိုက်ဘူးလို့မှတ်ယူရမယ်။ မှတ်တမ်းကောင်းတွေ မယူနိုင်ဘူးဖြစ်နေတယ်။ မနှစ်တုန်းကလဲ ဒဏ်ရာကြောင့် ပြိုင်ပွဲကနေ စောစောစီးစီး ထွက်ခွာခဲ့ရတယ်။ ၂၀၂၂ ခုနှစ်တုန်းကလဲ နိုင်ငံရေးကိစ္စကြောင့် ပြိုင်ပွဲဝင်ခွင့်မရခဲ့ဘူး။ ဝင်ဘယ်ဒန်ပြိုင်ပွဲမှာ ကျွန်မရဲ့ မှတ်တမ်းတွေက တကယ်ကို စိတ်ပျက်ဖို့ကောင်းပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် ဒီနှစ်ဟာ ကျွန်မအတွက် အောင်မြင်မှုရဖို့ အခွင့်အရေး အကောင်းဆုံးဖြစ်ပါတယ်။ ဆီမီးဖိုင်နယ်အဆင့်အထိတောင် တက်လာနိုင်ခဲ့တယ်။ ဒါပေမဲ့လဲ စိတ်ပျက်စရာကောင်းတဲ့ ရလဒ်နဲ့ပဲ အဆုံးသတ်ခဲ့တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# လူချွန်လူကောင်းများနှင့် အနာဂတ်မြန်မာပြည်

## မန္တလာကိုကိုဝင်း

နိုင်ငံတစ်နိုင်ငံ၏အနာဂတ်လှပမှုသည် လူငယ်မောင်မယ်များ၏ ကြိုးပမ်းအားထုတ်မှုအပေါ်တွင် မူတည်သည်။ လူငယ်တို့အနေဖြင့် ထိုအသိအမြင်များဖြင့် နိုင်ငံတော်ကို ဦးဆောင်ရမည်ဖြစ်သည်။ အသိပညာ၊ အတတ်ပညာများကြွယ်ဝနေမှသာ မိမိနိုင်ငံသည် အခြားနိုင်ငံများနှင့်ရင်ပေါင်းတန်းနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ်မှ ဖွံ့ဖြိုးပြီးနိုင်ငံအဖြစ်သို့ရောက်ရှိအောင် ကြိုးပမ်းလျက်ရှိသည်။ ဖွံ့ဖြိုးပြီးနိုင်ငံအဖြစ်သို့ ရောက်ရှိစေရန်မှာ မျိုးဆက်သစ်လူငယ်များ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရမည်ဖြစ်သည်။ ထိုသို့ မြှင့်တင်ပေးရာတွင် အဓိကကျပြီး အရေးကြီးဆုံးကဏ္ဍမှာ ပညာရေးကဏ္ဍကို မြှင့်တင်ပေးခြင်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏တာဝန်ကို ဦးဆောင်ရသည့်အချိန်မှစ၍ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ် ချမှတ်ကာ ဘက်စုံထောင့်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် လူမှုရေးဦးတည်ချက်၌ "တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး" ဟူသောအချက်များပါရှိသည်။

ဤသည်ကိုကြည့်ပါက ပညာရေးနှင့်ပတ်သက်၍ အထူးအလေးထားဆောင်ရွက်လျက်ရှိကြောင်း ထင်ရှားသည်။ ထိုသို့ ဦးတည်ချက်ချမှတ်ပေးသည့်အပြင် အခြေခံကျောင်းများ၊ တက္ကသိုလ်ကျောင်းများနှင့်ပတ်သက်လာလျှင် ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ အားကစားကွင်းများ အဆင့်မြှင့်တင်ပေးခြင်း၊ ကျောင်းစာကြည့်တိုက်များကို အဆင့်မြှင့်တင်ပေးခြင်း စသည်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် တက္ကသိုလ်ကျောင်းသစ်များဖွင့်လှစ်ပေးခြင်းနှင့် အခြေခံပညာအလယ်တန်းအောင်မြင်ပြီးပါက အသက်မွေးဝမ်းကျောင်းပညာများ ဆက်လက်သင်ယူနိုင်ရေးအတွက် ဆောင်ရွက်ပေးခြင်းများမှာ သိသာထင်ရှားသော စွမ်းဆောင်ချက်များဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို နိုင်ငံ၏ အဓိကကုန်ထုတ်လုပ်အဖြစ်ဆောင်ရွက်နေသည့်အတွက် စိုက်ပျိုးရေးပညာရှင်များ၊ မွေးမြူရေးပညာရှင်များ၊ စက်မှုပညာရှင်များ များစွာလိုအပ်လျက်ရှိသည်။ ထို့ကြောင့်လည်း စိုက်ပျိုး၊ မွေးမြူရေးနှင့် စက်မှုပညာများကို သင်ယူစေခြင်းဖြစ်သည်။

လူငယ်မောင်မယ်များအနေဖြင့် မိမိတို့ဘဝကို မိမိတို့ရုန်းကန်လှုပ်ရှားကြရမည်ဖြစ်ပေရာ မိမိမကြိုးစားလျှင် မိမိသာ ပင်ပန်းဆင်းရဲမည်ဖြစ်သည်။ မိမိကိုယ်သာအားကိုးရာဆိုသည့်အတိုင်း အားကိုးရာအမှန်သည်လည်း မိမိသာဖြစ်သည်။ ပညာကို ထူးချွန်အောင်ကြိုးစားသင်ယူပြီး ပညာဖြင့်အသက်မွေးမြူကြမည်ဆိုလျှင် မိမိသည်လည်းအဆင်ပြေ၊ နိုင်ငံတော်အတွက်လည်း အဆင်ပြေမည်ဖြစ်သည်။ ရှင်မဟာသီလဝံသရေးသားသော ပါရာယနဝတ္ထုမှ ကောက်နုတ်ထားသည့်သစ္စာနှင့်ပညာစကားပြေတွင် "ပညာဖြင့်အသက်မွေးသောသူ၏ အသက်ရှင်ခြင်းသည်လျှင် မြတ်သောအသက်ရှင်ခြင်းမည်သည်"ဟု ဖော်ပြထားကြောင်း သိရသည်။ သူ့စီးပွား၊ မိမိစီးပွားကို မသိသောသူကား မျက်စိနှစ်ဖက်လုံးချို့သည်မည်၏။ မိမိစီးပွားကိုသာသိ၍ သူ့စီးပွားကိုမသိသူကား မျက်စိတစ်ဖက်ချို့သည်မည်၏။ နှစ်ပါးစုံကို သိသောသူကား မျက်စိနှစ်ဖက်ရှိသည်မည်၏ဟု ဖော်ပြထားသည်။ အထက်ပါဆိုလိုချက်ကို ယနေ့အခြေအနေနှင့်ဆိုရသော် မိမိသည်ပညာကိုလည်း တတ်အောင်မသင်၊ နိုင်ငံကိုလည်းကောင်းကျိုးမပြုသည်ရှိသော် မျက်စိနှစ်လုံးကွယ်နေသူပမာဖြစ်သည်။ မိမိသည် ပညာကိုတတ်မြောက်အောင်သင်ယူထားသော်လည်း မိမိနိုင်ငံကို အကျိုးမပြုခဲ့သည်ရှိသော မျက်စိတစ်လုံးသာရှိသူပမာဖြစ်သည်။ မိမိသည် ပညာကိုလည်းတတ်အောင်သင်ကြားမည်၊ မိမိတတ်မြောက်ထားသော

**❖လူငယ်မောင်မယ်များအနေဖြင့် မိမိတို့ဘဝကို မိမိတို့ရုန်းကန်လှုပ်ရှားကြရမည်ဖြစ်ပေရာ မိမိမကြိုးစားလျှင် မိမိသာ ပင်ပန်းဆင်းရဲမည်ဖြစ်သည်။ မိမိကိုယ်သာအားကိုးရာဆိုသည့်အတိုင်း အားကိုးရာအမှန်သည်လည်း မိမိသာဖြစ်သည်။ ပညာကို ထူးချွန်အောင်ကြိုးစားသင်ယူပြီး ပညာဖြင့် အသက်မွေးမြူကြမည်ဆိုလျှင် မိမိသည်လည်းအဆင်ပြေ၊ နိုင်ငံတော်အတွက်လည်း အဆင်ပြေမည်ဖြစ်သည်။ ရှင်မဟာသီလဝံသရေးသားသော ပါရာယနဝတ္ထုမှကောက်နုတ်ထားသည့် သစ္စာနှင့်ပညာစကားပြေတွင် "ပညာဖြင့် အသက်မွေးသောသူ၏ အသက်ရှင်ခြင်းသည်လျှင် မြတ်သောအသက်ရှင်ခြင်းမည်သည်"ဟု ဖော်ပြထားကြောင်း သိရသည်။ ❖**

ပညာဖြင့်လည်း နိုင်ငံတော်ကို ကောင်းကျိုးပြုမည်ဆိုပါလျှင် မျက်စိနှစ်လုံးရှိသူနှင့်ပမာတူသည် သို့မဟုတ် မျက်စိနှစ်ကွင်းလုံး အလင်းရောင်မြင်ရသည်နှင့်ပမာတူလှသည်။ အမှောင်ခွင်း၍ အလင်းကိုဆောင်နိုင်သည်မှာ ပညာသာဖြစ်သည်။

လူငယ်မောင်မယ်ဆိုသည်မှာ အပြေးပြိုင်ပွဲတစ်ခုတွင် စတင်တာလွှတ်သည့်နေရာ၌ ယှဉ်ပြိုင်ရန်စောင့်နေသူများနှင့်ပမာတူလှသည်။ ခရာမှုတ်လိုက်သည်နှင့် မိမိတို့ရည်မှန်းချက်ပန်းတိုင်ကို ရောက်အောင်ပြေးရမည်ဖြစ်သည်။ မိမိဦးတည်သည့်ပန်းတိုင်သို့ရောက်စေရန်အတွက် ဆုံးဖြတ်ချက်ပိုင်ပိုင်နိုင်နိုင်ချမှတ်ထားရမည်ဖြစ်သည်။

လူငယ်များကို ပြည့်စုံအောင်ဖြည့်ဆည်းပေးခြင်းသည် နိုင်ငံတော်၏အနာဂတ်ကို အလှဆင်နိုင်ရန်အတွက်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူငယ်ကဏ္ဍကိုမြှင့်တင်လျက်ရှိရာတွင် အခြေခံအကျဆုံးသောပညာရေးတွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေးကို ဆောင်ရွက်လျက်ရှိသည်။ အခမဲ့ပညာရေးစနစ်ဖြင့် ဆင်းရဲသူများကိုလည်း ကျောင်းမထားနိုင်သည့်အဖြစ်မျိုးမကြုံစေရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်သည်။ ရပ်ကွက်၊ ကျေးရွာများတွင် မိမိတို့ပတ်ဝန်းကျင်ရှိ လူငယ်များကို ပညာရေးနှင့်ပတ်သက်လာလျှင် အားပေးကြရမည်ဖြစ်သည်။ အားပေးခြင်းနှင့်အတူ ကျောင်းမတက်သည့် ကလေးငယ်များကိုလည်း ကျောင်းတက်နိုင်ရေး ကူညီကြရမည်ဖြစ်သည်။ ဤအရေးသည် မိဘ၊ ဆရာများနှင့် ရပ်မိရပ်ဖများအပေါ်တွင်လည်း တည်မှီသည်။ လူငယ်တို့ကောင်းကျိုးအတွက် လူကြီးများအနေဖြင့် အမုန်းခံကာ ပြောဆိုကြရမည်ဖြစ်သည်။ ထိုသို့ပြောဆိုခြင်းမှာ နိုင်ငံ့ကောင်းကျိုးကို ရှေးရှုဆောင်ရွက်ပေးခြင်းဖြစ်သည်။

လူငယ်များပညာသင်ကြားရေးတွင် အနှောင့်အယှက်မှန်သမျှကို ဖယ်ရှားပေးရမည်ဖြစ်သည်။ ဆေးလိပ်သောက်ခြင်း၊ လောင်းကစားလုပ်ခြင်း၊ ဂိမ်းကိုစွဲလမ်းစွာကစားခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းတို့သည် လူငယ်တို့၏ အနာဂတ်ကို ပျက်စီးစေမည်ဖြစ်သည်။ အရာရာတွင် ယှဉ်ပြိုင်နေရသောအချိန်ကာလ၌ ပညာရေးကိုထူးချွန်စွာကြိုးစားကြရမည်ဖြစ်သည်။ အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်အမြော်အမြင်တို့ ရှင်သန်နေစေရေးအတွက် စာကြည့်တိုက်များတွင် စာကောင်းပေကောင်းများကိုလည်း ဖတ်မှတ်ကြရမည်ဖြစ်သည်။ စာပေသည် မလိမ္မာသူကို လိမ္မာယဉ်ကျေးအောင် ဆုံးမနိုင်သည်။ လူငယ်ဆိုသည်မှာ ဗလငါးတန်နှင့်ပြည့်ဝနေရမည်ဖြစ်သည်။ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ ဘောဂဗလ၊ မိတ္တဗလဟူသော ဗလငါးတန်ပြည့်ဝနေမည်ဆိုလျှင် ပညာပြည့်ဝ၍ နှလုံးလှသူဖြစ်နေပေလိမ့်မည်။

လူတော်၊ လူကောင်းဟူသော ဆိုစကားအတိုင်း လူသည် တော်လည်းတော်ရမည်။ ကောင်းလည်းကောင်းနေရမည်ဖြစ်သည်။ ပညာအရည်အချင်းတွင် တော်နေသကဲ့သို့ အကျင့်စာရိတ္တပိုင်းတွင်လည်း ကောင်းမွန်နေရမည်ဖြစ်သည်။ သို့မှသာ နောင်တစ်ခေတ်တွင် ခေါင်းဆောင်ဖြစ်လာကြသည့်အခါ နိုင်ငံတော်က အားကိုးအားထားပြုထိုက်သည့် ခေါင်းဆောင်များဖြစ်လာပေလိမ့်မည်။ ထိုသို့ဖြစ်လာစေရန်အတွက် နိုင်ငံတော်အစိုးရက အလေးအနက်ထားဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ နိုင်ငံအတွက်၊ လူငယ်များအတွက် ရှေ့ရေးကိုတွေးကာ ဆောင်ရွက်ခြင်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇွန် ၁၁ ရက်က ပြင်ဦးလွင်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ၊ ဆရာမများကို တွေ့ဆုံအမှာစကားပြောကြားစဉ် **"နိုင်ငံတော်အနေဖြင့်လည်း ပညာရေးကို ဘက်ပေါင်းစုံမှ အားပေးမြှင့်တင်လျက်ရှိပြီး သင်ကြားရေးဝန်ထမ်းများအတွက်လည်း ဝတ်စုံစရိတ်များ၊ အိမ်ငှားခများ ထောက်ပံ့ကြေးများ၊ ပညာရပ်ပိုင်းဆိုင်ရာ ချီးမြှင့်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးနေခြင်းမှာ သင်ကြားရေးတာဝန်ယူထားရသည့် ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့၏လုပ်ငန်းတာဝန်များကို ပျော်ပျော်ရွှင်ရွှင်ဖြင့် ကျေပွန်စွာ၊ အာရုံစူးစိုက်မှုအပြည့်ရှိစွာဖြင့် ထမ်းဆောင်စေလို၍ ဖြစ်ကြောင်း၊ အနာဂတ်တိုင်းပြည်အတွက် စိတ်ဓာတ်စည်းကမ်းကောင်းမွန်သည့်၊ အရည်အသွေးပိုမိုကောင်းမွန်သည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး ဆရာ၊ ဆရာမများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်အနေဖြင့် တစ်နိုင်ငံလုံး ပညာရည်မြင့်မားစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဆရာ၊ ဆရာများအနေဖြင့်လည်း ကျောင်းသား၊ ကျောင်းသူများ ပညာရည်မြင့်မားရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ ဆိုရလျှင် ဆရာ၊ ဆရာမဥယျာဉ်မှူးများအနေဖြင့် မိမိဥယျာဉ်ရှိ ပန်းများအသွင် ကျောင်းသား၊ ကျောင်းသူများ ဝင့်ဝင့်ကြွားကြွားပွင့်လန်းနိုင်ရေး ဆောင်ရွက်ပေးရန်လိုအပ်သည်။ ထိုသို့ ဆောင်ရွက်ပေးရာ၌ လိုအပ်ချက်များရှိသည်ကိုလည်း နိုင်ငံတော်က အလေးထားပံ့ပိုးပေးလျက်ရှိသည်။ တစ်ဦးက စေတနာ၊ တစ်ဦးကမေတ္တာဆိုသည့်အတိုင်း နိုင်ငံတော်က ဆရာ၊ ဆရာမများအပေါ် စေတနာထားသကဲ့သို့ ဆရာ၊ ဆရာမများကလည်း နိုင်ငံတော်အပေါ် မေတ္တာထားရှိရမည်ဖြစ်သည်။ တာဝန်အပေါ်တွင် စေတနာထည့်၍ဆောင်ရွက်ခြင်းဖြင့် လူတော်လူကောင်းကလေးများ ပေါ်ထွန်းလာစေရေးကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက ဆိုစကားသည် အစဉ်အမြဲမှန်ကန်နေမည့် အမှန်တရားဖြစ်သည်။ စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာဟူသော အချက်သုံးချက်သည် နိုင်ငံ့သားကောင်းများဖြစ်လာရေးအတွက် ပင်မအခြေခံဖြစ်သည်။ စိတ်ဓာတ်ကောင်းဖြင့် အလုပ်လုပ်ခြင်း၊ စည်းကမ်းစနစ်တကျကောင်းမွန်ခြင်းတို့နှင့်အတူ သစ္စာတရားထားရှိရမည်ဖြစ်သည်။ သစ္စာတရားတွင် နိုင်ငံတော်အပေါ်သစ္စာထားရှိခြင်းသည် နိုင်ငံသားတိုင်းရှိရမည့် စိတ်ဓာတ်ဖြစ်သည်။ ထိုသို့ သစ္စာထားရှိနိုင်ရေးအတွက် မိမိနိုင်ငံကို ချစ်မြတ်နိုးရမည်။ မိမိသင်ကြားတတ်မြောက်ထားသည့်ပညာအပေါ် ချစ်မြတ်နိုးတန်ဖိုးထားရမည်။ ပညာမတတ်သူတွင် မှန်ကန်သောအတွေးအခေါ်မရှိနိုင်သကဲ့သို့ ပညာတတ်ထားသော်လည်း နိုင်ငံချစ်စိတ်၊ ပညာချစ်စိတ်မရှိပါက မှန်ကန်သောအတွေးအခေါ်ရှိမည်မဟုတ်ပေ။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့များသို့ သွားရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို စဉ်ဆက်မပြတ်လမ်းညွှန်မှာကြားလျက်ရှိသည်။ ထိုသို့ မှာကြားနေရခြင်းမှာ ဒေသအကျိုး၊ နိုင်ငံ့အကျိုးကို ဖော်ဆောင်သွားနိုင်ရေးအတွက် လုပ်ဆောင်နေခြင်းသာဖြစ်သည်။ နိုင်ငံ့အရေးလုပ်ဆောင်မှုမှန်သမျှတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် အဓိကကျသော ပညာရေးကဏ္ဍမြင့်မားရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် အလေးထားဆောင်ရွက်နေသည့် ပညာရေးကဏ္ဍမြင့်မားရေးကို ဆရာ၊ ဆရာမများ၊ မိဘအုပ်ထိန်းသူများ၊ ကျောင်းသား၊ ကျောင်းသူများက အလေးထားလိုက်ပါလုပ်ဆောင်ခြင်းဖြင့် လူချွန်လူကောင်းများနှင့် အနာဂတ်မြန်မာပြည်ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

**ကိုးကား**

**- ဇွန် ၁၂ ရက်ထုတ် သတင်းစာ။**

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အီရတ်က တောင်ကိုရီးယားထုတ် Cheongung-II လေကြောင်းရန်ကာကွယ်ရေးစနစ်၏ ပထမဆုံးတစ်သုတ်လက်ခံရန်ပြင်ဆင်



အီရတ်နိုင်ငံသည် တောင်ကိုရီးယားနိုင်ငံထုတ် Cheongung-II လေကြောင်းရန်ကာကွယ်ရေးစနစ်၏ ပထမဦးဆုံးတစ်သုတ်ကိုလက်ခံရန် ပြင်ဆင်မှုများပြုလုပ်နေပြီဖြစ်ကြောင်း Army Recognition သတင်းဌာနက ဇူလိုင် ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

KM-SAM Block II ဟုလည်းခေါ်ဆိုလေ့ရှိသော အဆိုပါလက်နက်စနစ်ကို လာမည့်လအနည်းငယ်အတွင်း ပေးပို့နိုင်မည်ဟု မျှော်လင့်ထားကြောင်းအီရတ်နှင့် တောင်ကိုရီးယားနိုင်ငံပိုင် သတင်းရင်းမြစ်နှစ်ခုစလုံးမှ တရားဝင်ထုတ်ပြန်ချက်များအရ သိရှိရသည်။

အီရတ်နိုင်ငံ ကာကွယ်ရေးဝန်ကြီး Thabet al-Abbasi က အဆိုပါပေးပို့မှုသည် အီရတ်နိုင်ငံ၏အမျိုးသားရေးဦးစားပေးများနှင့် စစ်ဆင်ရေးလိုအပ်ချက်များနှင့်အညီ ပြန်လည်သုံးသပ်ထားသည့်အတိုင်း ကြိုးပမ်းလုပ်ဆောင်မှုဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဝယ်ယူမှုသည် တပ်ခွဲ ရှစ်ခွဲစာဖြစ်သည်။

KM-SAM Block II လက်နက်စနစ်သည် လေယာဉ်နှင့် ပဲ့ထိန်းဒုံးကျည်များကို ကြားဖြတ်ပစ်ချနိုင်သည့် တာလတ်ပစ် လေကြောင်းရန်ကာကွယ်ရေးစနစ်ဖြစ်သည်။ တပ်ခွဲတစ်ခွဲတွင် ဒုံးပစ်လောင်ချာယာဉ်လေးစီးမှ ခြောက်စီး၊ တစ်စီးလျှင် ဒုံးကျည် ရှစ်စင်း၊ ဘက်စုံသုံးရေဒါယာဉ်တစ်စီး၊ ကွပ်ကဲကြီးကြပ်မှုယာဉ် တစ်စီး ပါဝင်ဖွဲ့စည်းထားသည်။ ရေဒါသည် ရုရှားထုတ် S-400 မှ နည်းပညာအပေါ်အခြေခံထားသည့် Passive Electronically Scanned Array (PESA) X-band 3D ရေဒါအမျိုးအစားဖြစ်ပြီး အင်တာနာလှည့်နှုန်း 40 rpm၊ မြင်ထောင့်လွှမ်းခြုံထောက်လှမ်းနိုင်မှု 80-degree နှင့် အကွာအဝေး ကီလိုမီတာ ၁၀၀ အတွင်း ပစ်မှတ်များကို ရှာဖွေထောက်လှမ်း၍ ပစ်မှတ် ၄၀ ခုထိ တစ်ပြိုင်နက်တည်း ခြေရာခံထိန်းကျောင်းနိုင်သည်။ ဒုံးကျည်သည် ပျံသန်းမှုအပိုင်းသုံးပိုင်းအတွက် လမ်းညွှန်ထိန်းကျောင်းမှုစနစ်သုံးမျိုးပေါင်းစပ်အသုံးပြုထားသည်။ ကနဦးပျံသန်းမှုတွင် inertial navigation၊ ပျံသန်းမှုအလယ်လောက်တွင် datalink၊ အဆုံးသတ်အပိုင်းတွင် active radar homingစနစ်တို့ဖြစ်သည်။ အလျင်နှုန်း Mach 5 ဖြင့် အမြင့် ကီလိုမီတာ ၂၀၊ အကွာအဝေး ကီလိုမီတာ ၅၀ အတွင်း ပစ်မှတ်များကို ကြားဖြတ်ပစ်ချနိုင်စွမ်းရှိသည်။

၂၀၀၁ ခုနှစ်တွင် စနစ်အားစတင် တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၁ ခုနှစ်တွင် Block I၊ ၂၀၁၇ ခုနှစ်တွင် Block II၊ ၂၀၂၄ ခုနှစ်တွင် Block III ဟူ၍ စဉ်ဆက်မပြတ် အဆင့်မြှင့်တင်မှုများ ပြုလုပ်နိုင်ခဲ့ကြသည်။ Block III တွင် AESA ရေဒါနှင့် တာဝေးစွမ်းရည်ရှိလာကာ ၂၀၂၄ ခုနှစ်တွင် တပ်ဖြန့်အသုံးပြုနိုင်ခဲ့သည်။ KM-SAM (Cheongung) လက်နက်စနစ်သည် တောင်ကိုရီးယားနိုင်ငံ၏အလွှာစုံလေကြောင်းရန်ကာကွယ်ရေးကွန်ရက်တွင် တာလတ်ပစ်အလွှာဖြစ်သည်။ အမေရိကန်ထုတ် MIM-23 Hawk လက်နက်စနစ်များနေရာတွင်လည်း အစားထိုးအသုံးပြုနိုင်ခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)၊ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီတွင် ဆော်ဒီအာရေဗျနိုင်ငံတို့ပြီးလျှင် အီရတ်နိုင်ငံသည် တောင်ကိုရီးယားနိုင်ငံထုတ် KM-SAM(Cheongung) လက်နက်စနစ်ကို ဝယ်ယူပိုင်ဆိုင်လာမည့် အရှေ့အလယ်ပိုင်းဒေသတွင် နိုင်ငံများတွင် တတိယမြောက်နိုင်ငံဖြစ်လာသည်။

Iraq confirms future arrival of South Korean KM-SAM-II air defense system to replace outdated Russian assets. ကို ဘာသာပြန်ဆိုထားပါသည်။

## အစ္စရေးနိုင်ငံက ပြည်တွင်းထုတ် Arrow ဒုံးခွင်းဒုံးစနစ်ကို စဉ်ဆက်မပြတ် အဆင့်မြှင့်တင်မှုများ ပြုလုပ်နိုင်ခဲ့

အစ္စရေးနိုင်ငံ၏ ပြည်တွင်းထုတ် Arrow ဒုံးခွင်းဒုံးစနစ်ကို အီရန်နိုင်ငံနှင့် ပဋိပက္ခဖြစ်ပွားခဲ့သည့် အကြိမ်တိုင်းတွင် စဉ်ဆက်မပြတ် အဆင့်မြှင့်တင်မှုများ ပြုလုပ်နိုင်ခဲ့သည်ဟု အစ္စရေးနိုင်ငံ လေကြောင်းနှင့် အာကာသစက်မှုလုပ်ငန်းစု (Israel Aerospace Industries -IAI) မှ ထုတ်ဖော်ပြောကြားခဲ့ကြောင်း The Defense Post သတင်းဌာနက ဇူလိုင် ၉ ရက်တွင် ရေးသား ဖော်ပြခဲ့သည်။

IAI အမှုဆောင်အရာရှိချုပ် Boaz Levy က Business Insider သတင်းဌာနနှင့် အင်တာဗျူးတစ်ခုတွင် နိုင်ငံပိုင်ကုမ္ပဏီ IAI သည် Tel Aviv မြို့တော်ကို ဦးတည်လာသည့် တီဟီရန်၏ လေကြောင်းတိုက်ခိုက်မှုအားလုံးကို ခွဲခြမ်းစိတ်ဖြာခြင်းဖြင့် စွမ်းဆောင်ရည်များ အဆင့်မြှင့်တင်ပေးနိုင်ခဲ့ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ဤရှုပ်ထွေးနက်နဲသော စမ်းသပ်မှုနှင့် တိုးတက်ဖွံ့ဖြိုး လုပ်ဆောင်နိုင်ခဲ့မှုသည် အီရန်နိုင်ငံနှင့် တတိယအကြိမ်ဖြစ်ပွားခဲ့သောပဋိပက္ခတွင် လေကြောင်းနှင့်ဒုံးကျည်ကာကွယ်ရေးနည်းပညာနှင့်ပတ်သက်၍ နောက်ထပ်အဆင့်မြှင့်တင်မှုတစ်ရပ်ပြုလုပ်နိုင်စေခဲ့ကြောင်း သိရသည်။ Arrow ဒုံးခွင်းဒုံးစနစ်၏ အင်ဂျင်နီယာချုပ်ဖြစ်သည့် Levy က အဆင့်မြှင့်တင်မှုများတွင် တိုက်ပွဲဝင်တပ်ဖြန့်မှုတစ်ကြိမ်ပြီးတိုင်း လုပ်ဆောင်ခဲ့သော ဆော့ဖ်ဝဲလ်ပိုင်းဆိုင်ရာ အဆင့်မြှင့်တင်မှုများဖြင့် လက်နက်စနစ်၏အရေးကြီးသောစံနှုန်းများကို ထိန်းသိမ်းထားနိုင်ခဲ့သည်ဟု ပြောကြားခဲ့သည်။

အီရန်သည် ၂၀၂၄ ခုနှစ် ဧပြီလတွင် ဒုံးကျည်များနှင့် မောင်းသူမဲ့လေယာဉ် အစင်း၁၂၀ကျော်ကိုအသုံးပြု၍ အစ္စရေးကို အံ့အားသင့်စွာ တိုက်ခိုက်ခဲ့ချိန်မှစတင်ကာ IAI အနေဖြင့် Arrow ဒုံးခွင်းဒုံးစနစ်ကို အဆင့်မြှင့်တင်မှုများ စတင်ခဲ့ခြင်းဖြစ်သည်ဟုလည်း သိရသည်။ ထို့နောက် ခြောက်လအကြာတွင် ဒုတိယအကြိမ်မြောက် အကြီးစားတိုက်ခိုက်မှုတွင်လည်း ဒုံးကျည်အစင်း ၁၈၀ ကျော်ပါဝင်ခဲ့ပြီး ပဋိပက္ခ နှစ်ခုစလုံးတွင် အီရန်ဘက်မှ ဒုံးကျည်အများစုကို ကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်းIAI အမှုဆောင်အရာရှိချုပ် Boaz Levy က ပြောကြားထားသည်။

အီရန်၏ စစ်အခြေစိုက်စခန်းများ နှင့် နျူကလီးယား အခြေခံအဆောက်အအုံဟုသံသယရှိသောပစ်မှတ်များကို တိုက်ခိုက်ရန် အစ္စရေး၏စစ်ဆင်ရေးသည် ဇွန် ၁၃ ရက်က စတင်ခဲ့ခြင်းဖြစ်သည်။ နှစ်ပတ်ကြာနီးပါး နေရာအများအပြားတွင် အင်အားအပြည့်ဖြင့် လေကြောင်းတိုက်ခိုက်မှုများ အပြန်အလှန်ပြုလုပ်ခဲ့ကြပြီးနောက် အီရန်ဘက်မှလည်း ပဲ့ထိန်းဒုံးကျည် ၅၀၀ ခန့်နှင့် မောင်းသူမဲ့လေယာဉ်အစင်း ၁၀၀၀ ကျော်ကို အစ္စရေးဘက်သို့ လက်တုံ့ပြန်တိုက်ခိုက်ခဲ့သည်။ Levy က Arrow ဒုံးခွင်းဒုံးစနစ်ဖြင့် ကြားဖြတ်ဟန့်တားနိုင်ခဲ့သော ရန်သူ့ဒုံးကျည်အရေအတွက်ကိုထုတ်ဖော်ပြောကြားခြင်းမရှိသော်လည်း Arrow ဒုံးခွင်းဒုံးကာကွယ်ရေးစနစ်သည် ဝင်ရောက်လာသော ဒုံးကျည်များ၏အနည်းဆုံး ၉၀ ရာခိုင်နှုန်းကို ကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်း အဓိကအမာ ပြောကြားခဲ့သည်။



IAI သည် အမေရိကန်ကာကွယ်ရေးကန်ထရိုက်တာ Boeing ကုမ္ပဏီနှင့်ပူးပေါင်း၍ Arrow ဒုံးကျည်အုပ်စုကို တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ အစ္စရေးကာကွယ်ရေးတပ်ဖွဲ့များကို အမေရိကန်နိုင်ငံထုတ် MIM-104 Patriot မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်စနစ်နှင့်အတူ ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေးပံ့ပိုးပေးနိုင်ရန် ရည်ရွယ်လုပ်ဆောင်ခဲ့ခြင်းလည်းဖြစ်သည်။ ၎င်းကို ၁၉၉၀ ပြည့်နှစ်များတွင် ဒီဇိုင်းထုတ်ခဲ့ပြီး ၂၀၀၀ပြည့်နှစ်တွင် စတင်အသုံးပြုနိုင်ခဲ့သည်။ ဒုံးထိပ်ဖူးသည် လေထုလွှာအပြင်ဘက် ခြိမ်းခြောက်မှုများကိုပင် ကြားဖြတ်ပစ်ချနိုင်စွမ်းရှိမည်ဖြစ်သည်။ ထို့နောက် အာကာသအတွင်းရှိပစ်မှတ်များကို ထိမှန်ဖျက်ဆီးနိုင်သည့် ပိုမိုစွမ်းဆောင်ရည်မြင့်မားသော Arrow ဒုံးခွင်းဒုံးစနစ်ကို ၂၀၁၇ ခုနှစ်တွင် ထုတ်ဖော်ပြသနိုင်ခဲ့သည်။ ဒုံးကျည်သည် အလေးချိန် ၂၈၀၀ ကီလိုဂရမ် (၆၁၇၃ ပေါင်)၊ အရှည် ၇ မီတာ (၂၃ ပေ) နှင့် အချင်း ၈၀၀ မီလီမီတာ (၃၁ လက်မ)ရှိသည်။ ၎င်းဒုံးကျည်သည် Hypersonic Speeds(Mach 5 နှင့်အထက်) သွားလာနိုင်ပြီး ၎င်း၏ဖွဲ့စည်းပုံအပေါ် မူတည်၍ အကွာအဝေး ၁၅၀ ကီလိုမီတာထိတိုက်ပွဲဝင်နိုင်စွမ်းရှိသည်။

Israel Refines Arrow Air Defense System After Every Iranian Attack: IAI Chief ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# 13 arid districts hold monsoon tree-planting ceremonies for 2025 through mass movements

## Chairman of SAC Prime Minister Senior General Min Aung Hlaing takes part in a ceremony and plants a tamar sapling



Senior General Min Aung Hlaing gives guidance on upgrading the entrance road of University of Economics in Meiktila.

**Nay Pyi Taw July 11**

Sagaing Region, Magway Region and Mandalay Region in the central arid zone of Myanmar are the regions bearing the bulk of the burden of climate change, droughts and high temperatures in the country. Hence, climate change and dryness must be addressed through nature-based methods, establishment of tree plantations, forest conservation, cultivation of windbreakers in rows, application of sustainable planting systems, and systematic management of water resources.

The Ministry of Natural Resources and Environmental Conservation simultaneously launched mass monsoon tree-planting ceremonies for 2025 at the designated places in 29 townships of 13 arid districts in Sagaing, Mandalay and Magway regions this morning. Chairman of State Administration Council Prime Minister Senior General Min Aung Hlaing took part in the ceremony held at Leintaw protective forest area, Meiktila District, Mandalay Region, and planted a tamar sapling.

Also present at the ceremony together with the Senior General were Joint SAC Secretary General Ye Win Oo, SAC member General Nyo Saw, union ministers, U Min Naung, U Hla Moe, U Khin Maung Yi, Dr Nyunt Pe, Mandalay Region Chief Minister U Myo Aung, senior military officers from Office of Commander-in-Chief, district and township level departmental officials, local elders from Meiktila District, the Central Command commander, deputy ministers, teachers, students and officials.

In his address delivered in connection with the ceremonies in the 13 districts, the Senior General said it is the first, national level activity to green the arid areas of upcountry. Tree-planting is a beneficial deed for greening and improving the environment. Especially, 13 districts including the areas along Meiktila are facing arid climate every year. In 2024, Bagan, Chauk, Yenanchaung and Minbu were recorded as areas with highest temperatures.



Senior General Min Aung Hlaing delivers an address at the monsoon tree-planting ceremony in Meiktila District.

During the trip to the Chauk area, the Senior General experienced extremely hot weather. People face hardships every time the temperature rises high. One of the ways to effectively bring down the temperatures is tree planting. The world is facing climate change and various kinds of natural disasters. Natural disasters are uncontrollable, but can be alleviated through advanced preventive measures. The planted trees will not immediately bring down the temperatures, but they will provide a cool shelter that will alleviate temperatures. Green and vibrant scenes give pleasure and cool the minds and hearts of the people. Since its assumption of the State responsibilities, the government has been holding tree-planting activities in the length and breadth of the country annually, and the Tatmadaw is doing the same. These activities are beneficial for the country.

Today, 34,950 trees will be grown in the 13 dry districts, at the venues where previous tree-planting ceremonies were held. But they fail to produce benefits as expected due to low existence rate and illegal logging for local demand. Tree-planting ceremonies need time, labour and financial expense. Hence, all must grow and protect the trees carefully for the survival of ever planted sapling. Responsible personnel should protect and conserve the saplings with goodwill for the thriving of every tree.

Forest area is declining in Myanmar which now covers only about 42.9% at present. Efforts are being made through tree-planting movements to restore the 50% forest cover. Although the planted trees will not produce immediate results, they will benefit mankind in the coming seven or eight years. Thanks to the past conservation campaigns the country now has large acres of forests and trees. So, all tree-growers must do their job with the goodwill to benefit the posterity.



Senior General Min Aung Hlaing plants a tamar sapling.

*See Page 15*

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing inspects boosted production of Tatmadaw Textile & Garment Factory (Meiktila) and No.3 Cement Factory (1,200 tons)


Senior General Min Aung Hlaing inspects a production section of Tatmadaw Textile and Garment Factory (Meiktila).


Senior General Min Aung Hlaing presents cash rewards for factory workers.

**Nay Pyi Taw July 11**

Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing, accompanied by his entourage, the Mandalay Region chief minister, the commander of Central Command and officials, inspected the boosted production of the Tatmadaw Textile and Garment Factory (Meiktila) and No. 3 Cement Factory (1,200 tons) this morning.

**The Tatmadaw Textile and Garment Factory (Meiktila)**

First, the Senior General and party arrived at the Tatmadaw Textile and Garment Factory (Meiktila) and the factory manager, at the meeting hall of the factory, reported to the Senior General on implementation of instructions given by the Senior General on his previous visits, capabilities of machines installed in respective section of the factory, production of different yarns, materials and garments and agriculture and livestock breeding tasks for welfare of factory workers.

After hearing the report, the Senior General said it is necessary to prioritize quality over quantity in textile production and to produce yarns and materials enough to meet the demand of domestic micro, small and medium industries. It is important that the actual well-being of workers is actually provided in carrying out welfare tasks. The Senior General also gave other necessary instructions.

Then, the Senior General inspected the quality of uniform cloth and textiles displayed at the factory and gave instructions on quality control, boosting production to meet the demand of the market and other needs based on reports of officials.

Afterward, the Senior General and party inspected the production processes of the yarn workshop and spinnin workshop and gave necessary instructions based on reports of officials.

Then, the Senior General presented cash rewards for workers of the factory to an official.

The textile and garment factory has been producing uniforms for Tatmadaw personnel and members of the Myanmar Police Force, school uniforms and daily textiles. As the government has been boosting the domestic production of textiles, the factory built a 2/80 yarn factory branch in December, 2024 and is fulfilling the demand of domestic textile industries to some extent by producing textiles in accordance with set quality standards.

**No.3 Cement Factory (1,200 tons)**

In the afternoon, the Senior General and party arrived at No. (3) Cement Factory (1,200 tons) of Myanmar Economic Corporation and at the meeting hall of the factory, Chairman of the MEC General Nyo Saw reported to the Senior General on implementation of the instructions given by the Senior General during his previous visits, productivity of domestic cement factories. Then, the factory manager reported to the Senior General on salient points of the factory and production and distribution of cement of the factory in respective fiscal years.

After hearing the reports, the Senior General gave instructions on meeting the domestic demand of cement, productivity and effective operations of the factory and other needs.

Then, the Senior General inspected the production processes of the factory and gave necessary instructions based on reports of officials.

Afterward, the Senior General presented cash rewards for factory workers to a factory official.

100


Senior General Min Aung Hlaing hears a report on efforts to boost production of No (3) cement factory.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win addresses the ceremony to mark the World Population Day 2025


Vice-Senior General Soe Win delivered a speech at the ceremony to mark the World Population Day 2025.

**Nay Pyi Taw July 11**

Patron of the Central Census Commission Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win delivered a speech at the ceremony to mark the World Population Day 2025 at Mingala Thiri Hotel in Nay Pyi Taw this morning.

Also, present at the ceremony were SAC members, Union ministers, the Nay Pyi Taw Council Chairman, deputy ministers, departmental heads, Ambassadors and diplomats from embassies based in Myanmar, officials from the ceremony organizing central committee and subcommittees, ministries and associations as well as guests.

First, Patron of the Central Census Commission the Vice-Senior General said that the United Nations designated 11 July 1987—the year the world population reached five billion—as World Population Day. The day aims to raise awareness about global population issues and their impacts on society, development, and the environment. Member countries have since observed World Population Day annually. In the case of Myanmar, the country has been commemorating this day since 1990, making this year the 36thanniversary of its observance.

If we look at the population changes in Myanmar, according to the 2014 census, the population was over 51.4 million, and it was estimated that by 2024, the population would reach around 56.2 million. However, based on the preliminary figures from the 2024 census, it has been found that the current population is only just over 51.3 million.

Although population growth was expected based on previous growth rates, data from the 2024 census shows there has been no population increase over the past 10 years. Therefore, it is necessary to closely examine the factors that directly affect population growth—such as birth rates, death rates, and migration rates.

According to the 1983 census in Myanmar, the average number of children born to a woman was 4.7. However, by the 2014 census, this figure had dropped to around 2.3 children, and according to the 2019 interim census, it had further declined to below 2.1 children—the level required to replace both parents. This shows that the country's birth rate has been steadily declining, and it is likely to decrease even further. If the average number of children born to a woman falls below 2, the country's population will gradually and noticeably begin to decline.

In Myanmar, the severe COVID-19 pandemic that occurred around 2020, along with the outbreaks of violence following 2021 and various natural disasters, had significant impacts on birth and death rates. Additionally, employment opportunities declined, and a large number of young people increasingly migrated abroad.

In developing countries, as the elderly population increases, better job opportunities and growing labor market demands have led to increased labor migration. Therefore, in Myanmar as well, alongside a declining population, it is important to carefully manage migration to prevent the loss of human resources and to ensure that the country's productive capacity remains unaffected.

According to projections by population experts, in the near future, the number of elderly people aged 65 and above in developing countries, including Myanmar, will surpass the number of children. At that time, it will be necessary to create opportunities for lifelong learning and retraining, as well as to develop a workforce capable of working across various age groups. Therefore, relevant ministries should begin preparing long-term plans now to create job opportunities in the private sector for older individuals who are still willing and able to work.

In order to study and analyze the population changes in the country and to obtain demographic and socio-economic data, the State Administration Council has made necessary arrangements to conduct the Population and Housing Census without fail.

To determine the population that can be used as a basis for short- and long-term national planning, to study and analyze population change processes, and to obtain essential data for examining and promoting national development, the Population and Housing Census was successfully conducted in October 2024. The data collected from the census provides a snapshot of the current situation of national development and will support accurate policy-making, strategic planning, and programme design. Moreover, this information is essential for resource allocation, budget distribution, and for building necessary infrastructure such as schools, hospitals, healthcare facilities, roads, and bridges. It is also crucial for providing care services for the disabled and elderly, creating employment opportunities, and implementing other vital management activities.

Therefore, it is necessary to thoroughly analyze and study the data from the 2024 census. The 2024 census included a total of 68 questions, covering not only demographic data but also socio-economic information, domestic and international migration details, and comprehensive data on households and families. These findings must be carefully examined to reassess the current state of our country. The census data, which reflects the nation's present conditions, should be a key resource in the country's development processes.

Additionally, our country will soon hold a free and fair multi-party democratic general election. To ensure that the rights of all eligible voters are protected and that the election is conducted successfully with proper methodology, the accurate voter lists derived from the 2024 census population data will play a crucial supporting role.

Furthermore, the 2024 census data will be highly valuable for rescue and reconstruction efforts in the cities affected by the recent major earthquake in Mandalay.

Every year on World Population Day, member states of the United Nations set a theme and organize ceremonies and activities. For Myanmar's 2025 World Population Day, the theme has been chosen to reflect the country's current situation and effectively utilize census data: "From Data to Development: Using Census for Socio-Economic Advancement".

This theme was selected because census data is extremely valuable for national development. The census was conducted using the country's own human and financial resources, without foreign assistance, and involved extensive preparation and manpower. Numerous challenges surfaced during the data collection process, those who dedicated themselves to this task at risk of their lives are commendable.

Given the significant financial and human resources invested to successfully carry out the census, policymakers, planners, and data users must prioritize the effective use of this data for national development and the socio-economic progress of the people.

Starting today, on World Population Day, may all citizens of Myanmar live in health and prosperity, free from natural disasters, and contribute to the greater good. May the population and household census data be effectively utilized across sectors to advance socio-economic development.


Vice-Senior General Soe Win visits the World Population Day 2025 exhibition.

Following this, Union Minister for Immigration and Population U Myint Kyaing explained the theme, From Data to Development: Using Census for Socio-Economic Advancement". Subsequently, an animation clip commemorating the 2025 World Population Day was shown.

Later, Vice-Senior General Soe Win posed for commemorative photos with attendees and toured the exhibition showcasing materials for the 2025 World Population Day, where officials provided explanations. 100

*From Page 12*

Forest conservation is a good deed. Areas on both sides of roads must be planted with trees for the pleasantness of the travelers. Hence, environmental greening activities must be conducted. Today's ceremonies will hand down the good heritage of a better environment for the future generations. As the State is using financial power, manpower and time, the growers must work for the benefit of the country and gain merits. The current national level activity will be followed by region/state-wise, village/ward-wise activities. If a household can grow and nurture a tree for its continued existence it will be very beneficial for environmental greening campaigns. Today's ceremony is an auspicious one that serves the benefit of the majority. May all growers enjoy the same.

**Leads the ceremony and grows a tamar sapling**

The Prime Minister, Chairman of the State AdministrationCouncil, led the planting of the neem tree sapling at the designated location.

The Joint Secretary of the Council General Ye Win Oo, Council Member General Nyo Saw, Union Ministers, and senior military officers from the Office of the Commander-in-Chief of DefenceServices, officials from the district and township levels in Meiktila District, township elders, the Commander of the Central Command, Deputy Ministers, teachers, students, and officials planted the saplings.

Then. the Prime Minister, Chairman of the State AdministrationCouncil, walked around and watched the participants happily planting saplings at the tree planting festival, which was held as a public activity for the 2025 rainy season.

Today, 3,200 saplings of 6 tree species including neem tree, gold mohur, rain tree, Madhuca longifolia, tectona hamiltoniana, and chitta gong wood were planted as part of the public activity for the 2025 rainy season held at the Laintaw reserved forest in Meiktila District.

**A total of 34,950 trees were planted collectively in the 2025 rainy season community campaign in 13 districts and 29townships of the dry region**

Similarly, tree planting festivals were held in the remaining townships of 13 districts of the dry region as a community campaign in the 2025 rainy season, and precious trees, industrial raw material trees, perennial edible crops, and shade trees were planted collectively: 750 trees at Sagaing University of Education in Sagaing Township, Sagaing District, 600 trees at No. (2) Basic Education High School in Myinmu Township, 1,050 trees in Athit Road in Myothit Ward, Monywa Township, Monywa District, 3,000 trees at Shwebo University in Shwebo Township, Shwebo District, 600 trees at the University ofComputer Science in Yinmabin Township, Yinmabin District,Sagaing Region, 2,700 trees along the Magway-Kanbya road in Magway District, 4,000 trees at the Special Greenery Zone at Milepost (357/5) of Magway-Yenangyoung Road in Yenangyoung Township, 4,000 trees at the Sinka reserved forest along the Gwaycho- Chauk Road in Chauk Township, 600 trees at Milepost (36/5) of Magway-Kanpyar road in Myothit Township, 600 trees along the district road in Satt Thwar-Sinbaungwe' in Taungdwingyi Township, 1,050 trees at Laypin Aima reserved forest in Minbu Township, Minbu District, 300 trees in the land owned by Kyaung Daw Ya Village in Pwintbyu Township, 300 trees at the Basic Education High School Branch (Min Lwin) in Ngaphe Township, 300 trees at the Taebokan reserved forest in Salin Township, 600 trees at No. (2) Basic Education High School in Pakokku Township, Pakokku District, 300 trees on the road to Shwe Hintha Pagoda in Seikpyu Township, 600 trees at Thayet-Minhla Milepost (44/3) in Minhla Township, Thayet District, 900 trees at No.61 block in Bokegyi floating forest area in Aunglan Township, 600 trees at Taw Pone reserved forest in Aunglan-Taungdwingyi Milepost (255/2) in-Sinbaungwe' Township, 600 trees at Si Village at the Milepost (151/2 and 151/3) on the Pathein-Monywa Road, Kanma Township, Magway Region, 1,200 trees at Kyaukse Township Government Technical High School, Kyaukse District, 600 trees at Singaing Township Technical, Vocational and Teacher-sTraining College (Baelin), 600 trees at No.(3) Basic Education High School in Myingyan Township, Myingyan District, 3,000 trees in NyaungU Township, NyaungU District, 600 trees at Milepost (4/0) of Kyaukpadaung-NyaungU Road in Kyaukpadaung Township, Kyaukpadaung Township, 600 trees at Milepost (18/0) of Meiktila-Taunggyi Road, Thazi Township, Meiktila District, 1,200 trees near Milepost (314/0) of the old Yangon-Mandalay Road in Pyawbwe Township, Yamethin District, 500 trees near Milepost (280/0) of the old Yangon-Mandalay Road in Yamethin Township, by the relevant Region Chief Ministers and departmental officials jointly. Today, a total of 34,950 trees were planted collectively in the 2025 rainy season community campaign in 13 districts and 29 townships of the dry region, including the tree planting festival held at the Laintaw reserved forest, which was attended by the Chairman of the State Administration Council, the Prime Minister, inMeiktila District.

**Meiktila University of Economics**

After the tree planting ceremony, the Chairman of the State Administration Council, the Prime Minister, accompanied by members, arrived at the Meiktila University of Economics. The Rector of the University explained the situation of the collapse of the university fence and walls and the damage to the main lecture hall and the university library during the Mandalay earthquake.

Following the explanations, the Chairman of the State Administration Council Prime Minister stated that the government will allow repairs to the damage caused by the Mandalay earthquake. The Prime Minister emphasized the need to ensure the university entrance road is fully restored and well-maintained, with attention to cleanliness, aesthetics, and visual appeal and also instructed the cleaning of tree branches and encouraged the university to continue conducting research beneficial to the region. The Prime Minister also inspected the university and gave additional instructions as necessary. 100

# Budalin Township grows over 6,000 acres of rain-fed pigeon peas

**Budalin July 11**

More than 6,000 acres of pigeon peas have been planted in this year rain crops planting season in Budalin Township, Monywa District, Sagaing Region, according to the statistics of the Department of Agriculture for Budalin Township.

In the 2025-2026 rain crops planting season, 34,500 acres of pigeon peas have been planted in Budalin Township, and planting has begun since May this year, and 6,998 acres have been planted to date.

"This year, Budalin Township has planned to plant more than 34,000 acres of pigeon peas in this year rain crops planting season. More than 6,000 acres have been planted to date. We are working to ensure that the target acres are met. We are also working to improve the yield of pigeon peas. We plant pigeon peas separately and also as an inter-crop," said U Phyo Wai, head of the Department of Agriculture for Budalin Township. 206



A pigeon pea plantation.

# Over 5,000 Afghan refugee families return home in single day

**Kabul July 11**

More than 5,000 Afghan refugee families, with the vast majority of them from Iran, returned to their homeland Afghanistan in a single day on Thursday, reported the state-run Bakhtar news agency on Friday.

A total of 4,852 families returned from Iran, and the remaining 153 others returned from Pakistan, the state-owned media outlet added.

The massive scale return of refugees continues amid the Afghan interim government's call on the host country, Iran, to exercise restraint and slow down the refugees' expulsion, as Tehran asked the Afghan nationals living in Iran illegally to leave the country.

In a recent statement, the Office of the Prime Minister of Afghanistan's interim government, as reported by Bakhtar News Agency, expressed gratitude to Iran for hosting Afghan refugees over the past four decades and called for continued respect for the rights of refugees.

More than half a million Afghan refugees have returned to their country, Afghanistan, from Iran over the past month, acting Deputy Prime Minister for Administrative Affairs Mawlawi Abdul Salam Hanafi told reporters on Thursday. Xinhua

# EU chief survives no-confidence vote as transparency, leadership concerns mount

**Strasbourg July 11**

European Commission President Ursula von der Leyen survived a no-confidence vote in the European Parliament on Thursday, amid accusations of a lack of transparency in vaccine procurement and other concerns over her leadership.

The roll-call vote, held at noon in Strasbourg, ended with 360 votes against the motion, 175 in favor, and 18 abstentions, falling short of the two-thirds majority required for passage.

The no-confidence motion marked the first no-confidence vote in the European Parliament since 2014 and brought to the forefront growing criticism of von der Leyen's leadership style.

Romanian lawmaker Gheorghe Piperea initiated the motion, accusing von der Leyen of refusing to disclose text messages exchanged with Pfizer CEO Albert Bourla during negotiations for COVID-19 vaccine contracts in 2021, raising concerns about transparency.

Piperea also accused the European Commission of inefficiencies and potential misuse of funds, as well as interference in elections in member states such as Romania and Germany.

The motion garnered some support, including from Hungarian Prime Minister Viktor Orban, who publicly endorsed the motion on Wednesday, tweeting "Time to go" alongside a photo of von der Leyen on social media platform X. Xinhua





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အပူပိုင်းဒေသ ၁၃ ခရိုင်အတွင်းရှိ မြို့နယ် ၂၉ မြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်များတွင် အမှာစကားပြောကြားစဉ်။

**ယနေ့ကဲ့သို့ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲဆောင်ရွက်သကဲ့သို့ ဆက်လက်၍လည်း တိုင်းဒေသကြီးအလိုက်၊ ပြည်နယ်အလိုက်၊ ရပ်ကွက်ကျေးရွာများအလိုက် တစ်အိမ်လျှင် တစ်ပင်စိုက်မည်ဆိုပါက သစ်ပင်များရှင်သန်ဖြစ်ထွန်းပြီး သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ် . . .**

ရှေ့ဖုံးမှအဆက်

ဖြေရှင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ထိုသို့ ဆောင်ရွက်သည့်အနေဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အပူပိုင်းဒေသ ၁၃ ခရိုင်အတွင်းရှိ မြို့နယ် ၂၉ မြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်များကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိသတ်မှတ်နေရာများအသီးသီး၌ တစ်ချိန်တည်းတစ်ပြိုင်တည်း ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် လိန်တောကြိုးပြင်ကာကွယ်တောနေရာ၌ကျင်းပပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲတော်သို့တက်ရောက်၍ တမာပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အဆိုပါ မိတ္ထီလာခရိုင် လိန်တောကြိုးပြင်ကာကွယ်တောနေရာ၌ပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲတော်သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဒေါက်တာညွန့်ဖေ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အပူပိုင်းဒေသ ၁၃ ခရိုင်အတွင်း ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်များကျင်းပရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ **အညာဒေသ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးသစ်ပင်စိုက်ပျိုးပွဲကို နိုင်ငံတော်အဆင့်ဆောင်ရွက်သည်မှာ ပထမဆုံးအကြိမ်ဖြစ်**ကြောင်း၊ ယခုကဲ့သို့သစ်ပင်စိုက်ပျိုးခြင်းသည် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ကောင်းမွန်သည့် ဆောင်ရွက်ချက်ပင်ဖြစ်ပြီး ပတ်ဝန်းကျင်ကောင်းအောင် ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ အထူးသဖြင့် မိတ္ထီလာဒေသအပါအဝင် အညာဒေသ ၁၃ ခရိုင်သည် ပူပြင်းသည့်ရာသီဥတုရှိသည့် ဒေသများဖြစ်ပြီး နှစ်စဉ်နှစ်တိုင်း ရာသီဥတုပူပြင်းသည့်ဒဏ်ကိုခံစားကြရကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ပုဂံ၊ ချောက်၊ ရေနံချောင်း၊ မင်းဘူး စသည့်ဒေသများသည် ကမ္ဘာတွင်အပူဆုံးဒေသအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း။

မိမိကိုယ်တိုင်ချောက်ဒေသသို့သွားရောက်စဉ်ကလည်း ရာသီဥတုပူပြင်းမှုကိုခံစားခဲ့ရကြောင်း၊ ရာသီဥတုပူပြင်းချိန်တွင် လူများ၏နေထိုင်မှုဒုက္ခရောက်ကြရကြောင်း၊ ထို့ကြောင့် ရာသီဥတုပူပြင်းမှုကို တစ်ဖက်တစ်လမ်းမှလျှော့ချနိုင်ရန်အတွက် သစ်ပင်စိုက်ပျိုးခြင်းသည် နည်းလမ်းတစ်ခုအနေဖြင့် ဖြေရှင်းဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ ကမ္ဘာကြီးတွင် ရာသီဥတုများဖောက်ပြန်ပြောင်းလဲနေပြီး သဘာဝဘေးအန္တရာယ်မျိုးစုံကိုကြုံတွေ့နေရကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုသည်မှာ တားဆီး၍မရသော်လည်း လူများ၏ ကြိုတင်ကာကွယ်ဖန်တီးမှုများဖြင့် သက်သာလျော့ပါးအောင် ဆောင်ရွက်၍ရကြောင်း၊ ယခုမိမိတို့**သစ်ပင်စိုက်ပျိုးခြင်းကြောင့် အပူချိန်မှာ ချက်ချင်းလက်ငင်းလျော့ပါးသွားမည်မဟုတ်သော်လည်း သစ်ရိပ်ဝါးရိပ်များ၏ အရိပ်အာဝါသရှိမည်ဆိုပါက အပူဒဏ်ကို တတ်နိုင်သမျှလျော့ပါးစေမည်**ဖြစ်ကြောင်း၊ **စိမ်းလန်းစိုပြည်သည့်မြင်ကွင်းများကို မြင်တွေ့ရခြင်းဖြင့် မျက်စိပသာဒကိုဖြစ်ပေါ်စေပြီး လူများ၏စိတ်နှလုံးကိုလည်း အေးမြစေသည့် အကျိုးကျေးဇူးကိုရရှိစေ**ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်ထမ်းဆောင်ချိန်မှစ၍ နိုင်ငံတစ်ဝန်း သစ်ပင်စိုက်ပျိုးပွဲတော်များကို စဉ်ဆက်မပြတ်ဆောင်ရွက်ပြီး သစ်ပင်များစိုက်ပျိုးလျက်ရှိသကဲ့သို့ တပ်မတော်အနေဖြင့်လည်း စဉ်ဆက်မပြတ်စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် နိုင်ငံအတွက်အကျိုးရှိသည့်လုပ်ငန်းတစ်ရပ်ပင်ဖြစ်ကြောင်း။

ယနေ့တွင် **အပူပိုင်းဒေသ ၁၃ ခရိုင်၌ ပျိုးပင်ပေါင်း ၃၄၉၅၀ အား စိုက်ပျိုးသွားမည်ဖြစ်**ကြောင်း၊ ယခုနေရာများသည် ယခင်တည်းက စိုက်ပျိုးခဲ့သည့်နေရာများဖြစ်ကြောင်း၊ သို့သော်ရှင်သန်မှုများအားနည်းခြင်း၊ ဒေသလိုအပ်ချက်အရ သစ်ပင်များတရားမဝင်ခုတ်ထွင်ခြင်းများကြောင့် ထိုက်သင့်သလောက်အကျိုးမရရှိခဲ့ကြောင်း၊ ယခုကဲ့သို့ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပခြင်းကြောင့် အချိန်၊ လူအင်အားနှင့် ငွေကြေးကုန်ကျမှုများရှိကြောင်း၊ ထို့ကြောင့် မိမိတို့စိုက်ပျိုးသည့်အပင်များ "တစ်ပင်စိုက်၊ တစ်ပင်ရှင်"ဖြစ်အောင် စနစ်တကျစိုက်ပျိုးထိန်းသိမ်းသွားကြရန်လိုကြောင်း၊ မိမိတို့စိုက်ပျိုးသည့်အပင်များအားလုံး ရှင်သန်စေရန်အတွက် တာဝန်ရှိသူများက စနစ်တကျဆက်လက်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုစေတနာထား၍ ဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့နိုင်ငံတွင် သစ်တောဖုံးလွှမ်းမှုများကျဆင်းလာကြောင်း၊ ယခုအခါ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းခန့်သာ ကျန်ရှိတော့ကြောင်း၊ တစ်နိုင်ငံလုံးသစ်တောဖုံးလွှမ်းမှု ဧရိယာ ၅၀ ရာခိုင်နှုန်းပြန်လည်ရရှိစေရေးသစ်ပင်စိုက်ပျိုးပွဲများကိုကျင်းပပြုလုပ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါသစ်ပင်စိုက်ပျိုးခြင်း၏အကျိုးကျေးဇူးများကို လက်ငင်းခံစား၍ မရနိုင်သော်လည်း နောင် ခုနစ်နှစ် ရှစ်နှစ်ခန့်တွင်ခံစားရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်လည်း ယခင်ကစိုက်ပျိုးထိန်းသိမ်းခဲ့မှုများကြောင့် သစ်ကြီးဝါးကြီးများ၏ အရိပ်အာဝါသကို ခံစားရခြင်းဖြစ်ကြောင်း၊ မိမိတို့၏ လာမည့်သားစဉ်မြေးဆက်ကိုလည်း ထိုသို့ခံစားရစေလိုသည့်စိတ်ဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း။

သစ်တောသစ်ပင်များထိန်းသိမ်းဆောင်ရွက်ခြင်းသည် ကောင်းမွန်သည့်ဆောင်ရွက်ချက်ပင်ဖြစ်ကြောင်း၊ လမ်းဘေးဝဲယာတွင်လည်း သစ်ပင်များစိုက်ပျိုးရန်လိုပြီး ခရီးသွားပြည်သူများအနေဖြင့် သစ်ပင်များစိမ်းစိုနေမှုကိုကြည့်၍ မျက်စိပသာဒကိုရရှိပြီး စိတ်ချမ်းသာမှုကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပတ်ဝန်းကျင်ကို စိမ်းလန်းစိုပြည်အောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ **ယနေ့သစ်ပင်စိုက်ပျိုးမှုများ ဆောင်ရွက်ခြင်းသည် နောင်လာနောက်သားများအတွက် ကောင်းမွန်သည့် ပတ်ဝန်းကျင်ခံစားနိုင်ရန်အတွက် အမွေခံကောင်းကို ဆောင်ရွက်ပေးခြင်းပင်ဖြစ်**ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့အချိန်နှင့်ငွေကြေးအင်အား၊ လူအင်အားများကို အသုံးပြု၍ဆောင်ရွက်ချိန်တွင် နိုင်ငံအတွက်အကျိုးရှိအောင်ဆောင်ရွက်ခြင်းအားဖြင့် ကုသိုလ်ကောင်းမှုများဖြစ်အောင် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ **ယနေ့ကဲ့သို့ နိုင်ငံတော်အဆင့်သစ်ပင်စိုက်ပျိုးပွဲဆောင်ရွက်သကဲ့သို့ ဆက်လက်၍လည်း တိုင်းဒေသကြီးအလိုက်၊ ပြည်နယ်အလိုက်၊ ရပ်ကွက်ကျေးရွာများအလိုက် တစ်အိမ်လျှင်တစ်ပင်စိုက်မည်ဆိုပါက သစ်ပင်များရှင်သန်ဖြစ်ထွန်းပြီး သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် များစွာ အထောက်အကူပြုစေမည်ဖြစ်**ကြောင်း၊ ထို့ကြောင့် ယနေ့ပြုလုပ်သည့် အခမ်းအနားသည် မင်္ဂလာရှိသည့်အခမ်းအနားဖြစ်ပြီး အများကောင်းကျိုးအတွက် ဆောင်ရွက်ကြသူများဖြစ်သဖြင့် တူညီသောအကျိုးကိုခံစားကြရပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တမာပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

## တမာပျိုးပင်အား ဦးဆောင်စိုက်ပျိုး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တမာပျိုးပင်ကို သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

ယင်းနောက်အခမ်းအနားသို့တက်ရောက်

# ယနေ့သစ်ပင်စိုက်ပျိုးမှုများဆောင်ရွက်ခြင်းသည် နောင်လာနောက်သားများအတွက် ကောင်းမွန်သည့် ပတ်ဝန်းကျင်ခံစားနိုင်ရန်အတွက် အမွေခံကောင်းကို ဆောင်ရွက်ပေးခြင်း ပင်ဖြစ် . . .






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိတ္ထီလာစီးပွားရေးတက္ကသိုလ်အဝင်လမ်းတစ်လျှောက် လမ်းအင်္ဂါရပ်နှင့်ပြည့်စုံမှုရှိစေရေးဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

လာကြသည့် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများသည် ပျိုးပင်များကို တစ်ပြိုင်တည်း စိုက်ပျိုးပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့်ပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်လာကြသူများက ပျိုးပင်များအားတပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ မိတ္ထီလာခရိုင် လိန်တောကြိုးပြင်ကာကွယ်တောနေရာ၌ပြုလုပ်သည့် ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်တွင် တမာ၊ စိန်ပန်း၊ ကုက္ကို၊ မည်စည်၊ ဒဟတ်၊ ရင်းမာ စသည့် သစ်မျိုး ခြောက်မျိုး၊ ပျိုးပင်ပေါင်း ၃၂၀၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးခဲ့သည်။

**ယနေ့တွင် အပူပိုင်းဒေသ ၁၃ ခရိုင် မြို့နယ် ၂၉ မြို့နယ်အတွင်း ၂၀၂၅ ခုနှစ် မိုးရာသီ လူထုလှုပ်ရှားမှုအသွင်ဖြင့် စုစုပေါင်းသစ်ပင် ၃၄၉၅၀ ကို စုပေါင်းစိုက်ပျိုးပေးနိုင်ခဲ့**

အလားတူ ကျန်ရှိသည့် အပူပိုင်းဒေသ ၁၃ ခရိုင်အတွင်းရှိ မြို့နယ်များ၌လည်း ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်များ ကျင်းပပြုလုပ်၍ ရတနာတန်းဝင်ပင်၊စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ် စစ်ကိုင်းပညာရေးတက္ကသိုလ်၌ အပင် ၇၅၀၊ မြင်းမူမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ အပင် ၆၀၀ ၊ မုံရွာခရိုင် မုံရွာမြို့နယ် မြို့သစ်ရပ်ကွက် အားသစ်လမ်းနေရာ၌ အပင် ၁၀၅၀၊ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ရွှေဘိုတက္ကသိုလ်၌ အပင် ၃၀၀၀ ၊ ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် ကွန်ပျူတာတက္ကသိုလ်၌ အပင် ၆၀၀ တို့ကိုလည်းကောင်း။

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေး-ကံပြားသွားလမ်းဘေးနေရာ၌ အပင် ၂၇၀၀၊ ရေနံချောင်းမြို့နယ် မကွေး-ရေနံချောင်းလမ်း မိုင်တိုင်(၃၅၇/၅) အထူးစိမ်းလန်းစိုပြည်ရေးဇုန်၌ အပင် ၄၀၀၀၊ ချောက်မြို့နယ် ငွေးချို-ချောက်လမ်းဘေး ဆင်ကကြိုးပြင်ကာကွယ်တောနေရာ၌ အပင် ၄၀၀၀၊ မြို့သစ်မြို့နယ် မကွေး-ကံပြားလမ်း မိုင်တိုင်(၃၆/၅)နေရာ၌ အပင် ၆၀၀၊ တောင်တွင်းကြီးမြို့နယ် ဆတ်သွား-ဆင်ပေါင်ဝဲခရိုင် ချင်းဆက်လမ်းဘေး၌ အပင် ၆၀၀၊ မင်းဘူးခရိုင် မင်းဘူးမြို့နယ် လေးပင်အိုင်မကြိုးပြင်ကာကွယ်တောအတွင်း အပင် ၁၀၅၀၊ ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာ ကျေးရွာပိုင်မြေနေရာ၌ အပင် ၃၀၀၊ ငဖဲမြို့နယ်အခြေခံပညာအထက်တန်းကျောင်းခွဲ(မင်းလွင်)၌ အပင် ၃၀၀၊ စလင်းမြို့နယ် တည်ဘိုကန်ကြိုးပြင်ကာကွယ်တော၌ အပင် ၃၀၀၊ ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ အပင် ၆၀၀၊ ဆိပ်ဖြူမြို့နယ် ရွှေဟင်္သာဘုရားသွားလမ်းဘေး၌ အပင် ၃၀၀၊ သရက်ခရိုင် မင်းလှမြို့နယ် သရက်-မင်းလှ မိုင်တိုင်(၄၄/၃)နေရာ၌ အပင် ၆၀၀၊ အောင်လံမြို့နယ် ဘွက်ကြီးရေပေါ်ကြိုးဝိုင်းအကွက်အမှတ်(၆၁)၌ အပင် ၉၀၀၊ ဆင်ပေါင်ဝဲမြို့နယ် အောင်လံ-တောင်တွင်းကြီး မိုင်တိုင်(၂၅၅/၂) တောပုန်းကြိုးပြင်ကာကွယ်တော၌ အပင် ၆၀၀၊ ကံမမြို့နယ် ပုသိမ်-မုံရွာလမ်းဘေး မိုင်တိုင်(၁၅၁/၂ နှင့် ၁၅၁/၃)အကြား စီကျေးရွာနေရာ၌ အပင် ၆၀၀ တို့ကိုလည်းကောင်း။

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်အစိုးရနည်းပညာအထက်တန်းကျောင်း၌ အပင် ၁၂၀၀၊ စဉ့်ကိုင်မြို့နယ် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဆရာအတတ်သင်ကောလိပ်(ဘယ်လင်း)၌ အပင် ၆၀၀၊ မြင်းခြံခရိုင် မြင်းခြံမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ အပင် ၆၀၀၊ ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်၌ အပင် ၃၀၀၀၊ ကျောက်ပန်းတောင်းမြို့နယ် ကျောက်ပန်းတောင်း-ညောင်ဦးကားလမ်း မိုင်တိုင်အမှတ်(၄/၀)၌ အပင် ၆၀၀၊ မိတ္ထီလာခရိုင် သာစည်မြို့နယ် မိတ္ထီလာ-တောင်ကြီးလမ်း မိုင်တိုင်(၁၈/၀)၌ အပင် ၆၀၀၊ ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်(၃၁၄/၀)အနီး၌ အပင် ၁၂၀၀၊ ရမည်းသင်းမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်းမိုင်တိုင်(၂၈၀/၀)အနီး၌ အပင် ၅၀၀ တို့ကိုလည်းကောင်း သက်ဆိုင်ရာတိုင်းဒေသကြီး ဝန်ကြီးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ယနေ့တွင်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်စိုက်ပျိုးပေးသည့် မိတ္ထီလာခရိုင် လိန်တောကြိုးပြင်ကာကွယ်တောနေရာ၌ကျင်းပပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲတော်အပါအဝင် **အပူပိုင်းဒေသ ၁၃ ခရိုင် မြို့နယ် ၂၉ မြို့နယ်အတွင်း ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် စုစုပေါင်းသစ်ပင် ၃၄၉၅၀ ကို စုပေါင်းစိုက်ပျိုးပေးနိုင်ခဲ့သည်။**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးလျှင်ကြီးကြောင့် မိတ္ထီလာစီးပွားရေးတက္ကသိုလ် တက္ကသိုလ်စာကြည့်တိုက်တွင် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

## မိတ္ထီလာစီးပွားရေးတက္ကသိုလ်

သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များ လိုက်ပါ၍ မိတ္ထီလာစီးပွားရေးတက္ကသိုလ်သို့ ရောက်ရှိကြရာ တက္ကသိုလ်ပါမောက္ခချုပ်က မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့စဉ် တက္ကသိုလ်ခြံစည်းရိုးအုတ်တံတိုင်းများ ပြိုကျပျက်စီးခဲ့မှု၊ပင်မစာသင်ဆောင်ကြီးနှင့် တက္ကသိုလ်စာကြည့်တိုက်တို့တွင် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများကို ပြန်လည်ပြုပြင်နိုင်ရေး ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊တက္ကသိုလ်အဝင်လမ်းတစ်လျှောက် လမ်းအင်္ဂါရပ်နှင့်ပြည့်စုံမှုရှိစေရေးဆောင်ရွက်ပေးသွားရန်၊သန့်ရှင်းသာယာလှပမှုရှိစေရေးနှင့်မျက်စိပသာဒဖြစ်စေရေးအတွက်သစ်ပင်သစ်ကိုင်းများကို အောက်ခြေရှင်းခြင်း၊ အလင်းဖွင့်ခြင်းများကို ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊တက္ကသိုလ်အနေဖြင့်ဒေသ၏အကျိုးစီးပွားဖော်ဆောင်နိုင်ရေး လိုအပ်သည့် သုတေသနလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)နှင့် အမှတ်(၃) ဘီလပ်မြေစက်ရုံ (တန် ၁၂၀၀)တို့၏ ကုန်ထုတ်စွမ်းအား မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော် ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)အတွင်း ခင်းကျင်းပြသထားသော စက်ရုံမှထုတ်လုပ်ထားသည့် ယူနီဖောင်းပိတ်စများနှင့် ချည်ထည်များ၏အရည်အသွေးများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇူလိုင် ၁၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)နှင့် အမှတ်(၃) ဘီလပ်မြေစက်ရုံ (တန် ၁၂၀၀)တို့၏ ကုန်ထုတ်စွမ်းအား မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

## တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ (မိတ္ထီလာ)

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော် ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)သို့ ရောက်ရှိကြရာ စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် စက်ရုံသို့လာရောက်စစ်ဆေးစဉ် လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ စက်ရုံတွင် ဌာနအလိုက် တပ်ဆင်ထားသောစက်များ၏စွမ်းပကားများ၊ စက်ရုံမှချည်အမျိုးမျိုး၊ အထည်နှင့် ချုပ်ထည်အမျိုးမျိုးကို ထုတ်လုပ်နိုင်မှုအခြေအနေများ၊ ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် ဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က **ချည်ထည်များ ထုတ်လုပ်ရာတွင် အရေအတွက်ထက် အရည်အသွေးကို ပိုမိုဦးစားပေး၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်တွင်းရှိ အထည်အလိပ်နှင့်ပတ်သက်သည့် အငယ်စား၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ၌ လိုအပ်လျက်ရှိသော ချည်မျှင်နှင့် အထည်အလိပ်များကို လိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်၍ ပြည်တွင်း လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရမည်ဖြစ်**ကြောင်း၊ ဝန်ထမ်းများ၏ သက်သာချောင်ချိရေး ဆောင်ရွက်ရာတွင်လည်း အမှန်တကယ်သက်သာချောင်ချိမှု ရရှိအောင် ဆောင်ရွက်ပေးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော် ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ) ချည်ငင်အလုပ်ရုံ၊ ချည်ကျစ်အလုပ်ရုံများအတွင်း ချည်များအဆင့်ဆင့်ထုတ်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာစီးပွားရေးကော်ပိုရေးရှင်း အမှတ်(၃) ဘီလပ်မြေစက်ရုံ(တန် ၁၂၀၀)အတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ခင်းကျင်းပြသထားသော စက်ရုံမှထုတ်လုပ်ထားသည့် ယူနီဖောင်းပိတ်စများနှင့် ချည်ထည်များ၏ အရည်အသွေးများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ချည်ထည်များ၏ အရည်အသွေးကို ဆက်လက်ထိန်းသိမ်းသွားရန်၊ ဈေးကွက်လိုအပ်ချက်အပေါ်မူတည်၍ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်းရှိ ချည်ငင်အလုပ်ရုံ၊ ချည်ကျစ်အလုပ်ရုံများအတွင်း ချည်များအဆင့်ဆင့်ထုတ်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ စက်ရုံမှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

အဆိုပါ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)အနေဖြင့် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် လိုအပ်သည့် ဝတ်စုံများကို ချုပ်လုပ်ပေးလျက်ရှိသကဲ့သို့ ကျောင်းဝတ်စုံများ၊ အခြားနေ့စဉ်သုံး ချည်ထည်ပစ္စည်းများကိုလည်း ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ဝတ်ရေးကို ပိုမိုအထောက်အကူပြုစေရန်နှင့် ပြည်တွင်းချည်ချောထုတ်လုပ်မှုများ တိုးတက်စေရေး ဆောင်ရွက်လျက်ရှိချိန်တွင် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)အနေဖြင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ၂/၈၀ ချည်ချောစက်ရုံခွဲကို ထပ်မံတိုးချဲ့တည်ဆောက်နိုင်ခဲ့ပြီး ပြည်တွင်းရှိ အထည်အလိပ်နှင့်ပတ်သက်သည့် စက်မှုလုပ်ငန်းများအတွက် လိုအပ်ချက်ရှိနေသည့် ချည်မျှင်နှင့် အထည်အလိပ်များကို အတိုင်းအတာတစ်ခုအထိ **စာမျက်နှာ ၁၉ သို့**

# မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်သည့် နှစ် ၇၀ ပြည့်အထိမ်းအမှတ်အခါသမယတွင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အပြန်အလှန်ပေးပို့

**နေပြည်တော် ဇူလိုင် ၁၂**


၂၀၂၅ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးထူထောင်သည့် နှစ် ၇၀ ပြည့်အထိမ်းအမှတ်အခါသမယတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ၊ ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ ဆမ်ဒက် အာခါ မိုဟာဆီနာပါတိုင်းတဲ့ချိုဟွန်ဆင်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက် မဟာပဝရဓိပတိဟွန်မာနိုက်တို့သည်လည်းကောင်း၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာပရက် ဆုတ်ခ်ခွန်းတို့သည်လည်းကောင်း ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးအပြန်အလှန်ပေးပို့ခဲ့ကြသည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်သည့် နှစ် ၇၀ ပြည့်အထိမ်းအမှတ် အခါသမယတွင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အပြန်အလှန်ပေးပို့

**နေပြည်တော် ဇူလိုင် ၁၂**

၂၀၂၅ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးထူထောင်သည့် နှစ် ၇၀ ပြည့်အထိမ်းအမှတ်အခါသမယတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် လာအိုနိုင်ငံ သမ္မတ မစ္စတာထောင်လွန်းဆီဆုလစ်၊ လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာဆုံဆိုင်းဆီဖန်ဒုံတို့သည်လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် လာအိုနိုင်ငံ ဒုတိယသမ္မတ မစ္စစ်ပါနီးယာထော်တူးတို့သည်လည်းကောင်း၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် လာအိုနိုင်ငံခြားရေးဝန်ကြီး မစ္စတာထောင်ဆာဗန် ဖုန်ဗီဟေးတို့သည်လည်းကောင်း ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးအပြန်အလှန်ပေးပို့ခဲ့ကြသည်။ (သတင်းစဉ်)






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးညို့စောက အမှတ်(၃) ဘိလပ်မြေစက်ရုံ (တန် ၁၂၀၀)နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာစီးပွားရေးကော်ပိုရေးရှင်း အမှတ်(၃) ဘိလပ်မြေစက်ရုံ(တန် ၁၂၀၀)အတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**စာမျက်နှာ ၁၈ မှအဆက်**

ထုတ်လုပ် ဖြည့်ဆည်းပေးလျက်ရှိကြောင်းနှင့် သတ်မှတ်ထားသည့် အရည်အသွေးစံနှုန်းများအတိုင်း ပြည့်မီစွာ ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရှိရသည်။

## အမှတ်(၃) ဘိလပ်မြေစက်ရုံ (တန် ၁၂၀၀)

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် မြန်မာစီးပွားရေးကော်ပိုရေးရှင်း အမှတ်(၃) ဘိလပ်မြေစက်ရုံ(တန် ၁၂၀၀)သို့ ရောက်ရှိကြရာ စက်ရုံအစည်းအဝေးခန်းမတွင် မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးညို့စောက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမှတ်(၃) ဘိလပ်မြေစက်ရုံ(တန် ၁၂၀၀)သို့ ရောက်ရှိစစ်ဆေးခဲ့စဉ် လမ်းညွှန်မှာကြားချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ ပြည်တွင်းရှိ ဘိလပ်မြေစက်ရုံများ၏ ကုန်ထုတ်လုပ်နိုင်မှု စွမ်းအားများကိုလည်းကောင်း၊ စက်ရုံမှူးက စက်ရုံဆိုင်ရာ အချက်အလက်များ၊ ဘဏ္ဍာနှစ်အလိုက် ဘိလပ်မြေများ ထုတ်လုပ်ရောင်းချပေးနိုင်မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်တွင်း ဘိလပ်မြေလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်ရန်၊ သင့်တင့်မျှတသည့်ဈေးနှုန်းဖြင့် ရောင်းချနိုင်ရေး ဆောင်ရွက်ပေးသွားရန်၊ ကုန်ထုတ်စွမ်းအားများ စက်စွမ်းအားအလိုက် စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ဘိလပ်မြေစက်ရုံအတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ စက်ရုံမှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)





ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ခင်းကျင်းပြသထားသည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပြခန်းများနှင့် စာအုပ်၊စာစောင်များကို လှည့်လည်ကြည့်ရှုစဉ်။

☆ ကျောဖုံးမှအဆက်

လူဦးရေသန်း ငါးထောင်ပြည့်သည့် ၁၉၈၇ ခုနှစ် ဇူလိုင် ၁၁ ရက်ကို ကမ္ဘာ့လူဦးရေနေ့ အဖြစ် သတ်မှတ်ခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ လူဦးရေပြဿနာရပ်နှင့် လူမှုအဖွဲ့အစည်း၊ ဖွံ့ဖြိုးတိုးတက်မှု၊ ပတ်ဝန်းကျင်တို့အပေါ် သက်ရောက်မှုများကို အသိပညာမြှင့်တင်ပေးရန်ရည်ရွယ်ပြီး အဖွဲ့ဝင်နိုင်ငံများက ကမ္ဘာ့လူဦးရေနေ့အခမ်းအနားကို နှစ်စဉ်ကျင်းပလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် အခမ်းအနားများကို ၁၉၉၀ ပြည့်နှစ်ကတည်းက စတင်ကျင်းပလာခဲ့သည်မှာ ယခုအခါ ၃၆ နှစ်မြောက်ရှိပြီဖြစ်ကြောင်း။

မိမိတို့မြန်မာနိုင်ငံ၏ လူဦးရေပြောင်းလဲလာမှုကို လေ့လာကြည့်မည်ဆိုပါက ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၅၁ ဒသမ ၄ သန်းကျော်ရှိခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် လူဦးရေ ၅၆ ဒသမ ၂ သန်းခန့်ဖြစ်လာမည်ဟု ခန့်မှန်းခဲ့ကြကြောင်း၊ သို့သော် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း ရှေ့ပြေးလူဦးရေစာရင်းအရ လက်ရှိလူဦးရေတွင် ၅၁ ဒသမ ၃ သန်းကျော်သာရှိသည်ကို တွေ့ရှိရကြောင်း။

ယခင်လူဦးရေတိုးနှုန်းများအရ လူဦးရေတိုးပွားလာရမည်ဖြစ်သော်လည်း ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအချက်အလက်များအရ ၁၀ နှစ်တာကာလအတွင်းတွင် လူဦးရေတိုးပွားလာခြင်းမရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လူဦးရေတိုးနှုန်းကို တိုက်ရိုက်သက်ရောက်စေသည့် ကလေးမွေးဖွားနှုန်း၊ သေဆုံးနှုန်း၊ ပြည်ပရွှေ့ပြောင်းနှုန်းများကို ဆန်းစစ်လေ့လာရန်လိုအပ်ကြောင်း။

မိမိတို့နိုင်ငံတွင် ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းအရ အမျိုးသမီးတစ်ဦး ကလေးမွေးဖွားနှုန်းသည် ၄ ဒသမ ၇ ဦးရှိခဲ့သော်လည်း ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းတွင် ကလေး ၂ ဒသမ ၃ ဦးနှုန်းလောက်ထိ ကျဆင်းလာပြီး ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ မိဘနှစ်ပါးနေရာကိုသာ ပြန်လည်အစားထိုးနိုင်မည့် ၂ ဒသမ ၁ ဦးနှုန်းအောက်ကို ကျဆင်းလာခဲ့သည်ကိုတွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံ၏ မွေးဖွားနှုန်းသည် အစဉ်တစိုက်ကျဆင်းလာသည်ဖြစ်၍ လက်ရှိတွင်လည်း ပိုမိုကျဆင်းလာခြင်းဖြစ်နိုင်ကြောင်း၊ မိခင်တစ်ဦး၏ ကလေးမွေးဖွားနှုန်းသည် နှစ်ဦးအောက်ကို လျော့ကျလာပြီဆိုပါက မိမိတို့နိုင်ငံ၏ လူဦးရေသည် တဖြည်းဖြည်း သိသိသာသာ လျော့နည်းကျဆင်းလာမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၌ ၂၀၂၀ ပြည့်နှစ်ဝန်းကျင်တွင် ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ကပ်ရောဂါဆိုးနှင့် ၂၀၂၁ ခုနှစ်နောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်များ၊ သဘာဝဘေးအန္တရာယ်များကြောင့် ကလေးမွေးဖွားနှုန်း၊ သေဆုံးနှုန်းများအပေါ် သက်ရောက်မှုများရှိခဲ့သကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းများ လျော့ကျလာပြီး လူငယ်အများအပြားသည်လည်း ပြည်ပထွက်ခွာမှုများပိုမိုပြုလုပ်လာသည်ကို တွေ့ရကြောင်း။

ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများတွင် သက်ကြီးရွယ်အိုလူဦးရေ များပြားလာမှုနှင့်အတူ ပိုမိုကောင်းမွန်သည့်အလုပ်အကိုင်အခွင့်အလမ်းများ များပြားပြီး လုပ်သားကဏ္ဍ လိုအပ်ချက်များ များလာခြင်းကြောင့် လုပ်သားအင်အားရွှေ့ပြောင်းမှုများ ရှိနေကြကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင်လည်း လူဦးရေလျော့နည်းလာသည့်အပြင် လူ့စွမ်းအားအရင်းမြစ်များ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရေး၊ ကုန်ထုတ်လုပ်မှုစွမ်းအင် မထိခိုက်စေရေးတို့အတွက် ရွှေ့ပြောင်းနေထိုင်လာမှုများကို သတိထားကိုင်တွယ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

လူဦးရေပညာရှင်များ၏ ခန့်မှန်းတွက်ချက်မှုများအရ မကြာတော့မည့် အနာဂတ်ကာလတွင် မိမိတို့နိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုဦးရေသည် ကလေးဦးရေထက် ပိုမိုများပြားလာတော့မည်ဖြစ်ကြောင်း၊ ထိုအချိန်တွင် တစ်သက်တာပညာသင်ယူမှုနှင့် ပြန်လည်လေ့ကျင့်သင်ကြားနိုင်မည့် အခွင့်အလမ်းများ၊ အသက်အရွယ်ပေါင်းစုံ အလုပ်လုပ်ကိုင်နိုင်သည့် လုပ်သားအင်အားစုများဖြစ်စေရန် ဖန်တီးပေးရန် လိုအပ်လာမည့် အခြေအနေဖြစ်လာနိုင်ကြောင်း၊ ထို့ကြောင့် အသက်အရွယ် ကြီးရင့်လာသော်လည်း အလုပ်လုပ်ချင်စိတ် ရှိနေသေးသူများကို ပုဂ္ဂလိကအခန်းကဏ္ဍများတွင် အလုပ်လုပ်နိုင်မည့်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများက ရေရှည်စီမံကိန်းများဖြင့် ယခုကတည်းက ကြိုတင်ပြင်ဆင်ထားရှိသင့်ပြီဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ လူဦးရေပြောင်းလဲမှုဖြစ်စဉ်များကို လေ့လာသုံးသပ်နိုင်ရန်နှင့် လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာအချက်အလက်များရရှိနိုင်ရန်အတွက် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မဖြစ်မနေကောက်ယူရန် စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။



ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ခင်းကျင်းပြသထားသည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်ပြခန်းများနှင့် စာအုပ်၊စာစောင်များကို လှည့်လည်ကြည့်ရှုစဉ်။

မိမိတို့နိုင်ငံတော်အတွက် လိုအပ်မည့် ရေတိုရေရှည်စီမံကိန်းများတွင် အခြေခံအသုံးပြုနိုင်မည့် လူဦးရေကို သိရှိနိုင်ရန်၊ လူဦးရေပြောင်းလဲမှုဆိုင်ရာ ဖြစ်စဉ်များကို လေ့လာသုံးသပ်နိုင်ရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို လေ့လာဆန်းစစ်သုံးသပ်ရာတွင် လိုအပ်သည့် အချက်အလက်များရရှိရန် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ကောက်ယူနိုင်ခဲ့ကြောင်း၊ သန်းခေါင်စာရင်းကရရှိလာသည့်အချက်အလက်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျက်မှောက်အခြေအနေများကို ပြသနေခြင်းဖြစ်၍ မှန်ကန်သည့် မူဝါဒများ၊ မဟာဗျူဟာများ၊ နည်းဗျူဟာများ ချမှတ်နိုင်ရန်နှင့် စီမံကိန်းများ ရေးဆွဲနိုင်ရန် လိုအပ်သည့် လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ စာရင်းအင်းအချက်အလက်များကိုပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် သယံဇာတအရင်းအမြစ်များ ခွဲဝေရန်၊ ဘဏ္ဍာငွေခွဲဝေချထားရန်၊ လိုအပ်သည့်နေရာများတွင် စာသင်ကျောင်း၊ ဆေးရုံနှင့် ကျန်းမာရေးဌာနများ၊ လမ်း၊ တံတား စသည့် အခြေခံအဆောက်အအုံများ တည်ဆောက်ပေးနိုင်ရန်၊ မသန်စွမ်းနှင့် သက်ကြီးရွယ်အိုစောင့်ရှောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် စသည့်စီမံခန့်ခွဲမှုများ ဆောင်ရွက်ရာတွင် မရှိမဖြစ်လိုအပ်သည့် အခြေခံအချက်အလက်များပင်ဖြစ်ကြောင်း။

ထို့ကြောင့် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းက အချက်အလက်များကို သေသေချာချာဆန်းစစ်လေ့လာရန်လိုအပ်ကြောင်း၊ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းတွင် မေးခွန်းပေါင်း ၆၈ ခု မေးမြန်းခဲ့ပြီး လူဦးရေဆိုင်ရာအချက်အလက်များသာမက လူမှုစီးပွားဆိုင်ရာ အချက်အလက်များ၊ ပြည်တွင်း၊ ပြည်ပ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာအချက်အလက်များ၊ အိမ်နှင့် အိမ်ထောင်စုအကြောင်းအရာများကို ပြည့်ပြည့်စုံစုံ မေးမြန်းထားကြောင်း၊ အဆိုပါအချက်အလက်များကို အသေးစိတ်ဆန်းစစ်လေ့လာပြီး မိမိတို့နိုင်ငံ၏ မျက်မှောက်အခြေအနေကိုပြန်လည်သုံးသပ်ရန် လိုအပ်ကြောင်း၊ နိုင်ငံ၏ ပစ္စုပ္ပန်အခြေအနေကို ဖော်ပြနေသည့် သန်းခေါင်စာရင်းအချက်အလက်များကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အဓိကကိုင်တွယ်အသုံးပြုသွားရန်လိုအပ်ကြောင်း။

ထို့ပြင် မကြာမီ မိမိတို့နိုင်ငံတွင် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြုလုပ်တော့မည်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အခြေခံလိုအပ်သည့် မဲစာရင်းမှန်ကန်စေရေးကိုလည်း ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကရရှိသည့် လူဦးရေစာရင်းများက အဓိကအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် မကြာမီကဖြစ်ပေါ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသည့်မြို့များ၏ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ၂၀၂၄ ခုနှစ်သန်းခေါင်စာရင်းအချက်အလက်များက လွန်စွာအသုံးဝင်မည်ကိုလည်းပြောကြားလိုကြောင်း။

နှစ်စဉ် ကမ္ဘာ့လူဦးရေနေ့ရောက်တိုင်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်သတ်မှတ်၍ အခမ်းအနား၊ လှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိကြကြောင်း၊ စာမျက်နှာ ၂၁ သို့

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ရှိ ရွှေစေတီကျောင်းတိုက်၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေး မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက်၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိအဆောက်အအုံများကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဇူလိုင် ၁၁

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ အတွင်းရှိ ရွှေစေတီ ဘာသန္တရသင်တန်းကျောင်း၊ ရတနာဒီပံချောင်ကျောင်းတိုက်၊ အရှေ့မှန်ကျောင်း ကျောင်းတိုက်၊ ရွှေစေတီကျောင်းတိုက်၊ မြို့ဦးကျောင်းတိုက်နှင့် ပထမမဟာဂန္ဓာရုံကျောင်းတိုက်တို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို လည်းကောင်း၊ ပိုးတန်းရပ်ကွက်နှင့် စိန်ကုန်ရပ်ကွက်တို့ရှိ လူနေအဆောက်အအုံ အပျက်အစီးများကို လည်းကောင်း စက်ယန္တရားကြီးများ အသုံးပြု၍ အပြီးသတ်ဖယ်ရှား ရှင်းလင်းနေမှုအား ကြည့်ရှုအားပေးပြီး လုပ်အားပေးဆောင်ရွက်နေကြသူများကို အားဖြည့်အချိုရည်များပေးအပ်ကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

၎င်းနောက် စစ်ကိုင်းမြို့ နန်းဦးမြို့သစ်ရှိ လေးကျွန်းမြေအုဌ်ကျောင်း ပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ ကျောင်းတိုက်ဆရာတော်နှင့် သံဃာတော်များကို သွားရောက်ဖူးမြော်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်တော်၊ ဆီ၊ ပဲတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ လေးကျွန်းမြေအုဌ်ကျောင်း ပရိယတ္တိစာသင်တိုက်ရှိ ရဟန်း၊ သာမဏေ၊ သီလရှင်၊ ယောဂီများနှင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်ဆေးကုသရေးအဖွဲ့နှင့် စစ်ကိုင်းမြို့ ဆေးရုံကြီးမှ ဆေးကုသရေးအဖွဲ့တို့ ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ခြင်ဆေးဖျန်းပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေး အမရပူရမြို့နယ်ရှိ ရွှေကြက်ယက်ဆုတောင်းပြည့်မြတ်စွာဘုရားသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော ဘုရားစေတီအပျက်အစီးများ၊ သာသနိကအဆောက်အအုံအပျက်အစီးများနှင့် စေတီတော်ကြီးပတ်ဝန်းကျင်ရှိ ချုံနွယ်၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းတို့အား တပ်မတော်သားများနှင့် အဖွဲ့အစည်းအသီးသီးမှ အင်တိုက်အားတိုက် ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများကို လည်းကောင်း၊ စေတီတော်ရှိ ကျောက်စာရုံအား ပြန်လည်ပြုပြင်နေသည့် အခြေအနေများကိုလည်းကောင်း၊ ထီးတော်ကြီးအား ပြုပြင်မွမ်းမံရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက်နှင့် အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်တို့သို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိ အဆောက်အအုံအပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းစေရေး စနစ်တကျပြုလုပ် ဆောင်ရွက်သွားရန်၊ အနီးပတ်ဝန်းကျင်ရှိ အဆောက်အအုံများကို ထိခိုက်မှုမရှိစေရေး အထူးဂရုပြုဆောင်ရွက်ရန်၊ လျှပ်စစ်မီးကြိုးများအား စနစ်တကျကြိုတင်ရှင်းလင်း ဆောင်ရွက်နိုင်ရေးတို့ကိုမှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# နေပြည်တော်တိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



နေပြည်တော်တိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၁၁

နေပြည်တော်တိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာတိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါတိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇူလိုင် ၁၈ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

**စာမျက်နှာ ၂၀ မှအဆက်**

မိမိတို့မြန်မာနိုင်ငံ၏ ၂၀၂၅ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်ကို မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေကို ထင်ဟပ်ပေါ်လွင်စေမည့် သန်းခေါင်စာရင်းအချက်အလက်များကို ထိထိရောက်ရောက်အသုံးပြုကြရန်ရည်ရွယ်ပြီး **“လူမှုစီးပွား ဖွံ့ဖြိုးဖို့၊ သန်းခေါင်စာရင်း အချက်အလက်များကို အသုံးပြုစို့”** **"From Data to Development: Using Census for Socio – Economic Advancement"**ဟု သတ်မှတ်ထားကြောင်း။

ယင်းဆောင်ပုဒ်ကို သတ်မှတ်ထားရခြင်းမှာ သန်းခေါင်စာရင်းအချက်အလက်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အလွန်ပင်အသုံးဝင်သည့်အချက်အလက်များဖြစ်ကြောင်း၊ ထို့ကြောင့် သန်းခေါင်စာရင်းကို နိုင်ငံတကာအကူအညီမပါဘဲ မိမိတို့တွင်ရှိသည့် လူ့စွမ်းအားအရင်းအမြစ်များကို တစ်တပ်တစ်အားအသုံးချ၍ နိုင်ငံတော်ရန်ပုံငွေ ကျပ်သန်းပေါင်းများစွာအကုန်အကျခံပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အချိန်များစွာ ကြိုတင်ပြင်ဆင်မှုနှင့်အတူ လူအင်အားများစွာအသုံးပြုပြီး စာရင်းကောက်ယူခဲ့ခြင်းဖြစ်ကြောင်း၊ စာရင်းကောက်ယူစဉ်ကာလအတွင်းတွင်လည်း အခက်အခဲပေါင်းများစွာ ကြုံတွေ့ခဲ့ရပြီး ယင်းလုပ်ငန်းများကို အသက်ပေးတာဝန်ထမ်းဆောင်ခဲ့သူများကို မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း။

ထိုသို့ အခက်အခဲပေါင်းများစွာထဲက ငွေအင်အား၊ လူအင်အား အသုံးပြုပြီး အောင်မြင်အောင် ဆောင်ရွက်ခဲ့သည့် သန်းခေါင်စာရင်း၏ အချက်အလက်များကို မူဝါဒချမှတ်သူများ၊ စီမံကိန်းရေးဆွဲသူများ၊ စာရင်းအင်းအချက်အလက် အသုံးပြုသူများအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ထိထိရောက်ရောက် အသုံးပြုနိုင်ရန် အလေးအနက်ထားတိုက်တွန်းပြောကြားလိုကြောင်း။

ယနေ့ ကမ္ဘာ့လူဦးရေနေ့ကစပြီး မြန်မာနိုင်ငံအတွင်းတွင် နေထိုင်ကြသည့် နိုင်ငံသူနိုင်ငံသားများအားလုံး ကျန်းမာချမ်းသာစွာဖြင့် သဘာဝဘေးအန္တရာယ်အပေါင်းက လွတ်ကင်းကြပြီး အများကောင်းကျိုးကို သယ်ပိုးနိုင်ကြပါစေ၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အချက်အလက်များကို ကဏ္ဍအလိုက် ထိရောက်စွာအသုံးပြုကြပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က **“လူမှုစီးပွားဖွံ့ဖြိုးဖို့၊ သန်းခေါင်စာရင်း အချက်အလက်များကို အသုံးပြုစို့”** ဆောင်ပုဒ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် ၂၀၂၅ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် အခမ်းအနား Animation Clip ကို ပြသသည်။

ထို့နောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ခင်းကျင်းပြသထားသည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်ပြခန်းများနှင့် စာအုပ်၊ စာစောင်များကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ဆေးကုသမှုခံယူနေသူတစ်ဦးကို စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးလင်းနိုင်စိုး ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၁၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံဝင်းများအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၅)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို သွားရောက်တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၁**

ဧရာဝတီတိုင်းဒေသကြီး အတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၅) သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ယနေ့ နံနက်ပိုင်းတွင် အနောက်တောင်တိုင်း စစ်ဌာနချုပ် အားကစားခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၅) သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အဝတ်အထည်များ ပေးအပ်ပြီး ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးကျော်ထက် နိုင်ငံ့သားကောင်းရတနာများကို အဝတ်အထည်များ ပေးအပ်စဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် နိုင်ငံ့သားကောင်းရတနာများကို အသုံးအဆောင်ပစ္စည်းများ ပေးအပ်စဉ်။

အလားတူ တနင်္သာရီတိုင်းဒေသကြီးမှ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၅) သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက မြိတ်မြို့ရှိ နယ်မြေခံတပ်နယ်ခန်းမ၌ တွေ့ဆုံ၍ အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၁**

၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ နံနက်ပိုင်းတွင် မိတ္ထီလာမြို့ရှိ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်ဝင်းမောင်သိန်း၊ မိတ္ထီလာတပ်နယ်မှ အရာရှိကြီးများ၊ လေကြောင်းအတတ်သင်ဌာနချုပ်၊ လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ်(မိတ္ထီလာ)နှင့် မြေပြင်အတတ်သင် လေတပ်စခန်းဌာနချုပ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ဆုရရှိသော အားကစားသမားများကို တာဝန်ရှိသူများကလည်းကောင်း၊ တံခွန်စိုက်ဒိုင်းဆုရရှိသော အသင်းကို ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးကလည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

အဆိုပါ ဘော်လီဘောပြိုင်ပွဲကို ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၄ သင်းနှင့် အမျိုးသမီးအသင်း ၁၁ သင်းတို့ဖြင့် ဇူလိုင် ၁ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)




ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်ဝင်းမောင်သိန်း တံခွန်စိုက်ဒိုင်းဆုရရှိသည့်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# စိတ်လက်ချမ်းသာကိုယ်ကျန်းမာ သစ်ပင်စိုက်မင်္ဂလာ

ဘုန်းမောင်ဝင်း
(ဖျာပုံ)



သစ်ပင်စိုက်ပျိုးခြင်းဟူသည်မှာ ရိုးရှင်းသည့်သာမန်လုပ်ငန်းစဉ်တစ်ခုဖြစ်သော်လည်း ရေရှည်အတွက် ကြီးမားသည့်အကျိုးကျေးဇူးများကို ရရှိစေနိုင်သည်။ သစ်ပင်တစ်ပင်စိုက်ပျိုးလိုက်သည့်အခါ အဆိုပါသစ်ပင်ကြီးရှင်သန်ကြီးထွားနေသမျှကာလပတ်လုံး ရရှိလာသည့်အရိပ်အာဝါသ၊ သစ်သီးဝလံ၊ လတ်ဆတ်သည့်လေ၊ ရေနှင့် မြေဆီလွှာကို ထိန်းသိမ်းပေးနိုင်မှု စသည့်အကျိုးကျေးဇူးများအားလုံးသည် စိုက်ပျိုးသူအတွက် ကုသိုလ်များအဖြစ် အလိုလိုရရှိနေမည်ဖြစ်သည်။ ယင်းကုသိုလ်သည် တစ်ကြိမ်လုပ်ဆောင်ရုံဖြင့် နှစ်ပေါင်းများစွာ၊ မျိုးဆက်ပေါင်းများစွာအထိ အကျိုးဆက်များစွာပေးစွမ်းနေပေမည်။ ထို့ပြင် သစ်ပင်စိုက်ပျိုးခြင်းသည် ဇရပ်တန်ဆောင်း၊ ဂူကျောင်းပြာသာဒ်ဆောက်လုပ်လှူဒါန်းခြင်းနှင့် အခြားထာဝရကုသိုလ်များကဲ့သို့ တူညီသည့်ကုသိုလ်ကိုရရှိခံစားနိုင်ပြီး အသက်ရှည်ကျန်းမာသည့် ကုသိုလ်အကျိုးထူးတို့ကိုလည်း ရရှိနိုင်မည့် ထာဝရကုသိုလ်ပင်ဖြစ်သည်။

လူသားတို့အနေဖြင့် “တစ်သက်လုံးစိတ်ချမ်းသာလိုလျှင် သစ်ပင်စိုက်ပါ” ဆိုသောစကားသည် သစ်ပင်သစ်တော၏အရေးပါပုံကို ဖော်ညွှန်းခြင်းဖြစ်သည်။ သစ်ပင်စိုက်ရသောပီတိ၊ ဖြစ်ထွန်းလာသည်ကိုကြည့်မြင်ရသော စိတ်ချမ်းသာမှုမှာ ဖြူစင်သောစိတ်နှလုံးကိုဖြစ်ပေါ်စေသည်။ သစ်ပင်သည် သက်ရှိသတ္တဝါအားလုံးတို့အတွက် မရှိမဖြစ်အရာဖြစ်သည်။ သစ်ပင်သစ်တောတို့သည် သဘာဝပတ်ဝန်းကျင်ကို စိမ်းလန်းစိုပြည် တည်တံ့စေရုံသာမက လူနှင့်တိရစ္ဆာန်တို့၏အသက်ရှင်ရပ်တည်မှုတို့ကိုပါ ထိန်းသိမ်းစောင့်ရှောက်ပေးသည်။

မြန်မာတို့သည် ရှေးနှစ်ပေါင်းများစွာကတည်းက သစ်ပင်သစ်တောများကို ချစ်ခင်သည့် လူမျိုးများဖြစ်ကြသည်။ မြတ်စွာဘုရားအလောင်းတော်သည်တောထွက်ကာ ဒုက္ကရစရိယာအကျင့်ကိုကျင့်ခဲ့ပြီး ဗောဓိညောင်ပင်ရင်းတွင် တရားထူးရခဲ့သည်။ ဘုရားသော်မှအမှီရှိမှပွင့်ရသည်ဆိုစကားမှာ ဗောဓိညောင်ပင်ကိုမှီ၍ သဗ္ဗညုတညာဏ်တော်ရရှိခဲ့ခြင်းကို ရည်ညွှန်းခြင်းဖြစ်သည်။ သစ်ပင်မှအရွက်တို့သည် အောက်ဆီဂျင်ကိုထုတ်ပေးသည်၊ လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်သည် အပူကိုစုပ်ယူထားနိုင်ရာ လေထုတွင်ကာဗွန်ဒိုင်အောက်ဆိုက်များလာပါက အပူချိန်လည်းတက်လာမည်။ သစ်ပင်တို့ရှိနေလျှင် ယင်းတို့က ကာဗွန်ဒိုင်အောက်ဆိုက်ကိုစုပ်ယူသဖြင့် လေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက်လျော့နည်းစေကာ အပူရှိန်လည်းနည်းပါးစေသည်။

လူသားများအသက်ရှင်ရေးတွင်မရှိမဖြစ်လိုအပ်သော ကစီဓာတ်ကိုလည်း သစ်ပင်များမှရရှိသည်၊ သစ်ပင်သစ်တောများသည် လေစီးကြောင်း၊ ရေစီးကြောင်းတို့ကို မှန်ကန်စေပြီး ရာသီဥတုမျှတအောင်ထိန်းညှိပေးနိုင်သည်။ သစ်ပင်၏အမြစ်သည် မြေဆီလွှာကို ကုပ်တွယ်ထားခြင်းဖြင့် မြေဆီလွှာဆုံးရှုံးမှုကိုလည်း ထိန်းသိမ်းကာကွယ်ပေးနိုင်သည်၊ သစ်ပင်တစ်ပင်လုံးသည် လူ့အသုံးအဆောင်ချည်းသာဖြစ်သည်။ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်ဆိုစကားအတိုင်း ဆေးဖက်မဝင်သောအပင်မရှိသည်မှာ သစ်ပင်များ၏ကောင်းကျိုးဖြစ်သည်။

ကမ္ဘာမြေကြီးနှင့်လူသားများအတွက် သစ်ပင်များသည် များပြားလှသည့် အကျိုးကျေးဇူးများကို ပေးစွမ်းလျက်ရှိသည်။ သုတေသနပညာရှင်များ၏လေ့လာမှုအရ သစ်ပင်များရှိသည့် စိမ်းလန်းစိုပြည်နေသည့် ပတ်ဝန်းကျင်တို့သည် စိတ်ဖိစီးမှုကိုလျှော့ချပေးပြီး စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကို တိုးတက်စေကြောင်းသိရှိရသည်။ သစ်ပင်များနှင့်ပြည့်နေသည့်ပန်းခြံများ၊ လမ်းမများ၊ ကျေးလက်နှင့်မြို့ပြများသည်လမ်းလျှောက်ရန်၊ အပန်းဖြေရန်၊ အရိပ်ရရန်တို့အပြင် အေးချမ်းသည့်သဘာဝအလှနှင့် ထိတွေ့ခြင်းအားဖြင့် လူသားများ၏ကျန်းမာရေးဆိုင်ရာကောင်းကျိုးများဖြစ်ထွန်းစေသည်။ ထို့ကြောင့်သစ်ပင်စိုက်ပျိုးခြင်းနှင့်ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် နိုင်ငံတော်၏ ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်သစ်များအတွက်အလွန်အရေးကြီးပြီး အကျိုးကျေးဇူးကြီးမားစေသည့် သဘာဝရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်သည်။ ရှေးကဘိုးဘွားမိဘများ စိုက်ပျိုးထားခဲ့သော သစ်တောသစ်ပင်များ၏ကောင်းကျိုးကို လက်ရှိလူသားတို့ခံစားနေကြရသည်။ ထို့အတူ လက်ရှိလူသားတို့ကလည်း နောက်လာမည့်လူသားများအတွက် သစ်တောသစ်ပင်အမွေကောင်းများကိုပေးထားခဲ့ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် တောတောင်လျှိုမြောင်နှင့်မြစ်ချောင်းအင်းအိုင်များ ပေါများသည့်နိုင်ငံဖြစ်သည်။ သဘာဝအလှတရားများနှင့်လည်း ပြည့်စုံကြွယ်ဝသည်။ မြန်မာနိုင်ငံအနှံ့အပြားတွင် သစ်တောကြီးများရှိနေသည်၊ ထို့ပြင် ပြည်သူများခရီးသွားလာရာလမ်းတစ်လျှောက်တွင်လည်း သစ်ပင်များအုပ်ဆိုင်းလျက်ရှိသည်ကို နေရာဒေသတိုင်းတွင်တွေ့မြင်ရသည်၊ သစ်ပင်သစ်တောများ၏အခန်းကဏ္ဍသည် နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများစားရေရိက္ခာဖူလုံပြီး ကျန်းမာပျော်ရွှင်ရေးနှင့် သဘာဝဘေးအန္တရာယ်တချို့မှ ကာကွယ်နိုင်ရန်အတွက် အဓိကကျလှသည်။ Green City, Clean City, Smart City နှင့် Green Village များဖြစ်စေရေးအတွက် သစ်ပင်သစ်တောများသည် အလွန်အရေးကြီးသည့် အစိတ်အပိုင်းများဖြစ်သည်။ သစ်ပင်ပန်းမန်များသည် ပတ်ဝန်းကျင်စိမ်းစိုသာယာလှပမှုသာမက လူတိုင်း၏ရင်ကိုအေးမြစေပြီး စိတ်လက်ပေါ့ပါးမှု၊ ပျော်ရွှင်ချမ်းမြေ့မှု၊ လန်းဆန်းတက်ကြွမှုနှင့်ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ထိုသို့ဖန်တီးပေးနိုင်သည်ကို ဂုဏ်ယူစိတ်၊ ကြည်နူးစိတ်သည် နိုင်ငံချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်အတွက် သန္ဓေတည်ရာမျိုးစေ့ဖြစ်လာမည်ဖြစ်သည်၊ သစ်ပင်သစ်တောများ ရေရှည်တည်တံ့စေရန်အတွက် ဘက်စုံကဏ္ဍစုံမှ ရှုမြင်သုံးသပ်ပြီး သစ်တောထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အမျိုးသားရေးလုပ်ငန်းတစ်ရပ်အဖြစ် စနစ်တကျဆောင်ရွက်သွားကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံအလယ်ပိုင်းသည် မိုးနည်းရပ်ဝန်းဒေသဖြစ်သည်။ မိုးရေရရှိမှုနည်းပါးသည်။ မိုးရေရရှိမှုနည်းပါးသည်မှာ သစ်ပင်သစ်တောများဖုံးလွှမ်းမှုနည်းပါးခြင်းသည်လည်း အကြောင်းရင်းတစ်ခုဖြစ်သည်။ ဥတုရာသီတောကိုမှီ၍ဆိုစကားအတိုင်း မိုးရေရရှိမှု၊ မိုးရွာသွန်းမှုသည် သစ်တောသစ်ပင် နည်းပါးခြင်းကြောင့်ဟုဆိုလျှင် မှားနိုင်မည်မဟုတ်ပေ။ လက်တွေ့ဥပမာတစ်ခုအနေဖြင့်ကြည့်ပါက ယခင်က နေပြည်တော်မြို့တော်ကြီးမပေါ်ထွန်းမီက ပျဉ်းမနားဒေသသည်လည်း မိုးနည်းရေရှားဒေသတစ်ခုဖြစ်ခဲ့သည်။ နေပြည်တော်မြို့တော်ကြီး ပေါ်ထွန်းလာပြီးနောက် တပ်မတော်သားများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူများ၏စည်းလုံးညီညွတ်မှုဖြင့် သစ်ပင်များကိုစိုက်ပျိုးခဲ့ကြသည်၊ သစ်ပင်များ ထူထပ်စွာပေါများလာသည့်အခါ မိုးရွာသွန်းမှုသည်လည်းများပြားလာသည်။

ယခုအခါ သစ်ပင်စိုက်ပျိုးခြင်းကို နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည်။ ၂၀၂၅ ခုနှစ် မိုးရာသီတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်သည့်အစိုးရအဖွဲ့၏ သစ်ပင်စိုက်ပျိုးပွဲ(၂)ကြိမ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဦးဆောင်သည့် တပ်မတော်၏သစ်ပင်စိုက်ပျိုးပွဲ(၂)ကြိမ် စိုက်ပျိုးခဲ့ပြီးဖြစ်သည်၊ သစ်ပင်စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲက မိတ္ထီလာမြို့သို့ရောက်ရှိစဉ် **“မိတ္ထီလာဒေသစိမ်းလန်းစိုပြည်ရေးအတွက် ဒေသအလိုက်၊ ရပ်ကွက်ကျေးရွာများအလိုက် Green Zone များဖော်ဆောင်ကြရန်လိုကြောင်း၊ အပူရှိန်လျှော့ချရေးနှင့် ရာသီဥတုကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရန်မှာ သစ်ပင်စိုက်ပျိုးခြင်းပင်ဖြစ်ပြီး ကျေးရွာ၊ ရပ်ကွက်တစ်ခုချင်းစီအလိုက် မိမိတို့ကျေးရွာ၏အနီးပတ်ဝန်းကျင်တွင် သစ်တောသစ်ပင် အနည်းဆုံး ၂ ကေခန့် စိုက်ပျိုးခြင်းများကိုဆောင်ရွက်၍ Green Zone များဖော်ဆောင်ကြရန်လိုကြောင်း”** မိန့်ကြားခဲ့သည်။

မြန်မာနိုင်ငံအလယ်ပိုင်းဒေသသည် မိုးနည်းရပ်ဝန်းဖြစ်သည့်အတွက် စိမ်းလန်းစိုပြည်မှုနည်းပါးလှသည်။ စိမ်းလန်းစိုပြည်မှုများပြားစွာဖြစ်ပေါ်စေရန်မှာ သစ်ပင်များထူထပ်စွာပေါက်ရောက်နေရမည့်အပြင် ရေလုံလောက်စွာရရှိနေရမည်ဖြစ်သည်။ သစ်ပင်များရှားပါးခြင်းကြောင့် အပူချိန်မြင့်တက်ကာ ရေသည်လည်း ထင်သလောက်ပေါများခြင်းမရှိလှပေ။ တစ်ချိန်က အညာဒေသတွင် **“ရွှေကိုမလို၊ ငွေကိုမလို၊ ရေကိုသာလိုသည်”**ဟူ၍ပင်ဆိုစကားရှိခဲ့သည်။ ဤသည်မှာ ရေလိုအပ်ချက်ကိုပုံဖော်ခြင်းဖြစ်သည်၊ သစ်ပင်နှင့်ရေ၊ ရာသီဥတုတို့သည် တစ်ခုနှင့်တစ်ခုဆက်စပ်လျက်ရှိသည်။ သစ်တောသစ်ပင်ရှားပါးခြင်းကြောင့် မိုးရွာသွန်းမှုနည်းသည်။ မိုးနည်းသည့်အတွက် ရေရှားပါးသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် သစ်တောသစ်ပင်များရှင်သန်ဖြစ်ထွန်းရေးအတွက် ပြုစုထိန်းသိမ်းစောင့်ရှောက်ကာကွယ်လျက်ရှိရာ ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောတို့ကို အကောင်အထည်ဖော်ပေးလျက်ရှိသည်။

ဤနေရာတွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနဖြစ်ပေါ်လာပုံသမိုင်းအကျဉ်းကိုလည်း ပြောပြလိုသည်။ ၁၉၅၃-၁၉၅၄ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းမိုးနည်းဒေသ၏ သဘာဝပတ်ဝန်းကျင်အခြေအနေနှင့် ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်ချက်ဖြင့် မြေယာကျေးလက်တိုးတက်ကြီးပွားရေးကော်ပိုရေးရှင်း(မြေ၊ကျေး၊ ရှင်း)ကို သစ်တောဌာနမှ အမှုထမ်း၊ အရာထမ်းအချို့ကိုလွှဲပြောင်းရယူ၍ စတင်ဖွဲ့စည်းခဲ့ပြီး အပူပိုင်းဒေသသစ်တောများပြန်လည်ပြုစုပျိုးထောင်ခြင်းလုပ်ငန်းအား မိတ္ထီလာသစ်တောခရိုင်တွင်သာ အများဆုံးဆောင်ရွက်ခဲ့သည်။ (၁၉၅၃-၁၉၅၄) ဘဏ္ဍာနှစ်မှ(၁၉၆၂-၁၉၆၃)ဘဏ္ဍာနှစ်အထိ ၁၀ နှစ်တာမျှ ပုပ္ပားတောင်ရေဝေရေလဲ သစ်တောများ ပြန်လည်ထူထောင်ခြင်း၊ ကျေးရွာသစ်တောများနှင့်စံပြသစ်တောများကိုဦးစားပေး၍ တည်ထောင်ခြင်းများကို ဆောင်ရွက်ခဲ့သည်။

၁၉၆၃ ခုနှစ်နောက်ပိုင်းတွင် သစ်တောဦးစီးဌာနမှ ပြန်လည်လွှဲပြောင်းတာဝန်ယူဆောင်ရွက်ခဲ့ပြီး (၁၉၆၃-၁၉၆၄)ဘဏ္ဍာနှစ်မှ(၁၉၇၂-၁၉၇၃)ဘဏ္ဍာနှစ်အထိ ၁၀ နှစ်တာကာလအား ပထမစီမံကိန်းကာလအဖြစ်၊ (၁၉၇၂-၁၉၇၃)ဘဏ္ဍာနှစ်မှ(၁၉၈၀-၁၉၈၂) ဘဏ္ဍာနှစ်အထိ ၁၀ နှစ်တာကာလအား ဒုတိယစီမံကိန်းကာလအဖြစ် သတ်မှတ်၍ ရမည်းသင်း၊ မိတ္ထီလာ၊ မန္တလေး၊ မေမြို့၊ ရွှေဘို၊ အောက်ချင်းတွင်း၊ ယော၊ မင်းဘူး၊ သရက်နှင့် အောင်လံ သစ်တောခရိုင်များတွင် စီမံကိန်းများကို စနစ်တကျရေးဆွဲကာလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

၁၉၈၂ ခုနှစ်နောက်ပိုင်းတွင် အခြေအနေအကြောင်းကြောင်းကြောင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိသာ ဆောင်ရွက်နိုင်ခဲ့သည်။ (၁၉၉၄-၁၉၉၅)ဘဏ္ဍာနှစ်တွင် စစ်ကိုင်း၊ မုံရွာ၊ မြင်းခြံ၊ မိတ္ထီလာ၊ ရမည်းသင်း၊ ပခုက္ကူ၊ မကွေး၊ မင်းဘူးနှင့် သရက်ခရိုင်တို့တွင် အထူးဒေသကိုးခရိုင်စိမ်းလန်းစိုပြည်ရေးစီမံကိန်းချမှတ်ပြီး စမ်းသပ်ကာလသုံးနှစ်တာကာလအတွင်း သစ်ပင်စိုက်ခြင်း၊ သဘာဝသစ်တောများထိန်းသိမ်းခြင်း၊ ရေအရင်းအမြစ်ဖော်ထုတ်၍ စနစ်တကျသုံးစွဲခြင်း၊ ဒေသခံတို့အား တိုးချဲ့ပညာပေးခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့သည်။

(၁၉၉၅-၁၉၉၆) ဘဏ္ဍာနှစ်တွင် ညောင်ဦးနှင့် ရွှေဘိုခရိုင်တို့ပါတိုးချဲ့လာနိုင်ခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးအတွက် လုပ်ငန်းများဆောင်ရွက်နိုင်ရန် ၁၉၉၇ ခုနှစ် စက်တင်ဘာလ ၁၈ ရက်တွင် သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏အမိန့်ဖြင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနကို **စာမျက်နှာ ၂၄ သို့**

စာမျက်နှာ ၂၃ မှအဆက်

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့၌ ညွှန်ကြားရေးမှူးချုပ်ရုံးအနေဖြင့် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ထိုရုံးလက်အောက်တွင် စစ်ကိုင်းတိုင်းဒေသကြီး (၃)ခရိုင်၊ (၂၀)မြို့နယ်၊ မကွေးတိုင်းဒေသကြီး (၅)ခရိုင်၊ (၂၄)မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး (၅)ခရိုင်၊ (၁၃)မြို့နယ် စုစုပေါင်း (၁၃)ခရိုင်၊ (၅၇)မြို့နယ်၊ အကျယ်အဝန်း ၂၁ ဒသမ ၅၅၇ ဧကသန်းဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ထို့နောက် ၂၀၁၄ ခုနှစ်တွင် အပူပိုင်းဒေသ (၁၃)ခရိုင်ကို စစ်ကိုင်းတိုင်းဒေသကြီး (၄)ခရိုင်၊ (၁၇)မြို့နယ်၊ မကွေးတိုင်းဒေသကြီး (၄)ခရိုင်၊ (၂၁)မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး (၅)ခရိုင်၊ (၁၅)မြို့နယ် စုစုပေါင်း (၁၃)ခရိုင်၊ (၅၃)မြို့နယ်ဖြင့် ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အပူပိုင်း(၁၃)ခရိုင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၊ သစ်တောစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးခြင်းများ၊ သဘာဝနယ်မြေနှင့် ဘေးမဲ့တောထူထောင်ခြင်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇူလိုင် ၁၁ ရက်နံနက်ပိုင်းတွင် ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် လိန်တောကြိုးပြင်ကာကွယ်တောနေရာ၌ ကျင်းပပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲတော်သို့တက်ရောက်၍ တမာပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။ ထိုသစ်ပင်စိုက်ပျိုးပွဲတွင် တမာ၊ စိန်ပန်း၊ ကုက္ကို၊ မည်စည်၊ ဒဟတ်၊ ရင်းမာ စသည့်သစ်မျိုးခြောက်မျိုး၊ ပျိုးပင်ပေါင်း ၃၂၀၀ ပင်ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးခဲ့သည်။ မိတ္ထီလာခရိုင် လိန်တောကြိုးပြင် ကာကွယ်တောနေရာ၌ ကျင်းပပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲတော်အပါအဝင် အပူပိုင်းဒေသ (၁၃)ခရိုင်၊ (၂၉)မြို့နယ်အတွင်း ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် စုစုပေါင်းသစ်ပင် ၃၄၉၅၀ ပင်ကို စုပေါင်းစိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲက **"ယနေ့ သစ်ပင်စိုက်ပျိုးမှုများဆောင်ရွက်ခြင်းသည် နောင်လာနောက်သားများအတွက် ကောင်းမွန်သည့်ပတ်ဝန်းကျင် ခံစားနိုင်ရန်အတွက် အမွေခံကောင်းကို ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ အချိန်နှင့် ငွေကြေးအင်အား၊ လူအင်အားများကို အသုံးပြု၍ဆောင်ရွက်ချိန်တွင် နိုင်ငံအတွက် အကျိုးရှိအောင်ဆောင်ရွက်ခြင်းအားဖြင့် ကုသိုလ်ကောင်းမှုများဖြစ်အောင် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ယနေ့ကဲ့သို့ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲ ဆောင်ရွက်သကဲ့သို့ ဆက်လက်၍လည်း တိုင်းဒေသကြီးအလိုက်၊ပြည်နယ်အလိုက်၊ ရပ်ကွက်ကျေးရွာများအလိုက် တစ်အိမ်လျှင် တစ်ပင်စိုက်မည်ဆိုပါက သစ်ပင်များရှင်သန်ဖြစ်ထွန်းပြီး သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ပြုလုပ်သည့် အခမ်းအနားသည် မင်္ဂလာရှိသည့်အခမ်းအနားဖြစ်ပြီး အများကောင်းကျိုးအတွက် ဆောင်ရွက်ကြသူများဖြစ်သဖြင့် တူညီသောအကျိုးကိုခံစားကြရပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်း"** ဖြင့် ပြောကြားခဲ့သည်။

အညာဒေသ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးပွဲကို နိုင်ငံတော်အဆင့်ဆောင်ရွက်သည်မှာ ပထမဆုံးအကြိမ်ဖြစ်သည်။ ယခုကဲ့သို့ သစ်ပင်စိုက်ပျိုးခြင်းသည် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ကောင်းမွန်သည့် ဆောင်ရွက်ချက်ဖြစ်ပြီး ပတ်ဝန်းကျင်ကောင်းအောင် ဆောင်ရွက်ပေးခြင်းပင်ဖြစ်သည်။ အထူးသဖြင့် မိတ္ထီလာဒေသအပါအဝင် အညာဒေသ(၁၃)ခရိုင်သည် ပူပြင်းသည့် ရာသီဥတုရှိသည့်ဒေသများဖြစ်ပြီး နှစ်စဉ်နှစ်တိုင်း ရာသီဥတုပူပြင်းသည့်ဒဏ်ကိုခံစားကြရသည်။ ၂၀၂၄ ခုနှစ်တွင် ပုဂံ၊ ချောက်၊ ရေနံချောင်း၊မင်းဘူး စသည့်ဒေသများသည် ကမ္ဘာတွင် အပူဆုံးဒေသအဖြစ်မှတ်တမ်းဝင်ခဲ့သည်မှာ သစ်ပင်စိုက်ပျိုးခြင်းကို အလေးထားရန် ပြသသကဲ့သို့ဖြစ်သည်။

အပူပိုင်းဒေသသည် ပူပြင်းခြောက်သွေ့ပြီး မိုးရေချိန်နည်းပါးကာ မြေတိုက်စားမှုများကြောင့် အပေါ်ယံမြေဆီလွှာနည်းပါးသည်။ မြေတိုက်စားမှုများကြောင့် အပေါ်ယံမြေဆီလွှာနည်းပါးသဖြင့် အပင်များ သဘာဝမျိုးဆက်ရန်ပင်ခက်ခဲလှသလို ရှင်သန်အောင်မြင်စေရန် စိုက်ပျိုးရန်လည်း ခက်ခဲသည်ဟု ပညာရှင်တို့ရေးသားကြသည်။ ကြံ့ခိုင်သန်စွမ်းသောပျိုးပင်၊ မှန်ကန်သင့်လျော်သည့် စိုက်ပျိုးနည်းစနစ်၊ လုံလောက်သောသွင်းအားစု၊ စဉ်ဆက်မပြတ် ပြုစုထိန်းသိမ်းမှုတို့ဖြင့် စိုက်ပျိုးဆောင်ရွက်ကြမှသာ အောင်မြင်နိုင်သည်ဟု ဆိုထားသည်။

သဘာဝအတားအဆီးအခက်အခဲ မည်သို့ပင်ရှိနေပါစေ လူသားတို့၏ ဖွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ဆောင်ရွက်မည်ဆိုပါက မအောင်မြင်နိုင်စရာအကြောင်း ရှိမည်မဟုတ်ပေ။ အညာဒေသတွင် ရှင်သန်အောင်မြင်နိုင်သော ဒေသမျိုးရင်းများဖြစ်သည့် တမာ၊ ထနောင်း၊ မန်ကျည်း၊ မြန်မာကုက္ကို၊ မြန်မာရှား၊ ဒဟတ်၊ သခွတ်၊ မဲဇလီ၊ ပန်းမဲဇလီ၊ မည်စည်၊ စန္ဒကူး၊ ဖျောက်ဆိပ်၊ စံကားဝါ၊ သစ်ဆိမ့် စသည်များကို စိုက်ပျိုးမည်ဖြစ်သည်။ ယခုအခါ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဦးဆောင်စိုက်ပျိုးခြင်းဖြစ်ပြီး ၎င်းဒေသရှိ ပြည်သူလူထုကလည်း တက်ညီလက်ညီ လိုက်ပါစိုက်ပျိုးဆောင်ရွက်ခြင်းဖြင့် အညာဒေသတစ်ဝန်းသည် စိမ်းလန်းစိုပြည် သာယာလာတော့မည်ဖြစ်သည်။ ထို့ကြောင့် စိတ်လက်ချမ်းသာ ကိုယ်ကျန်းမာနှင့် သစ်ပင်စိုက်ပျိုးခြင်း မင်္ဂလာကို ကြိုဆိုပါကြောင်း ဂုဏ်ပြုရေးသားအပ်ပါသည်။ ။

# ပြည်ထောင်စုရာထူးဝန်အဖွဲ့က ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့် လစ်လပ်ရာထူးများကို ကြော်ငြာခေါ်ယူခြင်းအတွက် အသိပေးကြေညာချက်

ပြည်ထောင်စုရာထူးဝန်အဖွဲ့က ပြည်ထောင်စုဝန်ကြီးဌာနနှင့် အဖွဲ့အစည်း ၁၈ ခုတွင် လစ်လပ်လျက်ရှိသော ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့် လစ်လပ်ရာထူး ၆၀၉ နေရာ ကြော်ငြာစာအမှတ် (၁ /၂၀၂၅ )နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန ဌာနစုမှူး(၂)/ တတိယအတွင်းဝန် (အမျိုးသား၊ အမျိုးသမီး) ရာထူးနေရာ ၂၀ ကြော်ငြာစာအမှတ်(၂/၂၀၂၅)တို့အတွက် ၁၂-၇-၂၀၂၅ နှင့် ၁၃ -၇-၂၀၂၅ ရက်တို့တွင် မြန်မာ့အလင်း၊ ကြေးမုံနှင့် မြဝတီသတင်းစာတို့၌ ကြော်ငြာခေါ်ယူထားရှိပြီး လျှောက်လွှာပိတ်ရက်ကို ၁- ၈-၂၀၂၅ ရက်အဖြစ် သတ်မှတ်ထားသည်။

ကြော်ငြာပါရာထူးအတွက် လျှောက်ထားရာတွင် e-Recruitment and Selection System [UCSB e-RSS Mobile Application နှင့် UCSBe-RSS Web Based] တို့ကိုအသုံးပြု၍ Android Devices, I Phone and Web Browser မှတစ်ဆင့် အချိန်မီ ဝင်ရောက်လျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာပိတ်ရက် ၁-၈-၂၀၂၅ ရက်ထက် ကျော်လွန်လျှောက်ထားလာသည့် လျှောက်လွှာများကို System က အလိုအလျောက် ပယ်ဖျက်သွားမည်ဖြစ်သည်။

လျှောက်ထားသူများအနေဖြင့် e-Recruitment and Selection System [UCSB e-RSSMobile Application ]ကို Google Play Store, Apple Store တို့မှတစ်ဆင့် Download ရယူ၍ အသုံးပြုရမည်ဖြစ်ပြီး စနစ်အတွင်းသို့ ဝင်ရောက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ဖြစ်သည့် User Guide နှင့် အသုံးပြုခြင်းဆိုင်ရာ အချက်အလက်တို့ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website ဖြစ်သည့် www.ucsb.gov.mm နှင့် Myanmar National Web Portal ဖြစ်သော www.myanmar.gov.mm တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအမှတ်(၁၇) နေပြည်တော်(ဖုန်း ၀၆၇-၃၄၀၉၀၅၂၊ ၀၆၇-၃၄၀၉၄၃၀၊ ၀၉-၄၂၄၄၀၈၉၅၄၊ ၀၉-၄၂၀၇၀၆၆၀၅၊ ၀၉-၇၉၇၇၂၇၆၉၆၊ ၀၉-၄၄၁၉၃၇၃၄၃၊ ၀၉-၂၆၂၅၀၂၉၈၈)တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့

# ကလေးမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၃၂ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၂၆ ဒသမ ၄ ကီလို ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၁၁

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၈ ရက် ညနေ ၅ နာရီတွင် သတင်းအရ ကလေးမြို့နယ် အေးသာယာကျေးရွာအနီးတွင် မန္တလေးမှ ကလေးသို့ နိုင်လင်းအောင်(ခ) မွေးနီမောင်းနှင်ပြီး ဇော်မျိုးနိုင်(ခ) သားငယ်လိုက်ပါလာသည့် MDY-14 8I/xxxxI ZONE အမျိုးအစား ၁၂ ဘီး မော်တော်ယာဉ်ပေါ်မှ ဘိန်းဖြူ ၂၆ ဒသမ ၄ ကီလို (၎င်းဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၃၂ ဘီလီယံ)ကို ဖမ်းဆီးရမိပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိဘိန်းဖြူများကို မန္တလေးတိုင်းဒေသကြီးမှ ကလေးမြို့သို့ သယ်ဆောင်ခိုင်းသူမှာ ပြည်ကြီးတံခွန်မြို့နယ်နေ ငြိမ်းချမ်းအောင်ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (၅၀၁)



ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိ ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# ၂၀၂၅ ခုနှစ် ဇူလိုင် ၁၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၉၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၁၁

အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ဇေယျခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၈ သင်းဖြင့် ဇူလိုင် ၁၈ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။

## တေးသံရှင် မေခလာနှင့် တေးသံရှင်များ ပါဝင်မည့် မျိုးဆက်သစ် အလှမောင်မယ်များ လူမှုကူညီရေးအသင်း တေးဂီတပွဲတော်ကို ရန်ကုန်အင်တာနေရှင်နယ်ဟိုတယ်တွင် ကျင်းပမည်




စိန်လင်း ဟန်ထူးရာန် မေခလာ ပိမန်း ဇော် ရာရာနှန်ဟန်သာ

**ရန်ကုန် ဇူလိုင် ၁၁**

တေးသံရှင်မေခလာနှင့် တေးသံရှင်များ ပါဝင်မည့် မျိုးဆက်သစ် အလှမောင်မယ်များ လူမှုကူညီရေးအသင်း ရန်ပုံငွေ တေးဂီတပွဲတော်ကို ဇူလိုင် ၁၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရန်ကုန်အင်တာ နေရှင်နယ် ဟိုတယ်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း တေးသံရှင် မေခလာထံမှ သိရသည်။

အဆိုပါ မျိုးဆက်သစ်အလှ မောင်မယ်များ လူမှုကူညီရေး အသင်း ရန်ပုံငွေတေးဂီတပွဲတော် ကို Soe San Event Production & Agency မှ စီစဉ်ခြင်းဖြစ်ပြီး တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် မေခလာနှင့်အတူ ဟန်ထူး ရာန်၊ စိန်လင်း၊ ပိမန်း၊ ဇော်၊ ရာရာနှန်ဟန်သာတို့ အဓိကပါဝင် ဖျော်ဖြေပေးမည်ဟု သိရသည်။

"ဒီဖျော်ဖြေပွဲမှာ ချစ်ငယ်နဲ့အတူ စင်မြင့်ထက်မှာ တစ်ခါမှမဆုံဖူး သေးတဲ့ တေးသံရှင်တွေ အများ ကြီး အားဖြည့်ဖျော်ဖြေပေးမှာပါ" ဟု တေးသံရှင်မေခလာက ပြောပြသည်။

Soe San Event Production & Agency မှ စီစဉ်ကျင်းပမည့် မျိုးဆက်သစ် အလှမောင်မယ် များ လူမှုကူညီရေးအသင်းရန်ပုံ ငွေတေးဂီတပွဲတော်ကို ရန်ကုန် အင်တာနေရှင်နယ် ဟိုတယ်၌ ဇူလိုင် ၁၃ ရက်တွင် ညနေ ၅ နာရီ မှ ည ၈ နာရီထိ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ ASH

## Hot Wheels ရုပ်ရှင်ဇာတ်ကားသစ်ကို ဒါရိုက်တာ ဂျွန်အမ်ချူးက တာဝန်ယူရိုက်ကူးမည်

**နယူးယောက် ဇူလိုင် ၁၁**

ဝါနာဘရားသားကုမ္ပဏီ၏ Hot Wheels အမည်ရှိ ရုပ်ရှင် ဇာတ်ကားသစ်ကို ဒါရိုက်တာ ဂျွန် အမ်ချူးက တာဝန်ယူရိုက်ကူး မည်ဖြစ်ကြောင်း ဇူလိုင် ၁၀ ရက် သတင်းများအရ သိရသည်။

Hot Wheels ဇာတ်ကားသည် Mattel ကစားစရာအရုပ်ကုမ္ပဏီ ၏ Hot Wheels ကစားစရာကား ရုပ်များကို အခြေခံရိုက်ကူးမည့် အက်ရှင်ဇာတ်ကား ဖြစ်ကြောင်း သိရသည်။

Hot Wheels ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေး ဆရာ ဂျူရယ်တေလာနှင့် တိုနီရက် တန်မိုင်ယာတို့က ရေးသားပေး မည်ဖြစ်ကြောင်း၊ အဆိုပါ ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို ဝါနာဘရားသား ကုမ္ပဏီက လျှို့ဝှက်ထားဆဲဖြစ် ကြောင်း သိရသည်။

Hot Wheels ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် သရုပ် ဆောင်များကိုလည်း ဝါနာဘရား သားကုမ္ပဏီက ရွေးချယ်နေဆဲဖြစ် ကြောင်း သိရသည်။

ဒါရိုက်တာ ဂျွန်အမ်ချူးသည် အော်စကာဆု ၁၀ ဆုအတွက် ဆန်ခါတင် စာရင်းဝင်ခဲ့သော Wicked ဇာတ်ကားကို ရိုက်ကူးပေး ခဲ့သူလည်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



## တေးသံရှင် ဝိုင်းစုခိုင်သိန်း၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို တောင်ဥက္ကလာပမြို့နယ်ရှိ Transporter Bar တွင် ပြုလုပ်သွားမည်




**ရန်ကုန် ဇူလိုင် ၁၁**

တေးသံရှင် ဝိုင်းစုခိုင်သိန်း ၏ တစ်ကိုယ်တော် တေးဂီတဖျော် ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ Transporter Bar ၌ ဇူလိုင် ၁၃ ရက် တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ဝိုင်းစုခိုင်သိန်းထံမှ သိရသည်။

အဆိုပါ တေးသံရှင် ဝိုင်းစုခိုင် သိန်း၏ တစ်ကိုယ်တော် တေးဂီတ ဖျော်ဖြေပွဲတွင် Transporter Music Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးကူညီတီးခတ် ပေးသွားမည် ဖြစ်သည့်အပြင် Transporter Music Band ၏ ပင်တိုင် တေးသံရှင်များကလည်း အားဖြည့်ကူညီ သီဆိုပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"Transporter Bar မှာ ဇူလိုင် ၁၃ ရက် ည ရှိနေပါမယ်။ Transporter ရဲ့ စင်မြင့်ထက်မှာ Transporter Music Band နဲ့ ပင်တိုင် Vocals တွေကလဲ အကောင်းဆုံး တီးခတ်သီဆို သွားမှာဖြစ်ပါတယ်။ မီးရောင်စုံတွေအောက်မှာ အတူတူ ပျော်ကြဖို့အတွက်လဲ DJ Artists တွေနဲ့အတူ အကြမ်းဆုံး Beats တွေနဲ့ အပြတ်လန်းမဲ့ ဝိုင်းစုရဲ့ ပရိသတ်ကြီးကို ဖိတ်ခေါ်လိုက် ပါတယ်" ဟု တေးသံရှင် ဝိုင်းစုခိုင်သိန်းက ပြောပြသည်။

တေးသံရှင် ဝိုင်းစုခိုင်သိန်း၏ တစ်ကိုယ်တော် တေးဂီတဖျော် ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ Transporter Bar ၌ ဇူလိုင် ၁၃ ရက် ည ၇ နာရီတွင် စတင်ပြုလုပ်သွား မည်ဖြစ်ကြောင်း သိရသည်။

ASH

## The Devil Wears Prada-2 ဇာတ်ကား၌ မင်းသမီး ဆိုင်မွန်အက်လေ ပါဝင်လာ

**နယူးယောက် ဇူလိုင် ၁၁**

၂၀ ရာစု ရုပ်ရှင်စတူဒီယို၏ The Devil Wears Prada-2 ဇာတ်ကား၌ Bridgerton မင်းသမီး ဆိုင်မွန်အက်လေ ပါဝင်လာကြောင်း ဇူလိုင် ၁၀ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဇာတ်ကားတွင် ဆိုင်မွန်အက်လေသည် မင်းသမီး မာရီစထရစ်၊ အန်နီဟေသာဝေး၊ အမ်မလီဘလန့်နှင့် စတန်လေတူစီ တို့နှင့်အတူ သရုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

၎င်းဇာတ်ကားသည် The Devil Wears Prada (2006) ၏ နောက်ဆက်တွဲ ဇာတ်ကား ဖြစ်ကြောင်း သိရသည်။

The Devil Wears Prada-2 ဇာတ်ကားကို ဒါရိုက်တာ ဒေးဗစ် ဖရန့်ကယ်က တာဝန်ယူရိုက်ကူး မည်ဖြစ်ပြီး ဇာတ်ညွှန်းကိုဇာတ် ညွှန်းရေးဆရာ ဘရော့မက္ကင်နာက ရေးသားပေးထားသည်။

ဒါရိုက်တာ ဒေးဗစ်ဖရန့်ကယ် သည် The Devil Wears Prada (2006) ကို ရိုက်ကူးပေးခဲ့သည့် ဒါရိုက်တာဖြစ်သည်။

လက်ရှိတွင် The Devil Wears Prada-2 ဇာတ်ကား ရိုက်ကူးရေး လုပ်ငန်းကို ၂၀ ရာစု ရုပ်ရှင်စတူ ဒီယိုက စတင်နေပြီဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



## သရုပ်ဆောင်သစ်များ ရွေးချယ်ပေးမည့် Super Starz Academy Reality Show အတွက် လျှောက်လွှာများ ခေါ်ယူနေ

**ရန်ကုန် ဇူလိုင် ၁၁**

ShowLike Application မှ ကျင်းပမည့် သရုပ်ဆောင်သစ်များ ရွေးချယ်ပေးမည့် Super Starz Academy Reality Show အတွက် လျှောက်လွှာများကို ဇူလိုင် ၁၀ ရက်မှစတင်၍ ခေါ်ယူနေပြီဖြစ် ကြောင်း အဆိုပါပွဲကို စီစဉ်သူ တစ်ဦးဖြစ်သည့် ဒါရိုက်တာ မင်းသန့်မောင်မောင်ထံမှ သိရသည်။

Super Starz Academy Reality Show က ရွေးချယ်ပေးမည့် သရုပ်ဆောင်သစ်များသည် Show Like Application မှ ရိုက်ကူး ထုတ်လုပ်မည့် ဇာတ်လမ်းတွဲ များ၊ ဇာတ်လမ်းများတွင် အဓိက သရုပ်ဆောင်များအဖြစ် သရုပ် ဆောင်ခွင့်ရမည်ဖြစ်ပြီး အဆိုပါ ဇာတ်လမ်းတွဲများ၊ ဇာတ်လမ်းများ ကို မင်းသန့်မောင်မောင်က ဒါရိုက် တာအဖြစ် တာဝန်ယူပုံဖော် ရိုက်ကူးသွားမည်ဟု သိရသည်။

"အနုပညာလောကမှာ ကြယ် တစ်ပွင့်အဖြစ် တောက်ပလာပြီး ခေါင်းဆောင် မင်းသား၊ မင်းသမီး ဖြစ်လိုတဲ့ အနုပညာဝါသနာပါသူ တွေအတွက် Super Starz Academy Reality ကို ချိတ်ဆက် လျှောက်ထား နိုင်ပြီဖြစ်ပါတယ်။ ဝါရင့်အနုပညာရှင်တွေ ဖြစ်ကြတဲ့ မေသန်းနု၊ အေးမြတ်သူ၊ ဒါရိုက် တာ ညိုမင်းလွင်တို့က အကဲဖြတ် စိစစ် ရွေးချယ်ပေးမှာဖြစ်ပြီး သရုပ်ဆောင်ဝါသနာပါတဲ့ မည်သူ မဆို အနုပညာခြေလှမ်းအစအဖြစ် လာရောက်ယှဉ်ပြိုင်နိုင်မှာ ဖြစ်ပါ တယ်" ဟု ဒါရိုက်တာ မင်းသန့် မောင်မောင်က ပြောပြသည်။

အဆိုပါ Super Starz Academy Reality Show လျှောက် ထားလိုသူများသည် အမည်၊ အသက်၊ အရပ်အမြင့်၊ ကိုယ် အလေးချိန်၊ အနုပညာလှုပ်ရှားမှု၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊ ၃ မိနစ် စာ သရုပ်ဆောင်ထားသော Video နှင့်အတူ Makeup နှင့် Filter မပါ သည့် မျက်နှာတည့်တည့်ဓာတ်ပုံ ၁ ပုံ၊ မျက်နှာဘေးဓာတ်ပုံ ၁ ပုံ၊ ကိုယ်လုံးပေါ် ဓာတ်ပုံ ၁ ပုံတို့ဖြင့် ဇူလိုင် ၁၆ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား လျှောက်ရမည် ဖြစ်ကြောင်း သိရသည်။ ASH

# ခေတ်သစ်စစ်ပွဲတွင်အရေးပါလာသော နည်းဗျူဟာမြောက် သယ်ယူပို့ဆောင်ရေးလေယာဉ်များ အပိုင်း(၂)

**C-27J Spartan လေယာဉ်**

လေ့ခ်ဟိဒ်မာတင်နှင့်ပူးပေါင်းကာ လီယိုနာဒို ကုမ္ပဏီက သုတေသနပြုတည်ဆောက်ထားသော C-27J Spartan လေယာဉ်သည် စစ်ဘက်တာဝန်များနှင့် လူသားချင်းစာနာထောက်ထားမှုမစ်ရှင်များတွင် ကျယ်ပြန့်သောတာဝန်များ ထမ်းဆောင်ရန်အတွက် ဒီဇိုင်းရေးဆွဲထားသော စွမ်းဆောင်ရည်မြင့်မားသည့် အလယ်အလတ်အရွယ်အစားရှိ နည်းဗျူဟာမြောက်လေယာဉ်ဖြစ်သည်။ ၎င်းလေယာဉ်သည် ပေါ့ပါးခြင်း၊ တောင့်တင်းခိုင်မာခြင်းများကြောင့် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ရန် သင့်လျော်မှုရှိသည်။

အသေးစားဒီဇိုင်းပုံစံဖြင့် စတင်တည်ဆောက်ခဲ့ပြီး သယ်ယူပို့ဆောင်ရေးလေယာဉ်အဖြစ် စွယ်စုံအသုံးပြုနိုင်သည့် C-27J Spartan သည် လော့ခ်ဟိဒ်မာတင်ထုတ် C-130 Hercules ကဲ့သို့သော အကြီးစား သယ်ယူပို့ဆောင်ရေးလေယာဉ်များနေရာတွင် အစားထိုးတာဝန်ထမ်းဆောင်နိုင်သည်။ ၎င်းလေယာဉ်ကို ကမ္ဘာတစ်ဝန်းရှိလေတပ်ဖွဲ့အသီးသီးက အသုံးပြုလျက်ရှိပြီး လက်ရှိတွင် စစ်ဘက်ခေတ်မီအဆင့်မြှင့်တင်တည်ဆောက်မှုများနှင့် လေတပ်စွမ်းဆောင်ရည်များပြုပြင်ပြောင်းလဲမှုကို တိုးမြှင့်လုပ်ဆောင်လျက်ရှိသဖြင့် အာရှဒေသတွင်လည်း C-27J Spartan ကို စိတ်ဝင်စားမှုမြင့်တက်လာလျက်ရှိသည်။

C-27J Spartan ကို မြင်းကောင်ရေ ၄၆၃၇ အားရှိသော Rolls-Royce AE 2100-D2A တာဘိုအင်ဂျင်နှစ်လုံးတပ်ဆင်ထားရှိပြီး အဆိုပါအင်ဂျင်များက လေယာဉ်၏တွန်းကန်အားနှင့်စွမ်းဆောင်ရည်တို့ကို မြင့်မားစေလျက်ရှိသည်။ Dowty Rotol ကုမ္ပဏီထုတ် R391 ပန်ကာဒလက်ခြောက်ခုတပ်ဆင်ထားသည့် ၎င်းအင်ဂျင်များသည် Spartan ကို အမြန်နှုန်း ၆၀၂ ကီလိုမီတာဖြင့်ပျံသန်းနိုင်စေသည်။ ၎င်းလေယာဉ်သည် ပြေးလမ်းတိုပြီး ကြမ်းတမ်းသောလေယာဉ်ကွင်း၌ပင် ပျံသန်းဆင်းသက်နိုင်သောကြောင့် ရှေ့တန်းအခြေစိုက်စခန်းများ၊ သဘာဝဘေးဇုန်များနှင့် အခြေခံအဆောက်အအုံကန့်သတ်ချက်ရှိသည့်နေရာများကဲ့သို့သော ပတ်ဝန်းကျင်များတွင် အသုံးပြုနိုင်သည်။

အကွာအဝေးပျံသန်းနိုင်မှုအပိုင်းတွင် C-27J သည် အပေါ့စားဝန်စည်စလယ်များသာ တင်ဆောင်ထားပါက ကီလိုမီတာ ၅၉၃၀ ထိ ပျံသန်းနိုင်ပြီး ဝန်စည်စလယ်အပြည့်တင်ဆောင်ထားမည်ဆိုလျှင် ၁၈၅၂ ကီလိုမီတာခန့်ထိသာ ပျံသန်းနိုင်သည်။ ထိုအကွာအဝေးသည် Spartan ကို အလယ်အလတ်အကွာအဝေးပျံသန်းနိုင်သည့် နည်းဗျူဟာမြောက်မစ်ရှင်ထမ်းဆောင်ရာတွင် အသုံးတည့်စေပြီး အထူးသဖြင့် အခြေစိုက်စခန်းများနှင့် တာဝန်ထမ်းဆောင်မည့်ဇုန်များတွင် စဉ်ဆက်မပြတ်အသုံးပြုနိုင်သည်။

C-27J သည် မြေပြင်သွားယာဉ်များနှင့် အခြားသောစစ်အသုံးအဆောင်ပစ္စည်းများ အပါအဝင် ကုန်ပစ္စည်းကီလိုဂရမ် ၁၁၅၀၀ ထိ သယ်ဆောင်နိုင်သည်။ ၎င်းလေယာဉ်သည် လေကြောင်းချီစစ်ဆင်ရေးဆင်နွှဲမည့် စစ်သည် ဦးရေ ၆၀ သို့မဟုတ် ချပ်ဝတ်တန်ဆာအပြည့်အစုံဝတ်ဆင်ထားသော လေထီးတပ်ဖွဲ့ဝင် ဦးရေ ၆၀ ထိ သယ်ဆောင်နိုင်သည်။ လေယာဉ်၏နောက်ပိုင်းရှိ ဆင်ခြေလျှောလမ်းသည် ယာဉ်များသယ်ယူပို့ဆောင်ခြင်း သို့မဟုတ် လေထီးတပ်ဖွဲ့ဝင်များတပ်ဖြန့်ချထားခြင်းတို့တွင် ရုတ်ခြည်း အတင်၊ အချလုပ်ဆောင်နိုင်စွမ်းရှိသည်။ ထို့ပြင် C-27J ကို ဆေးဘက်ဆိုင်ရာ ကယ်ဆယ်ရေးမစ်ရှင်များအတွက်လည်း ဖွဲ့စည်းတည်ဆောက်ထားရှိပြီး ဆေးဘက်ဝန်ထမ်းများနှင့်အတူ လူနာထမ်းစင် ၃၆ ခုထိ သယ်ဆောင်နိုင်သည်။

၎င်းလေယာဉ်တည်ဆောက်မှုသည် ကျစ်လျစ်ပေါ့ပါးပြီး တောင်ပံအလျား ၂၈ ဒသမ ၇ မီတာ၊ အမြင့် ၉ ဒသမ ၆၄ မီတာရှိသည်။ စွမ်းအားမြင့်အင်ဂျင်နှင့်ပေါင်းစပ်ထားသည့် ကျစ်လျစ်ပေါ့ပါးသောအရွယ်အစားသည် C-27J လျင်မြန်စွာလှုပ်ရှားစစ်ကစားနိုင်မှုနှင့် အမြင့်ပျံသန်းနိုင်စွမ်းတို့ရှိစေသောကြောင့် ပဋိပက္ခဖြစ်ပွားနေသောနယ်မြေများတွင် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ရေးအတွက် ထိရောက်မှုရှိသည့် နည်းဗျူဟာမြောက်လေယာဉ်အဖြစ် အသုံးပြုနိုင်စေသည်။



C-27 J Spartan လေယာဉ်ကို တွေ့ရစဉ်။

C-27J Spartan ကို အီတလီ၊ အမေရိကန်၊ ဩစတြေးလျ၊ ဂရိ၊ ဘူဂေးရီးယား၊ မက္ကဆီကို၊ ပီရူး၊ ကင်ညာ၊ ဆလိုဗေးနီးယားကဲ့သို့သောနိုင်ငံများ၏ နည်းဗျူဟာမြောက် ပျံသန်းရေးလိုအပ်ချက်များအတွက် အသုံးပြုလျက်ရှိသည်။ အာရှဒေသတွင် ၎င်းလေယာဉ်ကို စိတ်ဝင်စားမှုမြင့်တက်လျက်ရှိပြီး အထူးသဖြင့် C-130 Hercules ကဲ့သို့သော အကြီးစားလေယာဉ်များတွင် ရင်းနှီးမြှုပ်နှံမှုမလုပ်ဆောင်ဘဲ လေတပ်စွမ်းဆောင်ရည်မြှင့်တင်ရန် ကြိုးပမ်းနေသောနိုင်ငံများသည် ၎င်းလေယာဉ်ကို ဝယ်ယူလျက်ရှိသည်။

ဩစတြေးလျနိုင်ငံအနေဖြင့်လည်း အာရှ-ပစိဖိတ်ဒေသတွင် C-27J လေယာဉ်ကိုအသုံးပြုလျက်ရှိသည်။ တော်ဝင်ဩစတြေးလျလေတပ်ဖွဲ့ (RAAF) သည် အရွယ်အစားပိုမိုကြီးမားသော C-130J Super Hercules နှင့် အသေးစားနည်းဗျူဟာမြောက်လေယာဉ်များကြား ကွာဟချက်များကိုဖြည့်ဆည်းရန် ၎င်းလေယာဉ်ကိုပေါင်းစပ်အသုံးပြုလျက်ရှိသည်။ တော်ဝင်ဩစတြေးလျလေတပ်ဖွဲ့သည် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေး၊ အထူးစစ်ဆင်ရေးအထောက်အကူပြုနှင့် နည်းဗျူဟာမြောက်ပျံသန်းမှုများအပါအဝင် အမျိုးမျိုးသောမစ်ရှင်များအတွက် Spartan ကို အသုံးပြုလျက်ရှိသည်။

အိန္ဒိယနိုင်ငံအနေဖြင့်လည်း ယခင်က C-27J Spartan ကို စိတ်ဝင်စားကြောင်းထုတ်ဖော်ပြောကြားခဲ့သည်။ အရှေ့တောင်အာရှနိုင်ငံများအနေဖြင့်လည်း နည်းဗျူဟာမြောက်လေယာဉ်လိုအပ်ချက်များကိုအကဲဖြတ်သုံးသပ်လျက်ရှိပြီး Spartan ကိုလည်းစဉ်းစားသွားရမည့် လေယာဉ်များအနက်မှ တစ်မျိုးအဖြစ် ထည့်သွင်းစဉ်းစားလျက်ရှိသည်။

C-27J Spartan သည် ခေတ်သစ်စစ်ပွဲများတွင် မှီခိုအားထားနိုင်ရေးအတွက် အဆင့်မြှင့်တင်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိသည်။ မကြာသေးမီက လုပ်ဆောင်ခဲ့သောတိုးတက်မှုများအနက် တစ်ခုမှာ ခေတ်မီစစ်ဘက်ကွန်ရက်များတွင် ထိရောက်စွာချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် အဆင့်မြှင့်လေကြောင်းဆက်သွယ်ရေးစနစ်များ ပေါင်းစပ်ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ၎င်းလေယာဉ်ကို မြေပြင်မှဝေဟင်ဒုံးကျည်ခြိမ်းခြောက်မှုတုံ့ပြန်ရေးအစီအမံများအပါအဝင် အဆင့်မြှင့်လေကြောင်းရန် ကာကွယ်ရေးစနစ်များလည်း တပ်ဆင်ထားရှိသည်။

**Embraer C-390 Millennium လေယာဉ်**

ဘရာဇီးလေကြောင်းအာကာသကုမ္ပဏီ Embraer က သုတေသနပြုတည်ဆောက်ထားသော ဘက်စုံသုံး စစ်ဘက်သယ်ယူပို့ဆောင်ရေးလေယာဉ် Embraer C-390 Millennium ကို ခေတ်မီတပ်မတော်များ၏လိုအပ်ချက်များ၊ ပေါင်းစပ်စွမ်းဆောင်ရည်များ၊ စွယ်စုံအသုံးပြုမှုနှင့် လေယာဉ်တစ်စင်းတည်းပေါ်မှီခိုအားထားနိုင်မှုတို့ကိုဖြည့်ဆည်းနိုင်ရန် ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်သည်။ ၂၀၀၉ ခုနှစ်တွင် စတင်မိတ်ဆက်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ပထမဆုံးပျံသန်းခဲ့သည့် C-390 လေယာဉ်သည် ဆန်းသစ်သောဒီဇိုင်း၊ တာဝန်ထမ်းဆောင်မှုစွမ်းဆောင်ရည်များနှင့် ကုန်ကျစရိတ်တွက်ခြေကိုက်ခြင်းတို့ကြောင့် လူကြိုက်များလာခဲ့သည်။ ၎င်းလေယာဉ်သည် လော့ခ်ဟိဒ်မာတင်၏ C-130 Hercules များနေရာတွင် အစားထိုးအသုံးပြုနိုင်ပြီး ခေတ်မီလေကြောင်းဆက်သွယ်ရေးနှင့် တာဝန်ထမ်းဆောင်နိုင်မှုအဆင့်မြင့်စွမ်းဆောင်ရည်များတပ်ဆင်ထားရှိသည်။ အာရှဒေသအပါအဝင် ကမ္ဘာတစ်ဝန်းမှ စိတ်ဝင်စားမှုမြင့်တက်လာသော C-390 Millennium သည် ကမ္ဘာလုံးဆိုင်ရာ နည်းဗျူဟာမြောက်လေယာဉ်ဈေးကွက်၌ ပြိုင်ဘက်ဖြစ်လာခဲ့သည်။

၎င်းလေယာဉ်တွင် IAE V2500-E5 တာဘိုအင်ဂျင် နှစ်လုံးတပ်ဆင်ထားပြီး စွမ်းအားမြင့်မားသောအင်ဂျင်များသည် လေယာဉ်ကိုမြန်နှုန်းမြင့်နည်းဗျူဟာမြောက်လေယာဉ်အဖြစ် ပျံသန်းနိုင်စေသည်။ ၎င်းလေယာဉ်သည် တစ်နာရီလျှင် ကီလိုမီတာ ၈၇၀ နှုန်းဖြင့်ပျံသန်းနိုင်သောကြောင့် အလျင်မြန်ဆုံးပျံသန်းနိုင်သော လေယာဉ်အမျိုးအစားများအနက်တစ်မျိုးအဖြစ် ရပ်တည်လျက်ရှိသည်။ မြန်နှုန်းမြင့် C-390 သည် ရှေ့တန်းတပ်ဖွဲ့များနှင့် သဘာဝဘေးဇုန်များသို့ သယ်ယူပို့ဆောင်ရေးတာဝန်များထမ်းဆောင်ရာ၌ သမားရိုးကျတာဘိုအင်ဂျင်သုံးလေယာဉ်များထက် အလျင်အမြန်တာဝန်ထမ်းဆောင်နိုင်စေသည်။

C-390 သည် သတ်မှတ်စံနှုန်းအတိုင်းကုန်စည်များသယ်ဆောင်ကာ ၂၈၁၅ ကီလိုမီတာခန့်ထိပျံသန်းနိုင်ပြီး တိုးချဲ့ပျံသန်းနိုင်သည့် တည်ဆောက်မှုပုံစံဖြင့်သာဆိုလျှင် ကီလိုမီတာ ၅၈၂၀ ထိပျံသန်းနိုင်သောကြောင့် တာလတ်မှသည် တာဝေးမစ်ရှင်များကိုထမ်းဆောင်နိုင်မည်ဖြစ်သည်။ ထိုသို့ ဝေးကွာစွာပျံသန်းနိုင်ခြင်းသည် ကျယ်ပြန့်သည့်နယ်မြေရှိနေသောနိုင်ငံများနှင့် နိုင်ငံတကာငြိမ်းချမ်းမှုထိန်းသိမ်းရေးနှင့် သဘာဝဘေးကယ်ဆယ်ရေးတာဝန်များထမ်းဆောင်နေသောတိုင်းပြည်များအတွက် များစွာအသုံးတည့်လျက်ရှိသည်။ ထို့ပြင် C-390 လေယာဉ်သည် ဝေဟင်၌ပင် ဆီဖြည့်ပေးမှုနှင့်လက်ခံမှုတို့ လုပ်ဆောင်နိုင်သောကြောင့် စစ်ဆင်ရေးတာဝန်များကိုလိုက်လျောညီထွေထမ်းဆောင်နိုင်စေသည်။

C-390 Millennium သည် ပျံသန်းမှုထိန်းချုပ်ရေးစနစ်ပါရှိသောကြောင့် လေယာဉ်မှူး၏တာဝန်များကိုလျှော့ချနိုင်ပြီး ဘေးကင်းလုံခြုံစွာပျံသန်းနိုင်စေသည်။ နောက်ဆုံးပေါ် လေယာဉ်မှူးအခန်းနှင့် ပေါင်းစပ်ထားသောအဆင့်မြင့်လေကြောင်း ဆက်သွယ်ရေးစနစ်သည် C-390 ကို ယခင်သယ်ယူပို့ဆောင်ရေးလေယာဉ်များထက် စွမ်းဆောင်ရည်သာလွန်စေလျက်ရှိသည်။

လက်ရှိအချိန်တွင် C-390 Millennium သည် ကမ္ဘာတစ်ဝန်းရှိလေတပ်များ၌ တာဝန်ထမ်းဆောင်လျက်ရှိပြီး ဘရာဇီးလေတပ်သည် စစ်ဘက်နှင့် လူသားချင်းစာနာထောက်ထားမှု မစ်ရှင်များတွင် C-390 ကို အဓိကထားအသုံးပြုလျက်ရှိသည်။ ပေါ်တူဂီနိုင်ငံသည် ၎င်း၏သယ်ယူပို့ဆောင်ရေးလေယာဉ်အုပ်ကိုခေတ်မီအဆင့်မြှင့်တင်ရန် C-390 ကိုမှာယူထားရှိသည်။ ဟန်ဂေရီနိုင်ငံအနေဖြင့်လည်း ၎င်း၏စစ်ဘက်လေယာဉ်နှင့်အုပ်ချုပ်ထောက်ပံ့မှု စွမ်းဆောင်ရည်များမြှင့်တင်ရန် C-390 Millennium မှာယူထားရှိသည်။ နယ်သာလန်နိုင်ငံကလည်း C-390 ဝယ်ယူသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

**ကိုးကား**

-Tactical Transport Aircraft - Backbone of the Fleet. by Asian Defense Journal.

**ဝင်းဇင်(သုတေသန)**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၅၂၁ ကေထိ စိုက်ပျိုးပြီးစီး



**မုံရွာ ဇူလိုင် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၅၂၁ ကေထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၅၅၆ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၅၂၁ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ လျာထားကေ ပြည့်မီအောင် ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ စားဖိုဆောင်သီးနှံ ၁၅၅၆ ကေ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၅၂၁ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆက်လက်စိုက်ပျိုးနေပါတယ်။ လျာထားကေ ပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် စားဖိုဆောင်သီးနှံ ဒေသအလိုက်စိုက်ပျိုးပြီးစီးမှုအနေဖြင့် လေရှီးမြို့နယ်တွင် ငရုတ် ၈၉ ကေ၊ အာလူး ၂၃၁ ကေ၊ ဆွမ္မရာမြို့တွင် ငရုတ် ခုနစ်ကေ၊ အာလူး ၁၀၆ ကေ၊ လဟယ်မြို့နယ်တွင် ငရုတ် ကေ ၁၅၀၊ အာလူး ကေ ၄၀၊ ထန်ပါခွေမြို့တွင် ငရုတ် ကေ ၃၀၊ အာလူး ကိုးကေ၊နန်းယွန်းမြို့နယ်တွင် ငရုတ် ၁၅၅ ကေ၊ ကြက်သွန်နီ ၁၁၅ ကေ၊ အာလူး ၄၅ ကေ၊ ဒုံဟီးမြို့တွင် ငရုတ် ၁၈၂ ကေ၊ ကြက်သွန်နီ ၉၃ ကေ၊ အာလူး ၁၉ ကေနှင့် ပန်ဆောင်မြို့တွင် ငရုတ် ၈၇ ကေ၊ ကြက်သွန်နီ ၁၄၂ ကေ၊ အာလူး ၂၁ ကေ စုစုပေါင်း ၁၅၂၁ ကေတို့ဖြစ်ကြောင်း သိရသည်။

စားဖိုဆောင်သီးနှံကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွား ဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် စားဖိုဆောင်သီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ညောင်တုန်းမြို့နယ်တွင် ငါးတန်များ အရောင်းအဝယ်ကောင်းမွန်နေ



**ညောင်တုန်း ဇူလိုင် ၁၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် သားငါးဈေးကွက်တွင် ငါးတန်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ် ရေထွက်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်တွင် ယခုနှစ် ဇူလိုင်လ ဒုတိယပတ်မှ ယနေ့ထိ ငါးတန်များ ဝယ်ယူအားကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် နေ့စဉ် ငါးတန်ပိဿာချိန် ၃၅၀၀ မှ ၆၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ညောင်တုန်းမြို့နယ်ဘက်က ထွက်တဲ့ ငါးတန်တွေကို ရန်ကုန်ဈေးကွက်က မှာယူအားကောင်းနေတာပါ။ ဒီဘက်ကနေထွက်တဲ့ ဒေသထွက်ငါးတန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်။ လက်ရှိငါးတန်တွေက အရင်ကထက် အထွက်နည်းနေပါတယ်။ ငါးတန်က အခုအချိန်မှာ အရောင်းအဝယ်အဖြစ်ဆုံးပါ။ အရောင်းအဝယ်ကောင်းလာတော့ ပွဲရုံပိုင်ရှင်တွေ၊ ငါးမွေးမြူရေးလုပ်ငန်းရှင်တွေနဲ့ ရေလုပ်သားတွေ လုပ်ငန်းအခွင့်အလမ်းကောင်းလာပါတယ်"ဟု ညောင်တုန်းမြို့နယ် ရေထွက်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြသည်။

ညောင်တုန်းမြို့နယ်တွင် ပွဲရုံပိုင်ရှင်များက ဒေသထွက် ငါးတန်များကိုဝယ်ယူပြီး စနစ်တကျ သန့်စင်ကာ ပြန်လည်ဖြန့်ဖြူးရောင်းချနေကြောင်း၊ အဆိုပါဒေသမှ ငါးတန် တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကျောက်ဆည်မြို့နယ် ကျားကာကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သဘာဝမြေဩဇာထုတ်လုပ်နည်းသင်တန်းဖွင့်လှစ်

**ကျောက်ဆည် ဇူလိုင် ၁၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျားကာကျေးရွာ၌ ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရေးနှင့် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သဘာဝမြေဩဇာထုတ်လုပ်နည်း သင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ဆည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်နှင့် ကျောက်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်အောင်တို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျောက်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်အောင်က သဘာဝမြေဩဇာ ပြုလုပ်နည်းသင်ခန်းစာများကို စာတွေ့ လက်တွေ့ သင်ကြားပို့ချသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သဘာဝမြေဩဇာထုတ်လုပ်နည်းသင်တန်းကို ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူဦးရေ ၂၀ ကို သဘာဝမြေဩဇာထုတ်လုပ်နည်းများကို ဇူလိုင် ၁၀ ရက်မှ ဇူလိုင် ၁၄ ရက်ထိ ငါးရက်ကြာ စာတွေ့၊ လက်တွေ့ ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ကျော်ဦး**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# စေတုတ္တရာမြို့နယ် တယ်ဇားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး



**စေတုတ္တရာ ဇူလိုင် ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်စေတုတ္တရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ တယ်ဇားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။


ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လဲ့လဲ့မွန်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ တယ်ဇားကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက်ပေးပို့ရမည့်စာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ အခြေအနေများ၊စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်မှုရှိ၊မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မိသားစုတစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများကို ယခင်ကထက် ပိုမိုလုပ်ကိုင် ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

စေတုတ္တရာမြို့နယ် တယ်ဇားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးတွင် စီမံကိန်းမတည်ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် ၁၈ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၂၃ ဒသမ ၇၀ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၉ ဒသမ ၃ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၆ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူဦးရေ ၇၀ ကို စီမံကိန်းရန်ပုံငွေကျပ် ၅၃ ဒသမ ၃ သန်း ထုတ်ချေးထားရှိကြောင်း သိရသည်။

**ကိုညို**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှုလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# ကမ္ဘာတစ်ဝန်း တောမီးလောင်ကျွမ်းမှုအန္တရာယ်လျှော့ချရေးနည်းလမ်းများ

မေဇင်ထွန်း

အမေရိကန်နှင့် ဥရောပနိုင်ငံများအပါအဝင် ကမ္ဘာတစ်ဝန်းတွင် နေ့စဉ်နှင့်အမျှ တောမီးလောင်ကျွမ်းမှုများ အများအပြားဖြစ်ပေါ်လျက်ရှိသည်ကို တွေ့မြင်ကြားသိနေကြရသည်။ တောမီးများလောင်ကျွမ်းရခြင်းအဓိက အကြောင်းတရားများမှာ ရာသီဥတုဖောက်ပြန်မှုနှင့်ပတ်သက်လျက်ရှိသည်ကို ရာသီဥတုဆိုင်ရာကျွမ်းကျင်သူများက လေ့လာတွေ့ရှိခဲ့ကြသည်။ မိုးရွာသွန်းမှုနည်းပါးခြင်းနှင့် ကာလရှည်မိုးခေါင်ခြင်းများကြောင့် သစ်တောများခြောက်သွေ့လာခြင်း၊ လေပြင်းများတိုက်ခတ်သဖြင့် သစ်ပင်များတစ်ပင်နှင့်တစ်ပင် ပွတ်တိုက်မှုဖြစ်ခြင်း၊ သစ်ပင်များပွတ်တိုက်မှုမှမီးပွား၊ မီးစများထွက်ခြင်း၊ ခြောက်သွေ့နေသော သစ်ရွက်၊ သစ်ကိုင်း၊ သစ်ပင်များကို ထိုမီးပွားများကျရာမှ တောမီးစတင်လောင်ကျွမ်းခြင်းမှသည် လူနှင့်တိရစ္ဆာန်တို့၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များကို ပျက်စီးသေကျေစေသည့် တောမီးလောင်ကျွမ်းမှုများ ထိဖြစ်လာသည်။ ထိုသို့ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဖြစ်စဉ်များကြောင့် ဖြစ်ပေါ်လာသော တောမီးလောင်ကျွမ်းမှုများအပြင် လူသားများ၏ မဆင်မခြင်ထားရစ်ခဲ့သည့် မီးကြွင်းမီးကျန်မှတစ်ဆင့် တောမီးလောင်ကျွမ်းမှုကို ဖြစ်ပွားစေလျက်ရှိသည်။

လူသားများသည် ကမ္ဘာကြီးကို အပူပေးနေသော ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ဖြစ်စေသည့် ရုပ်ကြွင်းလောင်စာများကို အလွန်အကျွံအသုံးပြုကာ ကမ္ဘာကြီး၏အပူချိန်မြင့်တက်လာအောင် ပြုလုပ်လျက်ရှိသည်။ ထိုသို့လုပ်ဆောင်မှုများကို ဆင်ခြင်၍ ရပ်တန့်မှု၊ လျှော့ချမှုများ မပြုလုပ်လျှင် တောမီးလောင်ကျွမ်းမှုများသည် ယခုထက် ပိုမိုဆိုးရွားလာကာ လူနှင့်တောရိုင်းတိရစ္ဆာန်များ၏ အသက်အန္တရာယ်ကိုခြိမ်းခြောက်နေသော သဘာဝဘေးတစ်ခုဖြစ်လာမည်ဖြစ်သည်။

ထို့ပြင် တောမီးများသည်အဖိုးတန်သစ်တောများကို ပျက်စီးလောင်ကျွမ်းသွားစေသည်။ တောမီးလောင်ကျွမ်းမှုကြောင့် ပျက်စီးသွားရသည့် သစ်တောဧရိယာပမာဏသည် အလွန်များပြားလွန်းနေသည်ကို တွေ့ရသည်။ သစ်ပင်၊ သစ်တောများဖြစ်တည်လာရေးမှာ မလွယ်ကူလှသဖြင့် လွန်စွာနှမြောဖွယ်ရာပင်ဖြစ်သည်။ ထို့ပြင် သစ်ပင်၊ သစ်တောများက လူသားအပေါ် ပေးစွမ်းသည့်အကျိုးကျေးဇူးများမှာ များပြားလှပေသည်။ သစ်ပင်၊ သစ်တောများသည် အစားအစာမှ အသုံးအဆောင်ပရိဘောဂပစ္စည်းများအပြင် လူသားများအတွက် လေထုညစ်ညမ်းမှုကို လျှော့ချပေးသော လေသန့်စင်စက်များဟုပင် ဆိုနိုင်သည်။

တောမီးသည် ယခင်တုန်းက နွေရာသီကဲ့သို့ပူပြင်းခြောက်သွေ့ချိန်မှသာ လောင်ကျွမ်းလေ့ရှိသော်လည်း ယခုအခါ မိုးကာလ၊ ဆောင်းကာလများတွင်ပါ လောင်ကျွမ်းလာသည်ကို တွေ့ရသည်။ ထို့ကြောင့် တောမီးဆိုင်ရာစောင့်ကြည့်ရေး ကျွမ်းကျင်ပညာရှင်များက တောမီးအန္တရာယ်ကို လျှော့နည်းစေကာ မီးလောင်လွယ်သော လောင်စာပမာဏကို လျှော့ချနိုင်အောင်ဆောင်ရွက်လျက်ရှိသည်။ တောမီးလောင်ကျွမ်းမှုကို လျှော့ချခြင်းနှင့် တောမီးကြောင့် လောင်ကျွမ်းသွားသော သစ်တောဧရိယာများကို ပြန်လည်ဖော်ဆောင်ရာတွင် မီးလောင်လွယ်သော အပင်များစိုက်ပျိုးမှုကို လျှော့ချရမည်ဖြစ်သည်။ ထိုသို့မီးလောင်လွယ်သောအပင်များ စိုက်ပျိုးမှုကို လျှော့ချခြင်း၊ မီးတားလမ်းများ ဖောက်လုပ်ခြင်းဖြင့် တောမီးလောင်ကျွမ်းမှုကို တစ်ဖက်တစ်လမ်းက အတိုင်းအတာတစ်ခုထိ ထိန်းချုပ်နိုင်ပြီး တောမီးအန္တရာယ်ကို လျှော့ချနိုင်မည်ဖြစ်သည်။

တောမီးလောင်ကျွမ်းမှု လျှော့နည်းလာစေရေး ဆောင်ရွက်ခြင်းသည် ဇီဝမျိုးစုံမျိုးကွဲများကိုထိန်းသိမ်းခြင်းပင်ဖြစ်သည်။ တောမီးသည်တောရိုင်းတိရစ္ဆာန်များနှင့်ကျေးငှက်များ နေထိုင်ကျက်စားနားခိုရာနေရာများဖြစ်သော သစ်တောများ၊ မြက်ခင်းပြင်များကိုဖျက်ဆီးလိုက်သဖြင့် ဇီဝမျိုးစုံမျိုးကွဲများအတွက် ဆိုးရွားသော သဘာဝကပ်ဘေးတစ်ခုပင်ဖြစ်သည်။ တောမီးနှင့်ပတ်သက်သော စီမံခန့်ခွဲမှုများ၊ ကြိုတင်ကာကွယ်ရေးအစီအမံများမရှိပါက တောမီးလောင်ကျွမ်းချိန်တွင် မြန်ဆန်စွာထိန်းချုပ်နိုင်စွမ်းမရှိနိုင်ပေ။ ထိုအခါ လူသားများအပါအဝင် ဇီဝမျိုးစုံမျိုးကွဲများစွာ၏အသက်များ၊ လူသားများ၏ပိုင်ဆိုင်မှု၊ စည်းစိမ်ဥစ္စာများစွာနှင့် သစ်တောဧရိယာများဆုံးရှုံးမှုကို ဖြစ်ပေါ်စေသည်။

လက်ရှိကာလတွင် တောမီးများလောင်ကျွမ်းသည့်အခါ တောမီးလောင်ကျွမ်းမှုအရှိန်ပြင်းထန်လာ



ဒရုန်းအသုံးပြု၍ တောမီးငြိမ်းသတ်နေမှုကို တွေ့ရစဉ်။

သည့်အတွက် တောမီးငြိမ်းသတ်ရေးကို လူအင်အား၊ စက်ကိရိယာများ၊ ရေယာဉ်၊ လေယာဉ်များအပြင် နည်းဗျူဟာများအသုံးပြု၍ပါ ငြိမ်းသတ်နေကြရသည်။ တောမီးများသည် ယခင်ကတည်းက လောင်ကျွမ်းလေ့ရှိသော်လည်း ယခုအခါကြုံတွေ့နေရသော တောမီးများသည် ပိုမိုပြင်းထန်လာကာ လေပြင်းတိုက်ခတ်မှု၊ ပူပြင်းခြောက်သွေ့မှုများကြောင့် တောမီးလောင်ကျွမ်းချိန်လည်း ပိုမိုကြာမြင့်လျက်ရှိသည်ကို တွေ့လာရသည်။ တောမီးများ မကြာခဏလောင်ကျွမ်းနေခြင်းကြောင့် တောမီးလောင်ကျွမ်းမှုအန္တရာယ်ကို လျှော့ချရန် ဦးစွာပြုလုပ်ရမည်ဖြစ်ကြောင်း၊ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရေးလမ်းစဉ်ကိုလည်း အမြန်ကူးပြောင်းကာ ရုပ်ကြွင်းလောင်စာအစား ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို ပြောင်းလဲအသုံးပြုရန် လိုအပ်လာကြောင်း၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုသည် ဂေဟစနစ်နှင့် လူနေမှုစနစ်များကို လိုက်လျောညီထွေဖြစ်ရေးဆောင်ရွက်နေသော လူသားများ၏ လုပ်ဆောင်နိုင်မှုစွမ်းရည်ထက် ကျော်လွန်နေကြောင်း၊ ထို့ကြောင့် တောမီးနှင့်ပတ်သက်သော စီမံခန့်ခွဲမှုသည် ယခုအခါ အရေးကြီးနေပြီဖြစ်ကြောင်း ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့ရှိ ဂေဟစနစ်နှင့် သစ်တောသိပ္ပံကျောင်းမှ အကြီးတန်းသုတေသနပညာရှင် ဟာမစ်ချ်ကလာ့ခ်က ပြောကြားခဲ့သည်။

AI နည်းပညာသုံး ကင်မရာများဖြင့် စောင့်ကြည့်ခြင်း၊ အပူကိုအာရုံခံနည်းစနစ်များအသုံးပြုခြင်း၊ ဂြိုဟ်တုများသုံး၍ တောမီးလောင်ကျွမ်းသည့်နေရာကိုရှာဖွေခြင်း စသည့်ခေတ်မီနည်းစနစ်များ အသုံးပြုလျက်ရှိသော်လည်း တောမီးလောင်ကျွမ်းသည့် နယ်မြေဧရိယာများလာသည့်အခါ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်မှုမရှိသေးသည်ကို တွေ့ရသည်။ သို့သော်လည်း တောမီးလောင်ကျွမ်းမှုအန္တရာယ်လျှော့ချရေးနှင့် ကြိုတင်ကာကွယ်ရေးသည် တောမီး၏ပြင်းထန်မှုနှင့် ဆုံးရှုံးမှုကိုလျှော့ချရာတွင် အလွန်ထိရောက်ကြောင်း စပိန်နိုင်ငံ Lleida တက္ကသိုလ်မှ သစ်တောအင်ဂျင်နီယာပါမောက္ခ ဗစ်တာရီကုတ်ဒီဒီရောက ပြောကြားခဲ့သည်။

တောမီးမလောင်ကျွမ်းမီ ကြိုတင်ကာကွယ်ခြင်းသည်သာ အကောင်းဆုံးနည်းလမ်းဖြစ်ပေသည်။ ကြိုတင်မကာကွယ်နိုင်၍ ဖြစ်ပေါ်လာသော ကြီးမားသည့်မီးလျှံများကို နှိမ်နင်းရန် ကြိုးစားသည့်အခါ နည်းပညာများ၊ မီးငြိမ်းသတ်ဗျူဟာများ ကြိုတင်သတ်မှတ်ထားရှိရေးမှာ ပို၍အရေးကြီးလာသည်။

တောမီးများငြိမ်းသတ်ရာတွင် မီးသတ်ကားများအသုံးပြုငြိမ်းသတ်ခြင်းကဲ့သို့ သမားရိုးကျနည်းလမ်းများက ယနေ့ခေတ်၏တောမီးငြိမ်းသတ်ရာတွင် လုံလောက်မှုမရှိတော့သဖြင့် လေယာဉ်များ၊ ဒရုန်းများကို မီးသတ်စီမံခန့်ခွဲမှုနည်းပညာများနှင့်ပေါင်းစပ်အသုံးပြုလာသည့်အခါ တောမီးလောင်ကျွမ်းမှုထိန်းချုပ်ရာတွင် အကျိုးရှိသည်ကို တွေ့ရှိရပေသည်။ ထို့ပြင် ကမ္ဘာတစ်ဝန်းရှိ တောမီးလောင်ကျွမ်းမှုများကို ဂြိုဟ်တုများဖြင့်ခြေရာခံပြီး မီးသတ်တပ်ဖွဲ့ဝင်များကိုကူညီပေးနေပြီဖြစ်သကဲ့သို့ တောမီးငြိမ်းသတ်ရေးဒရုန်းများကိုလည်း အာရုံခံကိရိယာများတပ်ဆင်ပြီး အဆိုပါဒရုန်းများက မီးငြိမ်းသတ်ရမည့်တည်နေရာကို ညွှန်ပြပေးနိုင်သဖြင့် မီးတောက်များ၏ပူပြင်းမှုအား၊ မီးခိုးပမာဏ၊ မီးခိုးငွေ့များကြားထဲမှ မီးတကယ်လောင်ကျွမ်းနေသော တည်နေရာစသည်တို့ကို အချက်အလက်အတိအကျ နီးပါးပုံဖော်ပေးနိုင်စွမ်းရှိကာ အဝေးမှအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်သည်။ ဒရုန်းများ၊ AI ကင်မရာများအကူအညီဖြင့် တောမီးလောင်ကျွမ်းနေသောတည်နေရာကို လျင်မြန်စွာသိရှိစေခြင်းသည် မီးကိုအချိန်မီငြိမ်းသတ်ရာတွင် များစွာအထောက်အကူဖြစ်စေသည်။ AI နည်းပညာများနှင့်ပေါင်းစပ်ထားသောကင်မရာများ၊ ဒရုန်းများကို အသုံးပြုခြင်းသည် မီးသတ်တပ်ဖွဲ့ဝင်များ တောမီးငြိမ်းသတ်ရာတွင် များစွာအသုံးဝင်ပြီး အထောက်အပံ့ဖြစ်စေသော်လည်း အားနည်းချက်မှာ အင်တာနက်လိုင်းချိတ်ဆက်မှုလိုအပ်ခြင်းဖြစ်သည်။ ထို့ကြောင့် အဆိုပါနည်းပညာမြင့် ကင်မရာနှင့်ဒရုန်းများကို အင်တာနက်လိုင်းမရနိုင်သော ဝေးလံခေါင်သီသောဒေသများတွင် အသုံးပြုရန်အတွက် ကန့်သတ်ချက်များရှိသည်။

၂၀၁၉ ခုနှစ်တွင် ဥရောပတိုက်အတွင်း သစ်တောဟက်တာပေါင်း ၄၁၀၀၀ ကျော်မီးလောင်ကျွမ်းခဲ့ရပြီး ၂၀၂၄ ခုနှစ်တွင် ဟက်တာပေါင်း ၇၈၀၀၀ ခန့်လောင်ကျွမ်းပျက်စီးသွားခဲ့ကာ ယခုနှစ် ဇွန်လထိ တောမီးကြောင့် သစ်တောဟက်တာပေါင်း ၁၉၀၀၀၀ ကျော် ပျက်စီးသွားခဲ့ရကြောင်း တောမီးလောင်ကျွမ်းမှုကို ကောက်ယူစာရင်းပြုစုထားသော the EU Science Hub ၏စစ်တမ်းများအရ သိရသည်။ ရာသီဥတုဖောက်ပြန်ကာ အပူချိန်မြင့်တက်လာလေ ပိုမိုပူပြင်းပြီး ပိုမိုခြောက်သွေ့လေလေဖြစ်သည့်အတွက် ၂၀၃၀ ပြည့်နှစ် ဥရောပအလယ်ပိုင်းသည် တောမီးလောင်ကျွမ်းမှုဒဏ်ကို အပြင်းအထန်ခံစားရလိမ့်မည်ဟု ရာသီဥတုဆိုင်ရာကျွမ်းကျင်သူများက ခန့်မှန်းထားသည်။

တောမီးများလောင်ကျွမ်းမှုများကြောင့် ဆုံးရှုံးသွားရသော သစ်တောဧရိယာ ဟက်တာပေါင်းများစွာကို အမြန်ပြန်လည်ရှင်သန်အောင် လုပ်ဆောင်ရန်အတွက် အချိန်အတိုင်းအတာတစ်ခု လိုအပ်မည်ဖြစ်သည်။ ထိုသို့သစ်တောဧရိယာများကို ပြန်လည်ထူထောင်ခြင်းမလုပ်ပါက ရာသီဥတုဖောက်ပြန်မှုသည် ယခုထက် ပိုမိုဆိုးရွားလာနိုင်သည်။ သစ်တောများပြန်လည်ထူထောင်ရေးကိုဆောင်ရွက်ရာတွင် အဓိကကျသည်မှာ ရာသီဥတုနှင့် မိုးခေါင်ရေရှားမှုဒဏ်ကို ခံနိုင်ရည်ရှိသော အပင်မျိုးစိတ်များကိုစိုက်ပျိုးခြင်းဖြစ်သည်။ မကြာခဏ တောမီးလောင်ကျွမ်းမှုများဖြစ်ပွားနေမှုကြောင့် သဘာဝဘေးများနှင့်လိုက်လျောညီထွေဖြစ်စေမည့် သစ်တောဂေဟစနစ်များလိုအပ်နေပြီဖြစ်ကာ နောင်အနာဂတ်တွင် တောမီးကြောင့် သစ်တောများဆုံးရှုံးမှုမဖြစ်စေရေးအတွက် ဖောက်ပြန်လာသည့် ရာသီဥတုအခြေအနေများကိုထည့်သွင်းစဉ်းစားပြီး သစ်တောဂေဟစနစ်ကို ပြန်လည်ထူထောင်သွားကြရမည်ဖြစ်သည်။ တောမီးလောင်ကျွမ်းမှုကြောင့် အပင်မျိုးစိတ်ပေါင်း ၂၅၀ ကျော်သည် ၎င်းတို့၏မူရင်းဒေသများ၌ ရှားပါးလာခဲ့ပြီး တောမီးလောင်ကျွမ်းမှုအကြိမ်ရေ ယခုထက်ပို၍ တိုးလာလျှင် ရှားပါးရုံသာမက မျိုးသုဉ်းလုနီးပါးဖြစ်လာနိုင်ခြေရှိကြောင်း အမေရိကန်နိုင်ငံဇီဝမျိုးစုံမျိုးကွဲများ စောင့်ကြည့်လေ့လာရေးသုတေသီများက ဆိုထားသည်။

သို့ဖြစ်ရာ တောမီးများလောင်ကျွမ်းမှုဖြစ်မလာစေရေး ကြိုတင်ကာကွယ်မှုများဆောင်ရွက်သင့်သကဲ့သို့ ဖြစ်ပွားလာပါကလည်း ကြိုတင်ကာကွယ်ရေးအစီအမံကောင်းများ၊ နည်းပညာများနှင့် တောမီးဘေးကာကွယ်ရေးအစီအမံများ ကြိုတင်စီမံချက်ရေးဆွဲထားသင့်သည်။ ထို့ပြင် တောမီးကြောင့်ပျက်စီးခဲ့သော သစ်တောဧရိယာများကိုလည်း အမြန်ပြန်လည်ထူထောင်နိုင်ရေး ဆောင်ရွက်သွားသင့်သည့်အပြင် သစ်တောများပြန်လည်ရှင်သန်ရေးအတွက် ဆယ်စုနှစ်ခန့်ကြာအချိန်ပေးပြီး အနီးကပ်စီမံခန့်ခွဲမှုများ ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်သည်။ သစ်ပင်ကိုသာ စိုက်ပျိုးပြီး ရှင်သန်ဖြစ်ထွန်းရေးအတွက် ဂရုစိုက်ပျိုးထောင်ရန်မေ့လျော့ထားလျှင် အနာဂတ်တွင်တောမီးလောင်ကျွမ်းမှုများ ပိုမိုတိုးလာနိုင်သည်ကိုလည်း သတိပြုသွားကြရန်လိုအပ်သည်။ သို့မှသာ တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောများအပါအဝင် ဇီဝမျိုးစုံမျိုးကွဲများ မပျက်သုဉ်းစေရေးအတွက် တောမီးဘေးကို လူသားအားလုံးက သက်ဆိုင်ရာကဏ္ဍအသီးသီးက ဝိုင်းဝန်းကာကွယ်ဆောင်ရွက်ကြရန်လိုကြောင်း ရေးသားအပ်ပါသည်။

**ကိုးကား**

- **Wildfires 2025 review: ASEAN reduces emissions, but haze persists**
- **Summer in Central Europe: Drought and fire to be expectedby Christine Forset-lund Solbakken**

# တနင်္ဂနွေနေ့ညကစားမဲ့ ဖီဖာကလပ်ကမ္ဘာ့ဖလား ဗိုလ်လုပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းကို အားပေးရမှာပါ

M L




တနင်္ဂနွေနေ့ညကစားမဲ့ ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်မှာတော့ ဥရောပထိပ်သီးကလပ်အသင်းနှစ်သင်းဖြစ်တဲ့ ပီအက်စ်ဂျီအသင်းနဲ့ ချဲလ်ဆီးအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေတာဖြစ်လို့ အကြိတ်အနယ်ရှိမှာ သေချာပါတယ်။ အခုနှစ် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲကို ပထမဆုံးအကြိမ် ပြိုင်ပွဲဝင်အသင်း ၃၂ သင်းနဲ့ ကျင်းပခဲ့တာဖြစ်လို့ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့တာကို တွေ့ရမှာပါ။ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်အနေနဲ့ ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲကို ၂၀၀၀ ပြည့်နှစ်က စတင်ကျင်းပခဲ့ပြီး ၂၀၀၁ ခုနှစ်ကနေ ၂၀၀၄ ခုနှစ်ထိ ပြိုင်ပွဲကို ဆက်လက်ကျင်းပနိုင်ခြင်း မရှိခဲ့ပါဘူး။ ၂၀၀၅ ခုနှစ်မှာတော့ နှစ်စဉ်ပုံမှန်အတိုင်း ကျင်းပခဲ့တာဟာ ၂၀၂၃ ခုနှစ်ထိဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဟာ ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်းအရေအတွက်တိုးချဲ့ပြီး လေးနှစ်တစ်ကြိမ်ကျင်းပဖို့ ဆုံးဖြတ်ခဲ့တာကို တွေ့ရမှာပါ။ လက်ရှိမှာ ရီးရဲလ်မက်ဒရစ်အသင်းက ချန်ပီယံဆုဖလားငါးကြိမ်နဲ့ အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေပါတယ်။ အခုပြိုင်ပွဲကို ဥရောပကလပ်အသင်း ၁၂ သင်း၊ တောင်အမေရိက ကလပ်အသင်း ခြောက်သင်း၊ အာရှကလပ်အသင်းလေးသင်း၊ အာဖရိက ကလပ်အသင်း လေးသင်း၊ မြောက်အမေရိက ကလပ်အသင်း လေးသင်း၊ သမုဒ္ဒရာပိုင်းဇုန်က တစ်သင်း၊ အိမ်ရှင်ကလပ်အသင်းဖြစ်တဲ့ မေဂျာလိဂ်ကလပ် အင်တာမီယာမီအသင်းတို့ ပါဝင်ကစားခွင့်ရခဲ့ပြီး လက်ရှိမှာ ပီအက်စ်ဂျီအသင်းနဲ့ ချဲလ်ဆီးအသင်းတို့သာ ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ပါတယ်။ ဗိုလ်လုပွဲမှာတော့ နှစ်သင်းစလုံး ကစားသမားကောင်းတွေ ပိုင်ဆိုင်ထားပေမဲ့ ပီအက်စ်ဂျီအသင်းက အသင်းလိုက်ကစားအားနဲ့ နည်းစနစ်ပိုင်း ပိုမိုကောင်းမွန်နေတာဖြစ်လို့ ပရိသတ်အကြိုက်တွေ့နေတာကို တွေ့ရမှာပါ။

## ပီအက်စ်ဂျီကို အားပေးရမှာပါ

ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်မှာ ထိပ်တိုက်တွေ့ဆုံခဲ့တာကတော့ ပရီးမီးယားလိဂ်ကလပ်ချဲလ်ဆီးအသင်းနဲ့ ပြင်သစ်လီဂူးကလပ် ပီအက်စ်ဂျီအသင်းတို့ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းက ဥရောပထိပ်သီးအသင်းတွေဖြစ်တာကြောင့် ထိပ်တိုက်တွေ့ဆုံမှု ရှစ်ကြိမ်ထိရှိခဲ့ပြီး ပီအက်စ်ဂျီအသင်းက သုံးပွဲနိုင်၊ လေးပွဲသရေ၊ ချဲလ်ဆီးအသင်းက တစ်ပွဲနိုင်ရလဒ်ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ နောက်ဆုံးတွေ့ဆုံခဲ့တာကတော့ ၂၀၁၆ ခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆ သင်းရှုံးထွက်အဆင့်မှာ ဖြစ်ပါတယ်။ အဲဒီအချိန်မှာတော့ ပီအက်စ်ဂျီအသင်းနဲ့ ချဲလ်ဆီးအသင်းတို့ဟာ ကစားသမားကောင်းတွေ ပိုင်ဆိုင်ခဲ့ကြတာကြောင့် တစ်ဖက်နဲ့တစ်ဖက်ပြိုင်ဆိုင်မှုပြင်းထန်ခဲ့ပေမဲ့ ပီအက်စ်ဂျီအသင်းက နှစ်ကျော့စလုံး နှစ်ဂိုးတစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာကို သတိပြုရမှာပါ။ ပထမအကျော့ ပီအက်စ်ဂျီအိမ်ကွင်းမှာတော့ အိမ်ရှင်အသင်းကပဲ ဘောလုံးပိုင်ဆိုင်မှု ၆၀ ရာခိုင်နှုန်းကျော်နဲ့ ထိရောက်တဲ့ ဂိုးပေါက်ခြိမ်းခြောက်မှုပိုမိုပြုလုပ်နိုင်ခဲ့ပြီး နှစ်ဂိုးတစ်ဂိုးနဲ့ နိုင်ပွဲရခဲ့ပါတယ်။ ဒုတိယအကျော့မှာလဲ ပီအက်စ်ဂျီအသင်းက အဝေးကွင်းသွားရောက် ကစားခဲ့ရပေမဲ့ ချဲလ်ဆီးအသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ထပ်မံကစားနိုင်ခဲ့ပြီး ပွဲစကတည်းက ဦးဆောင်ဂိုးသွင်းယူကာ ဖိအားပေးကစားခဲ့သလို ပြိုင်ပွဲပြီးဆုံးချိန်မှာလဲ နှစ်ဂိုးတစ်ဂိုးနဲ့ ထပ်မံအနိုင်ရခဲ့တာဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းဟာ အခုပြိုင်ပွဲကို အုပ်စု (B) မှာ ကစားရပေမဲ့ စပိန်ကလပ် အေတီကိုအသင်း၊ ဘရာဇီးကလပ် ဘိုတာဖိုဂိုအသင်း၊ မေဂျာလိဂ်ကလပ် ဆီတယ်ဆောင်းဒါးအသင်းတို့နဲ့ တစ်အုပ်စုတည်းကျရောက်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အခုပြိုင်ပွဲကို ဥရောပချန်ပီယံလိဂ်ဖလားရယူနိုင်ခဲ့တဲ့ ကစားသမားတွေအားလုံးခေါ်ယူခဲ့တာဖြစ်ပြီး ဂိုးသမားအဖြစ် ဒွန်နာရမ်မာ၊ ဆာဖိုနို့ဗ်၊ လာဗယ်လီ၊ တီးနက်စ်၊ ခံစစ်ပိုင်းမှာ ဟာကီမီ၊ ကမ်ဘက်ပီ၊ ဘာရယ်ဒို၊ မာကွင်ဟို၊ လူးကပ်ဟာနန်ဒက်ဇ်၊ မန်ဒက်၊ ဇာဂူး၊ ကာမာရာ၊ ဟန်နာ့ချ်၊ ပါချို၊ ကွင်းလယ်မှာ ဖေဘီယန်ရုဇ်၊ ဗီတင်ဟာ၊ ကန်အင်းလီ၊ ဂါဘရီရယ်၊ မေယူလူ၊ ဇိုင်ရီအမ်မရီ၊ နီဗက်စ်၊ တိုက်စစ်မှာ ကာဗာရက်ရှီလီယာ၊ ရာမို့စ်၊ ဒမ်ဘီလီ၊ ဒိုအီ၊ ဘာကိုလာ၊ အမ်ဘာရီတို့လို ကစားသမားတွေနဲ့ စုဖွဲ့ခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် ပီအက်စ်ဂျီဟာ အုပ်စုအဖွင့်ပွဲစဉ်မှာ အေတီကိုလိုကစားပုံမာကျောပြီး နည်းစနစ်ပိုင်းကောင်းတဲ့အသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ထိရောက်တဲ့ ဂိုးပေါက်ကန်းသွင်းမှု ၁၁ ကြိမ်ပြုလုပ်နိုင်ခဲ့ပါတယ်။ အဲဒီပွဲစဉ်မှာ သူတို့အသင်းဟာ အသင်းလိုက်ကစားပုံကောင်းခဲ့တာကြောင့် အေတီကိုအသင်း တန်ပြန်တိုက်စစ်ဆင်ဖို့တောင် အခွင့်အရေးမရခဲ့ဘဲ လေးဂိုးဂိုးမရှိနဲ့ နိုင်ပွဲရခဲ့ပါတယ်။ အုပ်စုဒုတိယပွဲစဉ်မှာတော့ ဘရာဇီးကလပ်ဘိုတာဖိုဂိုအသင်းနဲ့ ကစားခဲ့ရလို့ အေတီကိုနဲ့ပွဲစဉ်က ကစားသမားအများစုကို အနားပေးခဲ့တာကြောင့် မထင်မှတ်ဘဲ ဘိုတာဖိုဂိုရဲ့ တန်ပြန်တိုက်စစ်ကနေ ဦးဆောင်ဂိုးပေးလိုက်ရပြီး တစ်ဂိုးဂိုးမရှိနဲ့ ရှုံးပွဲကြုံခဲ့ပါတယ်။ အုပ်စုနောက်ဆုံးပွဲမှာ ဆီတယ်ဆောင်းဒါးအသင်းနဲ့ ကစားရတာကြောင့် အဘက်ဘက်က အသာရခဲ့ပြီး နှစ်ဂိုးပြတ်နဲ့ နိုင်ပွဲရခဲ့လို့ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးနဲ့ နောက်တစ်ဆင့်တက်ရောက်ခဲ့တာကို တွေ့ရမှာပါ။

၁၆ သင်းရှုံးထွက်အဆင့်မှာတော့ တိုက်စစ်မှူး မက်ဆီဦးဆောင်တဲ့ အင်တာမီယာမီအသင်းနဲ့ ကစားခဲ့ရပေမဲ့ တစ်ယောက်ချင်းစွမ်းဆောင်ရည်နဲ့ နည်းစနစ်ပိုင်းမှာ ပီအက်စ်ဂျီအသင်းကို ယှဉ်နိုင်ဖို့ အင်တာမီယာမီအသင်းလိုအပ်ချက်ရှိနေတာကြောင့် လေးဂိုးပြတ်နဲ့ ရှုံးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ကွာတားဖိုင်နယ်ရောက်သွားတဲ့ ပီအက်စ်ဂျီဟာ ဥရောပပြိုင်ဘက် ဘိုင်ယန်မြူးနစ်အသင်းနဲ့ ကစားခဲ့ရပြီး အကြိတ်အနယ်ရှိခဲ့ပေမဲ့ နှစ်ဂိုးဂိုးမရှိနဲ့ နိုင်ပွဲရခဲ့တာကို တွေ့ရမှာပါ။ ဆီမီးဖိုင်နယ်မှာတော့ အခုပြိုင်ပွဲမှာ အောင်မြင်မှုအများဆုံးရထားတဲ့ ရီးရဲလ်မက်ဒရစ်အသင်းနဲ့ တွေ့ခဲ့တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်မယ်လို့ထင်ရပေမဲ့ ပွဲစကတည်းက ပီအက်စ်ဂျီအသင်းက ဖိအားပေးနိုင်ခဲ့တာကြောင့် ပွဲချိန် ခြောက်မိနစ်နဲ့ ပွဲချိန် ကိုး မိနစ်မှာ ရီးရဲလ်မက်ဒရစ်ရဲ့ ခံစစ်ပိုင်းအမှားကနေ ဦးဆောင်ဂိုးတွေရခဲ့ပြီး လေးဂိုးဂိုးမရှိနဲ့ နိုင်ပွဲရခဲ့လို့ ဗိုလ်လုပွဲတက်ရောက်ခဲ့တာဖြစ်ပါတယ်။ ပီအက်စ်ဂျီအသင်းဟာ အခုပြိုင်ပွဲမှာ ကွင်းလယ်ပိုင်းက ဗီတင်ဟာ၊ ဖေဘီယန်ရုဇ်၊ တိုက်စစ်ပိုင်းက ဒိုအီနဲ့ ဒမ်ဘီလီတို့ရဲ့ ခြေစွမ်းပြနိုင်မှုကြောင့် ရလဒ်ကောင်းတွေ ရခဲ့တာဖြစ်ပြီး အထူးသဖြင့် ဒီကစားသမားတွေဟာ ထိပ်သီးကလပ်အသင်းတွေနဲ့ဆို ဂိုးသွင်းအားပိုကောင်းတာကို သတိပြုရမှာဖြစ်ပါတယ်။

ချဲလ်ဆီးအသင်းဟာ အခုပြိုင်ပွဲအုပ်စု (D) မှာ ဘရာဇီးကလပ် ဖလာမင်ဂို၊ တူနီးရှားကလပ် အက်စ်ပါရန့်၊ မေဂျာလိဂ်ကလပ် လော့အိန်ဂျလိစ်အသင်းတို့နဲ့ ကစားရတာကြောင့် ပွဲစဉ်ချောင်ခဲ့တယ်လို့ ဆိုရမှာပါ။ သူတို့အသင်းနည်းပြ မာရက်စ်ကာကတော့ ဂိုးသမားအဖြစ် ဆန်းချက်ဇ်၊ ဂျော်ဂျန်ဆန်၊ ပန်ဒါ့စ်၊ ဆလိုနီနာ၊ ခံစစ်ပိုင်းမှာ ကူကူရယ်လာ၊ အဒါရာဘီအိုယို၊ ဘာဒီယာရှီ၊ ကိုးဝဲလ်၊ မာမာဆား၊ ချာလိုဘတ်၊ ရိစ်ဂျိမ်း၊ ဂတ်စတို၊ အယ်ဆန်မင်နို၊ အာချမ်ပွန်၊ ကွင်းလယ်မှာ အန်ဇိုဖာနန်ဒက်ဇ်၊ ပယ်မာ၊ အက်ဆူဂို၊ ဆန်းတို့စ်၊ ဒူဘူရီဟော၊ ကာစီဒို၊ လာဗီယာ၊ တိုက်စစ်မှာ နက်တို၊ ဒီလက်ပ်၊ မက်ဒူခီ၊ဂျက်ဆန်၊ အန်ကူကူ၊ ဂျာအိုပက်ထရို၊ ဂျော့ဂျီ၊ ဂူယူတို့နဲ့ စုဖွဲ့ထားတာကို တွေ့ရမှာပါ။ ဒါကြောင့် ချဲလ်ဆီးအသင်း ကစားသမားစာရင်းကလဲ ပြိုင်ဘက်မရွေး တုံ့ပြန်ကစားနိုင်တဲ့အခြေအနေဖြစ်တာကို သတိပြုရမှာပါ။ သူတို့အသင်းဟာ အုပ်စုအဖွင့်ပွဲစဉ်မှာ လော့အိန်ဂျလိစ်နဲ့ ကစားရပေမဲ့ စွမ်းဆောင်ရည်ပိုင်းအသာ၊ နည်းစနစ်ပိုင်းအသာနဲ့ ကစားနိုင်ခဲ့လို့ နှစ်ဂိုးပြတ်နဲ့ အနိုင်ရခဲ့ပါတယ်။ ဒုတိယပွဲမှာတော့ ဖလာမင်ဂိုနဲ့ကစားရပေမဲ့ အရန်ကစားသမားအများစုနဲ့ပွဲထွက်ခဲ့တာကြောင့် မထင်မှတ်ဘဲ သုံးဂိုးတစ်ဂိုးနဲ့ ရှုံးပွဲကြုံခဲ့ပါတယ်။ အဲဒီပွဲစဉ်မှာ သူတို့အသင်းဟာ ပထမပွဲထွက်လူစာရင်းအားလုံးကို ပြောင်းလဲခဲ့လို့ ရလဒ်ဆိုးခဲ့တယ်လို့ဆိုရမှာပါ။ နောက်ဆုံးပွဲမှာတော့ အဓိကကစားသမားအစုံအလင်နဲ့ ပွဲထွက်ခဲ့သလို ပြိုင်ဘက်အသင်းကလဲ အက်စ်ပါရန့်အသင်းဖြစ်နေတာကြောင့် အဘက်ဘက်က ဖိအားပေးကစားနိုင်ခဲ့ပြီး သုံးဂိုးပြတ်နဲ့နိုင်ပွဲရခဲ့လို့ နှစ်ပွဲနိုင် တစ်ပွဲရှုံးနဲ့ ၁၆ သင်းအဆင့်ရောက်ခဲ့တာဖြစ်ပါတယ်။

၁၆ သင်းရှုံးထွက်အဆင့်မှာ ချဲလ်ဆီးအသင်းဟာ ဥရောပပြိုင်ဘက် ဘင်ဖီကာနဲ့တွေ့ခဲ့တာကြောင့် ပွဲကစားချိန်အတွင်း တစ်ဂိုးစီသရေကျခဲ့ပြီး နိုင်ပွဲရဖို့ ရုန်းကန်ရပေမဲ့ အချိန်ပိုပွဲကစားချိန်မှာ လူစားဝင်ကစားသမားတွေ ခြေစွမ်းပြနိုင်ခဲ့ပြီး သုံးဂိုးထိသွင်းယူနိုင်ခဲ့လို့ လေးဂိုးတစ်ဂိုးနဲ့ နိုင်ပွဲရခဲ့ပါတယ်။ ကွာတားဖိုင်နယ်အဆင့်မှာတော့ ဘရာဇီးကလပ် ပါမီးယက်စ်အသင်းနဲ့ ကစားခဲ့ရလို့ ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ကစားနိုင်ပြီး တောင်ပံတိုက်စစ်ကစားသမားတွေ ခြေစွမ်းပြနိုင်ခဲ့တာကြောင့် နှစ်ဂိုးတစ်ဂိုးနဲ့နိုင်ပွဲရခဲ့လို့ ဆီမီးဖိုင်နယ်ကို ရောက်ခဲ့တာဖြစ်ပါတယ်။ ဆီမီးဖိုင်နယ်မှာလဲ ဘရာဇီးကလပ် ဖလူမီနန်စီအသင်းနဲ့ တွေ့ဆုံခဲ့တာကြောင့် ပါမီးယက်စ်အသင်းနဲ့ ပွဲစဉ်ကလို အဘက်ဘက်ကအသာရခဲ့လို့ နှစ်ဂိုးပြတ်နဲ့ နိုင်ပွဲရခဲ့တာဖြစ်ပြီး ဗိုလ်လုပွဲတက်ရောက်ခဲ့တာကို တွေ့ရမှာပါ။ ချဲလ်ဆီးအသင်းဟာ အခုပြိုင်ပွဲမှာ အထောင်တိုက်စစ်ပိုင်း အားနည်းချက်ရှိပေမဲ့ ဂျာအိုပက်ထရိုပါဝင်လာတဲ့နောက်ပိုင်းမှာ တိုက်စစ်ပိုင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ခဲ့ပြီး ရလဒ်ကောင်းခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် ပွဲစဉ်တစ်လျှောက် သူတို့အသင်းတွေ့ဆုံခဲ့တဲ့အသင်းတွေကလဲ ဘင်ဖီကာအသင်းကလွဲရင် ကျန်အသင်းတွေက စုဖွဲ့မှုအားနည်းချက်တွေရှိခဲ့လို့ ပွဲစဉ်ချောင်ခဲ့တာကြောင့် ဗိုလ်လုပွဲရောက်ခဲ့တယ်လို့ဆိုရမှာပါ။

ချဲလ်ဆီးအသင်းဟာ ပွဲစဉ်တစ်လျှောက် ၄-၂-၃-၁ ကစားကွက်ကိုသာ ပုံမှန်အသုံးပြုခဲ့ပြီး ခံစစ်ပိုင်းအားနည်းချက် အနည်းငယ်ရှိခဲ့ပေမဲ့ အသင်းငယ်တွေနဲ့သာကစားခဲ့ရလို့ ပေးဂိုးနည်းခဲ့တာကို သတိပြုရမှာပါ။ အခုပွဲမှာတော့ ပီအက်စ်ဂျီအသင်းလို အသင်းလိုက်ခြေစွမ်းပိုင်းထက်မြက်နေတဲ့အသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။ လက်ရှိနှစ်သင်းစလုံးမှာ ထိပ်တန်းအဆင့် ကစားသမားတွေ ပိုင်ဆိုင်ထားပေမဲ့ ပီအက်စ်ဂျီအသင်းကတော့ ချဲလ်ဆီးအသင်း တိုက်စစ်နဲ့စာရင် အချိတ်အဆက်ပိုင်း ပိုကောင်းနေသလို အခုပြိုင်ပွဲတစ်လျှောက် အသင်းကြီးတွေနဲ့ ကစားခဲ့တဲ့ပွဲစဉ်မှာလဲ ပီအက်စ်ဂျီအသင်းက ပေးဂိုးမရှိဘဲ ဂိုးပြတ်နိုင်ပွဲရအောင် ကစားနိုင်ခဲ့တာဖြစ်လို့ အခုပွဲစဉ်မှာလဲ အဘက်ဘက်က သာလွန်နေတဲ့ ပီအက်စ်ဂျီအသင်းကိုပဲ အားပေးရမှာပါ။

### ပီအက်စ်ဂျီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ပီအက်စ်ဂျီ | ၀ | - | ၁ | ဘိုတာဖိုဂို |
| ဆီတယ်ဆောင်းဒါး | ၀ | - | ၂ | ပီအက်စ်ဂျီ |
| ပီအက်စ်ဂျီ | ၄ | - | ၀ | အင်တာမီယာမီ |
| ပီအက်စ်ဂျီ | ၂ | - | ၀ | ဘိုင်ယန်မြူးနစ် |
| ပီအက်စ်ဂျီ | ၄ | - | ၀ | ရီးရဲလ်မက်ဒရစ် |

### ချဲလ်ဆီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဖလာမင်ဂို | ၃ | - | ၁ | ချဲလ်ဆီး |
| အက်စ်ပါရန့် | ၀ | - | ၃ | ချဲလ်ဆီး |
| ဘင်ဖီကာ | ၁ | - | ၄ | ချဲလ်ဆီး |
| ပါမီးယက်စ် | ၁ | - | ၂ | ချဲလ်ဆီး |
| ဖလူမီနန်စီ | ၀ | - | ၂ | ချဲလ်ဆီး |

# စပိန်နိုင်ငံ ကတ္တလိုနီးယားဒေသတွင် တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဧက ၇၀၀၀ ကျော်ထိ မီးလောင်ပျက်စီးခဲ့



မက်ဒရစ် ဇူလိုင် ၁၁

စပိန်နိုင်ငံ ကတ္တလိုနီးယားဒေသတွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေပြီး တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဧက ၇၀၀၀ ကျော်ထိ မီးလောင်ပျက်စီးခဲ့ကြောင်း ကတ္တလိုနီးယား အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ဇူလိုင် ၁၀ ရက် သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဧက ၇၀၀၀ ကျော်ထိ ပျက်စီးခဲ့ပြီး အခြေခံအဆောက်အအုံတချို့လည်း တောမီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း၊ ကတ္တလိုနီးယားဒေသ တာရာဂိုနာဇရိယာတွင် တောမီးကူးစက်လောင်ကျွမ်းမှုမှာ လူနေအိမ်များဆီသို့ ရောက်ရှိနိုင်သည့်အခြေအနေဖြစ်သည့်အတွက် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရခြင်း ဖြစ်ကြောင်း၊ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင် ဦးရေ ၃၀၀ ကျော်ထိအသုံးပြုထားပြီး လေတိုက်နှုန်းမြင့်မားနေခြင်းကြောင့် တောမီးကူးစက်လောင်ကျွမ်းမှုအခြေအနေ ဆိုးရွားလာကြောင်း ကတ္တလိုနီးယား မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

"တာရာဂိုနာဒေသအနီးမှာ တောမီးကူးစက် လောင်ကျွမ်းနေပါတယ်။ လေတိုက်နှုန်းက တစ်နာရီ ကီလိုမီတာ ၉၀ နှုန်းနဲ့ တိုက်ခတ်နေတဲ့အတွက် တောမီးကူးစက်လောင်ကျွမ်းမှုက မြင့်တက်နေတာဖြစ်ပါတယ်။ တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဧက ၇၀၀၀ ကျော်ထိ ကူးစက် လောင်ကျွမ်းခဲ့ပါတယ်။ လူနေအိမ်တွေဆီကို ကူးစက်လောင်ကျွမ်းနိုင်တဲ့ အခြေအနေဖြစ်တဲ့အတွက် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့တဲ့ ဒေသခံတွေလဲ များပြားလာပါတယ်။ တောမီးကို အမြန်ဆုံး ထိန်းချုပ်နိုင်အောင်တော့ ကြိုးစားပေးနေပါတယ်"ဟု ကတ္တလိုနီးယား မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် အရေးပေါ်အဆင့်သတ်မှတ်ကြောင်း IMD ထုတ်ပြန်

နယူးဒေလီ ဇူလိုင် ၁၁

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် အရေးပေါ်အဆင့်သတ်မှတ်ကြောင်း အိန္ဒိယ မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာန (IMD) က ထုတ်ပြန်ခဲ့သည်ဟု ဇူလိုင် ၁၀ ရက် သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

နယူးဒေလီမြို့တွင် ရွာသွန်းနေသည့် မိုးရေချိန်မှာ ၆၀ မီလီမီတာထိမြင့်တက်နေပြီး မိုးရေချိန်မြင့်တက်နေခြင်းကြောင့် အချိန်တိုအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်နေကြောင်း၊ မိုးသည်းထန်စွာရွာသွန်းနေခြင်းကြောင့် လမ်းမကြီးတချို့ ရေလွှမ်းနေပြီး လေကြောင်းခရီးစဉ်တချို့ကိုလည်း ယာယီဆိုင်းငံ့ခဲ့ရကြောင်း၊ ရေလွှမ်းနေသည့် လမ်းမကြီးပေါ်ရှိ မော်တော်ယာဉ်တချို့ပိတ်မိနေခဲ့ပြီး ယာဉ်မောင်းတချို့ကိုလည်း ကယ်ဆယ်ရေးဝန်ထမ်းများက အရေးပေါ်အခြေအနေဖြင့် ကယ်ထုတ်ပေးခဲ့ရကြောင်း နယူးဒေလီကယ်ဆယ်ရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"နယူးဒေလီမြို့မှာ ဇူလိုင် ၉ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးတော့ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ပါတယ်။ မိုးရေချိန်ဟာ ၆၀ မီလီမီတာထိ မြင့်တက်နေပါတယ်။ ဖြစ်ရေလျှံတက်မှုတွေလဲ ဖြစ်ပေါ်နေပါတယ်။ မိုးရေချိန်မြင့်မားနေတဲ့အတွက် ရေကြီးရေလျှံမှုအခြေအနေကို အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ခဲ့တာဖြစ်ပါတယ်"ဟု အိန္ဒိယမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာန(IMD) မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ချီလီနိုင်ငံရှိ ရေခဲတောင်တန်းများ အပူချိန်မြင့်တက်မှုနှင့် ငလျင်လှုပ်ခတ်မှုများကြောင့် ပြိုကျနိုင်ခြေများနေ

ဆန်တီယာဂို ဇူလိုင် ၁၁

ချီလီနိုင်ငံရှိ ရေခဲတောင်တန်းများ အပူချိန်မြင့်တက်မှုနှင့် ငလျင်လှုပ်ခတ်မှုများကြောင့် ပြိုကျနိုင်ခြေများနေကြောင်း ချီလီတက္ကသိုလ်မှ ဘူမိဗေဒပညာရှင်များက ပြောကြားခဲ့သည်ဟု ဇူလိုင် ၁၀ ရက် သတင်းများအရ သိရသည်။



ချီလီနိုင်ငံရှိ ရေခဲတောင်တန်းများသည် နိုင်ငံတွင်း အပူချိန်မြင့်တက်မှုနှင့် မကြာခဏလှုပ်ခတ်နေသောငလျင်များကြောင့်ရေခဲတောင်တန်းများ ပြိုကျမှုအန္တရာယ်မြင့်မားနေကြောင်း၊ထို့သို့ရေခဲတောင်များ ပျက်စီးကာ ရေခဲပြင်နေ ဇီဝမျိုးစုံမျိုးကွဲများ၏ နေထိုင်ကျက်စားမှုဂေဟစနစ်ကို ခြိမ်းခြောက်နေကြောင်း တောင်အမေရိကထုတ် ဘူမိသိပ္ပံဂျာနယ်တွင် ဖော်ပြထုတ်ဝေခဲ့သော်လည်း ထိန်းသိမ်းကာကွယ်မှုများ ဆောင်ရွက်မှုအားနည်းခဲ့ခြင်းကြောင့် ရေခဲကန်များအရည်ပျော်ကာ စိမ့်ထွက်ခြင်း၊ ရေခဲတောင်များ အရည်ပျော်ခြင်းများအပြင် ရေခဲတောင်တန်းများ၏ဂေဟစနစ်များ တဖြည်းဖြည်းပြောင်းလဲလာကြောင်း ဘူမိဗေဒပညာရှင်များက ပြောကြားထားသည်။

ချီလီနိုင်ငံ ဘူမိဗေဒပညာရှင်များ၏ လေ့လာမှုများအရ ရေခဲမြစ် ၁၀ ခုခန့်တွင် ငလျင်များလှုပ်ခတ်ကာ အပူချိန်မြင့်တက်မှုကြောင့် ရေခဲဖုံးလွှမ်းမှု ထုထည်သည် တဖြည်းဖြည်းပါးလာကာ အချို့နေရာများတွင် ရေခဲထုမရှိသလောက်ဖြစ်နေကြောင်း၊ ရေခဲပြင်အောက်ခြေ ကြမ်းပြင်ကိုပင် မြင်ရသောနေရာများ ရှိသဖြင့် နောက်ပိုင်းတွင် ရေခဲတောင်တန်းများမှာ လုံးဝမရှိသလောက်ဖြစ်နိုင်ကြောင်း၊ ရေခဲဖုံးလွှမ်းနေသော ရေခဲတောင်များသာ ရေခဲများ ပျက်စီးပြိုကျလာပါက ရေခဲပြင်တွင် ကျက်စားသော ဇီဝမျိုးစုံမျိုးကွဲများ မျိုးသုဉ်းလာနိုင်ဖွယ်ရှိကြောင်း ချီလီတက္ကသိုလ်မှ ဘူမိဗေဒပညာရှင် ဗီးလစ်ယူဂလိုက်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# ပါကစ္စတန်နိုင်ငံတွင် မိုးရွာသွန်းမှုကြောင့် ရေကြီးမှုများဖြစ်ပေါ်ကာ လူဦးရေ ၉၀ ကျော်သေဆုံးပြီး ၁၅၇ ဦးဒဏ်ရာရရှိ

အစ္စလာမ်မာဘတ် ဇူလိုင် ၁၁

ပါကစ္စတန်နိုင်ငံတစ်ဝန်းတွင် မိုးရွာသွန်းမှုကြောင့် ရေကြီးမှုများ ဖြစ်ပေါ်ကာ လူဦးရေ ၉၀ ကျော် သေဆုံးပြီး ၁၅၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအေဂျင်စီ (NDMA)က ဇူလိုင် ၁၀ ရက်တွင် ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အမျိုးသား သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီ (NDMA) ၏အဆိုအရ ပါကစ္စတန်နိုင်ငံတွင် ဇွန် ၂၆ ရက်မှစပြီး ဇူလိုင် ၁၀ ရက်ထိ မိုးရွာသွန်းခဲ့ကာ ရေကြီးမှုများဖြစ်ပေါ်ခဲ့ပြီး လူများ သေဆုံးခဲ့ကြောင်း၊ သေဆုံးသူများထဲတွင် ကလေးငယ် ၁၈ ဦးလည်း ပါဝင်ကြောင်း၊ ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်တွင် သေဆုံးသူဦးရေ ၅၀ ကျော်ရှိသဖြင့် သေဆုံးမှု အမြင့်ဆုံးပြည်နယ်အဖြစ် သတ်မှတ်ခံခဲ့ရသည့်အပြင် ဒဏ်ရာရရှိသူဦးရေလည်း ၈၃ ဦးရှိကြောင်း၊ ခိုင်ဘာပက်ထန်ခါဝါပြည်နယ်နှင့် ဆင်ဒ်ပြည်နယ်တို့တွင်လည်း သေဆုံးသူဦးရေများပြီး ထိခိုက်ဒဏ်ရာရသူများရှိကြောင်း သိရသည်။

လက်ရှိတွင် ပါကစ္စတန်နိုင်ငံ အာဏာပိုင်များက မိုးရွာသွန်းမှု မရပ်တန့်သေးသဖြင့် ရေကြီးမှုဆိုင်ရာ သဘာဝဘေးသတိပေးချက်ကို ဆက်လက်ထုတ်ပြန်ထားပြီး ရေဘေးကိုရင်ဆိုင်နေရသော မြစ်ဝှမ်းဒေသများ၊ မြစ်ဝကျွန်းပေါ်ဒေသနှင့် မြေနိမ့်ပိုင်းဒေသများတွင် နေထိုင်သူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ



# ဗြိတိန်နိုင်ငံတွင် ယခုနှစ်အတွင်း တတိယမြောက်အပူလှိုင်းဖြစ်သန်းဖွယ်ရှိ

လန်ဒန် ဇူလိုင် ၁၁

ဗြိတိန်နိုင်ငံတွင် ယခုနှစ်အတွင်း တတိယမြောက်အပူလှိုင်း ဖြစ်သန်းဖွယ်ရှိနေကြောင်း Met Office က ထုတ်ပြန်ခဲ့သည်ဟု ဇူလိုင် ၁၀ ရက် သတင်းများတွင် ဖော်ပြထားသည်။

အပူလှိုင်းဖြစ်သန်းစဉ် အပူချိန်ပမာဏ ၃၂ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်သွားနိုင်ကြောင်း၊ အင်္ဂလန်နိုင်ငံနှင့် ဝေလနိုင်ငံတို့တွင် အပူချိန်မြင့်တက်မှုဆိုးရွားနိုင်ပြီး အပူလှိုင်းဖြစ်သန်းမည့် ကြာချိန်ကာလကိုလည်း ခန့်မှန်းရခက်ခဲကြောင်း၊ အပူချိန်မြင့်တက်မှုသည် ဇူလိုင် ၁၄ ရက်တွင် စတင်လာနိုင်ပြီး ရက်သတ္တပတ်ခန့်ကြာမြင့်သွားနိုင်ကြောင်း Met Office က ထုတ်ပြန်ခဲ့သည်။

"အပူလှိုင်းဖြစ်သန်းပြီး အပူချိန် မြင့်တက်လာနိုင်ကြောင်း Met Office က သတိပေးချက်ထုတ်ပြန်ထားပါတယ်။ အပူချိန်ပမာဏဟာ ၃၂ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်သွားနိုင်တယ်လို့လဲ သိရတယ်။ မြင့်တက်လာနိုင်တဲ့ အပူချိန်ပမာဏကြောင့် ကျန်းမာရေးလုံခြုံမှုကို ထိခိုက်နိုင်ပါတယ်။ အထူးသဖြင့် ခရမ်းလွန်ရောင်ခြည်ကြောင့် တော်တော်လေးကို သတိထားရမဲ့အခြေအနေဖြစ်ပါတယ်။ အပူချိန်မြင့်တက်လာချိန်မှာ ကျန်းမာရေးလုံခြုံမှုဆိုင်ရာ ညွှန်ကြားချက်တွေအတိုင်း လိုက်နာနေထိုင်သွားကြဖို့ တိုက်တွန်းအပ်ပါတယ်"ဟု UK Health Security Agency မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အပူချိန်မြင့်တက်လာချိန် အပူချိန်မြင့်တက်မှုနှင့် ဆက်စပ်သည့် ရောဂါဝေဒနာ ခံစားရသူများကို အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးနိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားကြောင်း UK Health Security Agency က ထုတ်ပြန်ခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)ပြည်ညောင်တို့ မှ ထုတ်လုပ်သော **ကြံ့**၊ **ဆင်နှစ်ကောင်**၊ **Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား




စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀ ၂၆၇၀

သဘာဝအစစ်ရဲ့ အရသာထူး စိတ်နှင့်ကြည်နူး ....

ရွှေဖီဦး BLACK TEA (နောက်တရား)ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူး လျက်ရှိပါသည်။

ရွှေဖီဦး

(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး




ပင်ရင်းအရောင်းဌာန-ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

(၁၇) ကြိမ်မြောက် 5 Digits အွန်လိုင်းထီရဲ့ Jackpot ဆုကံထူးရှင်ကြီး ပေါ်ပေါက်ပါသဖြင့် (၁၀) ကြိမ်မြောက် Jackpot ဆုကြီးသည်

ကျပ်သိန်း (၁၀၀၀)

အထိ တိုးမြှင့်သွားပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်

Call Center 777 (or) 09 677 000 777

*117# ကိုခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေ အွန်လိုင်းထီ ထံဝယ်လို့ ရပါပြီ

## အမည်ပြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ မဟာဂန္ဓာရုံ ဘက(၁)ဘုန်းတော်ကြီးသင် ပညာရေးအထက်တန်းကျောင်းခွဲ၊ Grade–11 တွင် ပညာသင်ကြားနေသော ဦးဇော်မင်းနိုင်၏သား မောင်ခွန်အာကာဖြိုးအား မောင်ဇေယျာလင်းနိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဇေယျာလင်းနိုင်

## အဖိုးတန် ရေချိုကို ချွေတာပါ

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခနိလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အလက(၂၆)၊ Grade–4 တွင် ပညာသင်ကြားနေသော မောင်ရဲလင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးသဲအောင်ဖြစ်ပါကြောင်း။

ဦးသဲအောင်(၉/ပကခ(နိုင်)၀၇၈၆၀၂)

## အမည်ပြောင်း

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နေ ဦးမြတ်အောင် + ဒေါ်ယမင်းခင်တို့၏သမီး ချန်ပီယံကိုယ်ပိုင်မူလတန်းကျောင်း၊ Grade–4 တွင် ပညာသင်ကြားနေသော မတုန်တုန်ချစ်အား မခင်စန်းဦးဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မခင်စန်းဦး

## အမည်ပြောင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်နေ ဦးကျော်မျိုးထွန်း၏သား မောင်ထက်မြက်ကျော်အား မောင်ကောင်းခန့်ကျော်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ကောင်းခန့်ကျော်

## အမည်ပြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ PEC Private School၊ Grade–3 တွင် ပညာသင်ကြားနေသော (ဘ) ဦးလီရှောက်ယွင်၏သမီး မလီယွေးစင်းအား အိမ်ထောင်စုလူဦးရေစာရင်းအရ မထက်ထက်စိုးဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မထက်ထက်စိုး

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေးဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ပြည်နယ်အရေး၊ လူမျိုးစုအရေးဟူသည် ခေါင်းစဉ်များဖြင့် လက်တစ်ဆုပ်စာလူတစ်စု၏ ကိုယ့်အကျိုးအတွက်ကို ရှေ့တန်းတင်နေသရွေ့ ဒေသခံပြည်သူများ၏ ဘဝများပင် ထိခိုက်နစ်နာနေရဦးမည်ဖြစ်...**

❖ **ထိုကဲ့သို့ ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေး လိုအပ်သည့် ကာကွယ်စောင့်ရှောက်မှုများကို ပေးရမည်မှာ မိမိတို့တပ်မတော်၏ တာဝန်ပင်ဖြစ်...**

❖ **ကမ္ဘာ့မည်သည့်လူ့အဖွဲ့အစည်းကမျှ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကို လက်ခံထားခြင်းမရှိသောကြောင့် မိမိတို့နိုင်ငံတွင်လည်း အမြစ်စွဲမှုမရှိအောင် တားဆီးကာကွယ်သွားကြရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ပြုလုပ်သော တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၅ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား





ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၅ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၁၁**

၂၀၂၅ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်နေပြည်တော်ရှိမင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ အထိမ်းအမှတ်အခမ်းအနားကျင်းပရေးဗဟိုကော်မတီနှင့်ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ဝန်ကြီးဌာနများနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ကုလသမဂ္ဂက **စာမျက်နှာ ၂၀ ကော်လံ ၁** ☆

